မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇူလိုင် ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၄၅)၊ အမှတ် (၂၇၅)

မေတ္တာတန်ဖိုးနှင့် မေတ္တာတန်ခိုးများ (အမှတ်စဉ်-၅)
မေတ္တာသည် ဒါန၊ သီလ၊ ဘာဝနာ၊ ပညာ

မေတ္တာသည် ဒါနနှင့် သီလ အပေါင်းမျှသာ မဟုတ်

မေတ္တာကိုယ်၌ပင်၊ ဘာဝနာတစ်မျိုးဖြစ်သည်။

ဘာဝနာ၏ရလဒ်ကား ပညာတည်း။

ထို့ကြောင့် မေတ္တာသည် ဒါန၊ သီလ၊ ဘာဝနာ၊ ပညာ မည်၏။

(သာသနာရေး)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗင်နီဇွဲလားဘိုလီဗာရီယန်နိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၅

၂၀၀၆ ခုနှစ် ဇူလိုင် ၅ ရက်တွင် ကျရောက်သော ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတနိုင်ငံ၏ နှစ်ပတ်လည်လွတ်လပ်ရေးနေ့၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗင်နီဇွဲလားဘိုလီဗာရီယန်သမ္မတ မစ္စတာ ဟူဂို ရှာဗက်ဇ် ဖရေးယပ်စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပေးအပ်လှူဒါန်း

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး ကလေးမြို့နယ် စခန်းကြီး စံပြကျေးရွာအတွက် ရုပ်မြင်သံကြားပြစက်တစ်လုံးကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

တိုင်းမှူးဗိုလ်ချုပ်သာအေး ကလေးခရိုင်နှင့်ဂန့်ဂေါခရိုင် ဖွံ့ဖြိုးရေးစစ်ဆေး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဇူလိုင် ၄

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၂၄ ရက် နံနက်ပိုင်းက ကလေးမြို့နယ်၌ကျင်းပသည့် စခန်းကြီး စံပြကျေးရွာ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ ကလေးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မျိုးမြင့်နှင့် တာဝန်ရှိသူများကအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းမှူးက မှတ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❐

မြန်မာ့အလင်း

ကမ္ဘာ့ဖလား သတင်းဂယက် အညွှန်း



၂၀၀၆ ကမ္ဘာ့ဖလား
အကောင်းဆုံးလူငယ်ကစားသမားဆုကို
ဖီဖာက ရွေးချယ်မည်ဖြစ်ရာ
လောလောဆယ်တွင် ပေါ်တူဂီတောင်ပံ
တိုက်စစ်မှူးလေး စီရိုနယ်ဒို (ယာ) နှင့်
ဂျာမနီတိုက်စစ်မှူးလေး ပိုဒေါစကီး (ဝဲ) တို့
နှစ်ဦးအား ဖီဖာက မျက်စိကျလျက်ရှိ။

မောင်မောင်မြင့်ဆွေ၏ ကမ္ဘာ့ဖလားဒုတိယအကြိုဗိုလ်လုပွဲစဉ်၏ နောက်ဆုံးသတင်းများ (စာ-၁၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇူလိုင် ၅ ရက်)

ကုန်ထုတ်လုပ်မှုတိုးတက်ရေး အကျိုးတူပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အစိုးရချည်းမဟုတ်ဘဲ အဓိကကျသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များက ပါဝင်စွမ်းဆောင်ကြရမည်ဖြစ်သည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်မှ စက်ရုံ၁၁ရုံကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားရန် စီစဉ်ဆောင်ရွက်နေသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အောက်ရှိ စက်ရုံများမှ အရည်အသွေးကောင်းသော လူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်နှင့်ဆေးဝါးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ စာရေးစက္ကူနှင့် ဆက်စပ်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ပေးလျက်ရှိသည်။

စက်ရုံများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်က စက်ရုံ၏ ၅၁ရာခိုင်နှုန်းကို ထည့်ဝင်မည်ဖြစ်ပြီး ၄၉ရာခိုင်နှုန်းကို အများပြည်သူများအား ရှယ်ယာခေါ်ယူ၍ ရောင်းချသွားမည်ဖြစ်သည်။ အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် စက်ရုံများ၏အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုကို နိုင်ငံတော်နှင့် ပုဂ္ဂလိက မျှတစွာ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်သည်။

ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရာ၌ ရှယ်ယာထည့်ဝင်သူတိုင်း ဝင်ရောက်ယှဉ်ပြိုင် ရွေးချယ်ပိုင်ခွင့်ရှိပြီး ဒါရိုက်တာအဖွဲ့ကိုလည်း တစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်မည်ဖြစ်သည်။ ကနဦး ရှယ်ယာ တစ်ခု၏တန်ဖိုးကို ငွေကျပ်တစ်သန်းသတ်မှတ်ပြီး ယင်းရှယ်ယာတန်ဖိုးကို တစ်နှစ်တစ်ကြိမ် ပြန်လည် တွက်ချက် သတ်မှတ်မည်ဖြစ်သည်။ ရှယ်ယာများကို ရောင်းချခွင့်နှင့် လွှဲပြောင်းနိုင်ခွင့်ရှိကြောင်း သိရသည်။

အကျိုးတူပူးပေါင်းဆောင်ရွက်မှု သက်တမ်းကို အနည်းဆုံး ၁၀နှစ် သတ်မှတ်ထားသည်။ လိုအပ်ပါက သက်တမ်းတိုးနိုင်သည်။ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းတည်ထောင်ရာတွင် သင်းဖွဲ့စည်းမျဉ်း များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး သင်းဖွဲ့စည်းမျဉ်းများကိုလည်း ရှယ်ယာရှင်များနှင့် ပူးပေါင်း ရေးဆွဲသွားမည် ဖြစ်ကြောင်းသိရသည်။

နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်အတွက် လိုအပ်သော ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေး ဥပဒေနှင့်အညီ လုပ်ငန်းများမှန်မှန်ကန်ကန်ဆောင်ရွက်

ရန်ကုန် ဇူလိုင် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် ယမန်နေ့ မွန်းလွဲပိုင်းက ရန်ကုန်မြို့ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ အစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာန ရန်ကုန်တိုင်းနှင့်ဌာနခွဲ များရှိ အရာထမ်းများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ယင်းသို့တွေ့ဆုံရာသို့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ ပြည်တွင်း အခွန်များဦးစီးဌာန တိုင်း၊ ခရိုင်၊ မြို့နယ် အခွန်ဦးစီးဌာနမှူးများနှင့် ဌာနခွဲ တာဝန်ခံများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဌာနခွဲအလိုက် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ဝန်ထမ်းအားလုံးသည် နိုင်ငံတော်၏ ရည်မှန်းချက်များ၊ ဌာန၏ ရည်မှန်းချက်များ ပြည့်မီကျော်လွန်စေရေးအတွက် ဥပဒေနှင့်အညီ လုပ်ငန်းများကို စနစ်တကျ မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန်လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် မှာကြားသည်။

ဆက်ဆံရေးချိုသာ

ညနေပိုင်းတွင် ဝန်ကြီးသည် မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်သို့ ရောက်ရှိစစ်ဆေးပြီး**(အပေါ်ပုံ)** အစည်းအဝေးခန်းမ၌ ဌာနခွဲတာဝန်ခံအရာထမ်းများအား တွေ့ဆုံ၍ နိုင်ငံခြားဘဏ်လုပ်ငန်း ဆောင်ရွက်မှုများ ထိရောက်ထက်မြက်စေရေး၊ ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများနှင့် ဆက်ဆံရာ တွင် ချိုသာပြေပြစ်မှုရှိရေးတို့ကို မှာကြားသည်။

အထူးကြိုးစား

ဆက်လက်၍ ဝန်ကြီးသည် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်သို့ ရောက်ရှိကြည့်ရှု စစ်ဆေးပြီး အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများအား ဘဏ်လုပ်ငန်းဆောင်ရွက်ကြရာတွင် စနစ်တကျ မှန်ကန်လျင်မြန်စွာ အထူးကြိုးစားဆောင်ရွက်ကြရန် အကျယ်တဝင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၅-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၁၅ ၄။ ကျန်းမာရွှင်လန်း ယောဂအစွမ်း
- ၇:၂၀ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၆။ မြန်မာသံစဉ်ချိုနှားဝင်
- ၇:၄၅ ၇။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၅:၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၄။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နန်းတွင်းရတနာ"** (အပိုင်း-၅၇)
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သတ္တိဗျတ္တိ"** (အပိုင်း-၁၀)

၆-၇-၂၀၀၆ရက်နေ့ နံနက်ပိုင်း

- ၀၁:၃၀ ၁။ FIFA WORLD CUP 2006 (Semi-Final) ဘောလုံးပွဲ "Portugal Vs France" (Live)

အောင်စကြာဆရာတော် တရားတော်ချီးမြှင့်မည်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာတိုက်ကျောင်း ဦးစီးပဓာန နာယက မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဘဒ္ဒန္တစန္ဒသူရိယ အောင်စကြာဆရာတော်သည် ဝါဆိုလဆန်း ၁၄ရက် (ဇူလိုင် ၈ရက်)ညတွင် အလုံမြို့နယ် ကွင်းကျောင်းပရိယတ္တိစာသင်တိုက် ဓမ္မဗိမာန်တွင်လည်းကောင်း၊ ဝါဆိုလပြည့် (ဇူလိုင် ၉ရက်)မှ စ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်း ဥပုသ်နေ့တိုင်း ရွှေတိဂုံရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်း တန်ဆောင်း၌ မွန်းလွဲ ၁နာရီမှစ၍ နိဗ္ဗာန်ရောက်ရေးနည်းလမ်းပေး တရားတော်များကို ဟောကြားပြသတော်မူမည်ဟု သိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၇-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

၇:၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅	အသက်ရာရှည်ကြောင်း ကိုယ်တွေ့နည်းလမ်းကောင်း
၇:၁၅	တေးဂီတအစီအစဉ်
၇:၂၀	သံဓာတ်အားတွေ ဖြည့်ဆည်းပေး ဆေးတောင့်နီနီလေး
၇:၃၅	ပြည်တွင်းသတင်းအကျဉ်း
၇:၄၅	တေးဂီတအစီအစဉ်
၇:၅၀	သံချည်သံကွေးအတတ်ပညာ (အပိုင်း-၂)
၈:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈:၀၅	တေးဂီတအစီအစဉ်
၈:၁၀	သင်ယူစရာပန်းချီပညာ (အခြေခံရေးဆွဲနည်း)
၈:၃၀	တေးဂီတအစီအစဉ်
၈:၃၅	သဘာဝကပေးတဲ့ အကျိုးအာနိသင် (စုမွန်ထွေး၊ပြည့်ဖြိုးခိုင်)
၈:၅၀	မိုးလေဝသခန့်မှန်းချက်
၈:၅၅	တေးဂီတအစီအစဉ်
၉:၀၀	ကမ္ဘာ့ဖလားနှင့်သူတို့အမြင် (အားကစားကလောင်ရှင် ဦးဖေသိန်း၊ ဦးနေမျိုးသူရ၊ ဦးပြည့်ဖြိုးဟန်)
၉:၁၅	တေးဂီတအစီအစဉ်
၉:၂၀	အရသာတစ်မူထူးခြား ကိုရီးယားအစားအစာများ (ရေညှိထမင်းလိပ်၊ပဲခေါက်ဆွဲ)
၉:၃၀	ပြည်တွင်းသတင်းအကျဉ်း
၉:၄၀	တေးဂီတအစီအစဉ်
၉:၄၅	နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊ဆုမြတ်မွန်)
၁၀:၁၀	အကအစီအစဉ်
၁၀:၁၅	Myanmar Video Rhythm
၁၁:၀၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁:၁၀	တေးဂီတအစီအစဉ်
၁၁:၁၅	မြန်မာစာ မြန်မာစကား(၄)
၁၁:၃၅	တေးဂီတအစီအစဉ်
၁၁:၄၀	သွားအကြောင်းသိကောင်းစရာ (အပိုင်း-၁)
၁၂:၀၀	MRTV-4 အပိတ် Logo

အထက်ပါ‌ငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

စာသင်တိုက်ကြီးများသို့ ဗလာစာအုပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၄

၁၉၉၄ခုနှစ်မှစ၍ လှူဒါန်းခဲ့သည့် အစဉ်အလာအတိုင်း နာယကဆရာတော်များ ဖြစ်ကြသော ပဲခူးတိုင်း ပြည်မြို့ သီတာရုံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကောဝိဒ၊ ရန်ကုန်တိုင်း သာကေတမြို့ အဘယာရာမကျောင်းတိုက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဓမ္မာစရိယ ဘဒ္ဒန္တသောဘဏ၊ မန္တလေးတိုင်း အနောက်ခင်မကန်ကျောင်း ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဓမ္မာစရိယ ဘဒ္ဒန္တနာရဒနှင့် ဆရာကြီး ဦးစန်းမောင်(ဇီဝဖလ)ဦးစီးသော သာသနာ့မာမက ဓမ္မရက္ခိတ အကျိုးဆောင် အလှူရှင်များသည် ဇူလိုင် ၉ရက်မှစ၍ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအတွင်းရှိ စာသင်တိုက်ကြီးများသို့ ဗလာစာအုပ်များကို (၁၃)ကြိမ်မြောက် လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

❒ ရှေ့ဖုံးမှ

ယင်းနောက် တိုင်းမှူးသည် ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းသို့လည်းကောင်း၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးသို့လည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနသို့ ကလေးမြို့မှ အထူးကုဆရာဝန်ကြီးများက ဒေသခံပြည်သူများအား ကျန်းမာရေးစစ်ဆေးကုသပေးမှု အခြေအနေများကိုလည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် စခန်းကြီးစံပြကျေးရွာ ကျေးလက်ခန်းမသို့ တက်ရောက်အားပေးပြီး တိုင်းမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြား၍ ကျေးရွာအတွက် ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဗွီစီဒီ စက်တစ်လုံး၊ ကက်ဆက်တစ်လုံး၊ ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်း စိမ်းဝတ်စုံများ၊ မဂ္ဂဇင်း၊ ဂျာနယ်နှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းမှူးသည် အဆိုပါ စံပြကျေးရွာရှိ သုခိတာရုံကျောင်းတိုက် ဆရာတော် ဦးသာဂရအား သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများအား ဆက်ကပ်လှူဒါန်းသည်။

လိုအပ်သည်များမှာကြား

ထိုမှတစ်ဆင့် တိုင်းမှူးသည် ကလေးမြို့နယ် ကျောက်ကာကျေးရွာ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးပြီး ကလေးမြို့ အစိုးရ နည်းပညာကောလိပ် ဆောက်လုပ်နေမှု အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် တိုင်းမှူးသည် ကလေးခရိုင် ခြံစည်းရိုးကြက်ဆူပင်အထူးဇုန် (၂) ဆည်တာကျေးရွာအနီးတွင် ကျင်းပသည့် ကလေး/ကျီးကုန်း တပ်နယ် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်ကြ၍ ခြံစည်းရိုးကြက်ဆူပင်ကို စတင် စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

တက်ရောက်အားပေး

ထိုမှတစ်ဆင့် တိုင်းမှူးသည် ဂန့်ဂေါမြို့နယ် တောင်ခင်ရန်းကျေးရွာ စပါးခွဲခွာတ်ငွေ့သုံးလျှပ်စစ်ခွာတ်အားပေးစက်ရုံ၊ ဆန်စက်နှင့်ဆီစက်တို့အားလည်းကောင်း၊ တောင်ခင်ရန်း စိုက်ကွင်းသို့လည်းကောင်း လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တမူးခရိုင် တမူးမြို့အဝင်၌ ကျင်းပသည့် မြို့နယ်ဌာန ပေါင်းစုံ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အားပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် ခမ်းပါတ်မြို့နယ် ထင်းဇင်ရွာအနီး၌ ကျင်းပသည့် ခမ်းပါတ်မြို့နယ် စုပေါင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့လည်းကောင်း၊ တဲလုတ်ကျေးရွာအနီးကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲသို့လည်းကောင်း တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေး၍ တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်ဆေကိန္ဒ အထူးတရားပွဲ

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၆)ရပ်ကွက် ကေတုမတီလမ်းရှိ (၆)ရပ်ကွက်လုံးဆိုင်ရာ ဗဟိုဓမ္မာရုံတော်ကြီး၌ ဆရာတော် အရှင်ဆေကိန္ဒ၏ သောတပန် ဆီအလှူတော် အထူးတရားပွဲကို ဇူလိုင် ၇ ရက်(သောကြာနေ့) ည ၇နာရီတွင် ကျင်းပမည်ဖြစ်ရာ တရားနာကြွရောက်ကြပါရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

ကျိုင်းတုံမြို့နယ် တောင်ပေါ်ကျေးရွာ ငါးအုပ်စု ခြံစည်းရိုးကြက်ဆူပျိုးပင်ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၄

ကျိုင်းတုံမြို့နယ် တောင်ပေါ်ကျေးရွာငါးအုပ်စု လက်ဖက်နှင့် ခြံစည်းရိုးကြက်ဆူပျိုးပင် ပေးအပ်ပွဲနှင့် စုပေါင်းစိုက်ပျိုးပွဲကို ဇွန်၂၁ရက် နံနက်၉နာရီက ကျိုင်းတုံမြို့နယ် ကျိုင်းတုံ-မိုင်းခုတ်ကားလမ်း မိုင်တိုင်အမှတ် ၂၅ရှိ အာမုဒေကျေးရွာ စံပြစိုက်ခင်း၌ ကျင်းပသည်။ အခမ်းအနားသို့ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ(အရှေ့ပိုင်း) ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တပ်မတော် အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တောင်ပေါ်ကျေးရွာ ငါးအုပ်စုမှ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ တိုင်းမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် ဒေသတွင်း မိုးစပါး၊ နွေစပါး တိုးချဲ့စိုက်ပျိုးရေးအပြင် လက်ဖက်နှင့် ကြက်ဆူပင်များကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရေး အကျယ်တဝင့် ရှင်းလင်း အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးက တောင်ပေါ်ကျေးရွာငါးအုပ်စုတွင် စိုက်ပျိုးရန်အတွက် လက်ဖက်ပျိုးပင် ၃၅၀၀၀နှင့် ခြံစည်းရိုးကြက်ဆူပျိုးပင်၁၉၀၀၀ အပါအဝင် ကောက်ညှင်းဆန်အိတ် ၄၀နှင့် အိမ်သုံးဆေးဝါးများကို ထောက်ပံ့ပေးအပ်ရာ ကျေးရွာ ကိုယ်စားလှယ်များက အသီးသီး လက်ခံယူကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက်တိုင်းမှူးက လက်ဖက်ပင်နှင့် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများတွင် စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသူများ၏ လေ့ကားထစ်လက်ဖက်စိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းအတွင်း လက်ဖက်နှင့် ကြက်ဆူပျိုးပင်များ စုပေါင်းစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် နမ့်အင်းကျေးရွာအုပ်စု ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်၌ ကြက်ဆူပျိုးပင် ၉၁၅၀ ရှင်သန်ဖြစ်ထွန်းမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ကြိုးပမ်းဆောင်ရွက်

ယင်းနောက် တိုင်းမှူးသည် အာမုဒေကျေးရွာ ယာယီရှင်းလင်းဆောင်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ အာမုဒေကျေးရွာ ဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး စံပြကျေးရွာအဖြစ် အဆင့်တိုးတက်မြင့်မားရေးအတွက် ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းဆောင်ရွက်ကြရေးမှာကြားပြီးလိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(က-ပ)**

နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး ဦးဉာဏ်ဝင်း ဗင်နီဇွဲလားဘိုလီဗာရီယန်နိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

နေပြည်တော် ဇူလိုင် ၅

၂၀၀၆ခုနှစ် ဇူလိုင်၅ရက်တွင် ကျရောက်သော ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ၏ နှစ်ပတ်လည် လွတ်လပ်ရေးနေ့၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဗင်နီဇွဲလား ဘိုလီဗာရီယန်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာ အာလီ ရိုဒရီဂိုထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြု ရွှေနိုင်ငံဂျာနယ် အတွဲ(၅) အမှတ်(၄) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၄

ရွှေနိုင်ငံဂျာနယ် အတွဲ(၅)၊ အမှတ် (၄)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် စောမုံညင်း၊ တက္ကသိုလ်မြတ်သူ၊ တက္ကသိုလ်တင်ခ၊ ဇော်ဗိုလ်၊ ရဲဘော်စိုးဝင်းလှိုင်၊ ခင်လယ်လယ်ချစ်(မြန်/ဂုဏ်)၊ ကြက်ခြေနီ ကြည်ကြည်၊ ဖိုးထွေး(စိုက်ပျိုးရေး)၊ အောင်ချိန်ဘွားတို့၏ မှတ်ဖွယ်မှတ်ရာ ဆောင်းပါးများ၊ ဒေါက်တာစိုးသိန်း(ငပုတော) ၏ကဗျာ၊ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများ၏ နယ်မြေဖွံ့ဖြိုးရေး၊ စည်းရုံးရေး ဆောင်ရွက်မှု သတင်းများ၊ နိုင်ငံတကာဖြစ်ရပ်သတင်းများ စုံလင်စွာ ဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်ဂေါက်အသင်း၌ တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန် ဂေါက်အသင်း(တညင်းကုန်း)တွင် ဇွန်၂၉ရက် မွန်းလွဲ ၂နာရီက ကစားဖော်များဖြစ်သော ဦးမျိုးအောင်၊ ဦးဆန်းမင်း၊ ဦးခင်ဇော်၊ ဦးသောင်းထိုက်နှင့်အတူ ဂေါက်သီးရိုက်ကစားရာ ဦးကျော်တင့်သည် ကျင်းအမှတ် (၄) ကိုက်၁၆၀အကွာမှ XX 10 ဘောလုံးအား Callaway Wood 5 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်းသိရသည်။ **(က-ပ)**

မဟာစည်ဆရာတော်ကြီး၏ သက်တော်(၁၀၂)နှစ်ပြည့် ပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ (ချမ်းမြအောင်စည်ဆရာတော်ကြီး) အမှူးပြုသော ဝါဆိုသံဃာတော်အပါး ၁၅၀ အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလပြည့်နေ့ ဇူလိုင် ၉ ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင်ကျင်းပမည်ဖြစ်သည်။

၁၃၆၈ ခုနှစ် ဝါဆိုလပြည့်ကျော် ၃ ရက် (ဇူလိုင် ၁၂ ရက်) ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ၌ ရွှေတိဂုံစေတီတော်ကြီးတွင် မဟာစည်ဆရာတော်ကြီး၏ သက်တော်(၁၀၂)နှစ်ပြည့် ဂုဏ်ကျေးဇူးတော်တို့ကိုရည်စူး၍ ညလုံးပေါက် မီးပူဇော်ခြင်းနှင့် ပန်း၊ ဆီမီး၊ ရေချမ်းများကို ဆက်ကပ်လှူဒါန်းပူဇော်ကြမည်ဖြစ်သည်။ အလှူရှင်များအနေဖြင့် ဗုဒ္ဓသာသနနုဂ္ဂဟအဖွဲ့ချုပ် ဟိတေသီအဖွဲ့၊ အမျိုးသမီးယောဂီစောင့်ရှောက်ရေးအဖွဲ့များတွင် လှူဖွယ်ပစ္စည်းများကို ကြွရောက် လှူဒါန်းကြရန် ဖိတ်ကြားနိုးဆော်ထားသည်။ **(က-ပ)**

ဝမ်းတွင်းမြို့နယ်အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်နှင့် ကျောင်းမြေနေရာ ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်

ရန်ကုန် ဇူလိုင် ၄

အမေရိကန်နိုင်ငံ ကာလီဖိုးနီးယားပြည်နယ် ဖရီးမောင့်မြို့ ကုသလကာရီကျောင်းတိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တကောသလ္လနှင့် ကုသလကာရီမိသားစုများ စုပေါင်းလှူဒါန်းမှုဖြင့် ဆောက်လုပ်အောင်မြင်ပြီးသော မန္တလေးတိုင်း ဝမ်းတွင်းမြို့နယ် ကုန်းကန်ကျေးရွာအခြေခံပညာမူလတန်းကျောင်း ပညာတံခွန်ကျောင်းဆောင်သစ်နှင့် ကျောင်းမြေနေရာသစ်အား ပညာရေးဝန်ကြီးဌာနသို့ လှူဒါန်းပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို ဆရာတော် ဘဒ္ဒန္တကောသလ္လ၊ အမှတ်(၂)အခြေခံပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်မောင်ညွှန့်နှင့် ဝမ်းတွင်းမြို့နယ် ဥက္ကဋ္ဌ ဦးကျော်သူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ချီးမြှင့်တော်မူ

ဆက်လက်၍ ဆရာတော် ဘဒ္ဒန္တကောသလ္လက ကျောင်းဆောင်သစ်ဖြစ်ပေါ်လာပုံနှင့် တည်ဆောက်လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းမြွက်ကြားပြီး စစ်ကိုင်းမြို့ မင်းကွန်းတိပိဋကဓမ္မနာဒကျောင်း ပဓာနနာယကဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဂန္ဓမာလာလင်္ကာရက ဩဝါဒကထာ ချီးမြှင့်တော်မူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်ဥက္ကဋ္ဌနှင့်လက်ထောက်ညွှန်ကြားရေးမှူးတို့က အမှာစကားအသီးသီးပြောကြားပြီး အလှူရှင်မိသားစုက ကျောင်းဆောင်သစ်၊ ကျောင်းမြေနေရာနှင့် ကွန်ပျူတာ တစ်စုံပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူပြီး ကျေးရွာပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

တန်ဖိုး

အလှူရှင်မိသားစုက ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ်မှာ ပေ ၁၂၀ xပေ ၃၀ ၊ အုတ်ညှပ်၊ သွပ်မိုးဖြစ်ပြီး ကွန်ပျူတာတစ်စုံအပါအဝင် စုစုပေါင်း တန်ဖိုးငွေကျပ် ၁၆၆ သိန်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဇူလိုင်၄ရက်က မီးသတ်ဦးစီးဌာနသို့ ဂျပန်နိုင်ငံ Minzoku Forum (NPO)မှ Mr. Isao Ishiiလှူဒါန်းသည့် မီးသတ်ယာဉ်တစ်စီးနှင့် သူနာတင်ယာဉ်တစ်စီး ပေးအပ်လှူဒါန်းရာ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးမှ သံမှူးကြီး Mr.Tesuro Amano အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။

(သတင်းစဉ်)

သန်လျင်ဖားအောက်တောရရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၄

သန်လျင်မြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာ့ရိပ်သာ ဖားအောက်တောရရိပ်သာခွဲ (သန်လျင်)၏ နဝမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၉ရက် (ဝါဆိုလပြည့်နေ့) နံနက် ၈နာရီခွဲတွင် သီရိခေမာ ဓမ္မသာလာ ဓမ္မာရုံသစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ ရပ်နီးရပ်ဝေးမှ အလှူရှင်များ အချိန်မီ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပျဉ်းမနားမြို့နယ်အသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲ သင်းလုံးကျွတ်အစည်းအဝေး

ရန်ကုန် ဇူလိုင် ၄

ပျဉ်းမနားမြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သင်းလုံးကျွတ်အစည်းအဝေးကို ဝါဆိုလပြည့် ဇူလိုင် ၉ရက် နံနက် ၉နာရီတွင် မြန်မာ-ဘင်္ဂလားဒေ့ရှ်ကျောင်းတိုက် သိမ်တော်ကြီး (တာမွေ မြို့နယ်၊ နတ်ချောင်းရပ်ကွက်)တွင်ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ၊ စေတနာရှင် အလှူရှင်များကြွရောက်ပါရန် ဖိတ်ကြားထားပြီး ပရိသတ်များအား နံနက်စာဖြင့်ဧည့်ခံမည်ဖြစ်သည်။ သင်္ကန်းနှင့်လှူဖွယ်များ ကြိုတင်လှူဒါန်းလိုပါက အသင်းဥက္ကဋ္ဌ ဦးအေးလွင် ဖုန်း- ၅၄၉၆၉၁သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမျိုးသမီး ယာဉ်ထိန်းရဲစခန်းများ နီပေါနိုင်ငံတွင် စတင်ဖွင့်လှစ်ထားရှိ

ခတ္တမန္ဒူ ဇူလိုင် ၄

နီပေါနိုင်ငံ ခတ္တမန္ဒူချိုင့်ဝှမ်း ယာဉ်ထိန်းရဲတပ်ဖွဲ့ရုံး(ဗွီတီပီအို)သည် ဇူလိုင် ၂ ရက်မှ စတင်၍ နီပေါနိုင်ငံ ခတ္တမန္ဒူတွင် အမျိုးသမီး ယာဉ်ထိန်းရဲစခန်းများ ထားရှိလိုက်ကြောင်း ရဲတပ်ဖွဲ့ရုံးက ပြောကြားသည်။

မိမိတို့သည် သာပါသာလီယာဉ်ထိန်းစခန်းတွင် အမျိုးသမီးယာဉ်ထိန်းရဲများကို တာဝန်ပေးရန်ဆုံးဖြတ်ထားပြီးဖြစ်ကြောင်း ဗွီတီပီအိုတွင် အသစ်ခန့်အပ်ခြင်းခံရသော အကြီးအကဲဖြစ်သူ ဘစ်ချ်မာပရာဆာယီက ပြောကြားသည်။ ဤသည်မှာ အမျိုးသမီးများ၏ မိမိစိတ် မိမိယုံကြည်မှုကို မြှင့်တင်ရုံသာမက အလုပ်တာဝန်ကို အညီအမျှခွဲဝေ ယူနိုင်မှုအစွမ်းအစကိုလည်း တိုးတက် ကောင်းမွန်စေရန်ဖြစ်ကြောင်းငင်းက ပြောကြားသည်။

လောလောဆယ်တွင် မြို့တော်ရှိ ယာဉ်ထိန်းစခန်းအသီးသီး၌ စုစုပေါင်း ယာဉ်ထိန်း ၅၇၀ လုပ်ကိုင်လျက်ရှိပြီး ၎င်းတို့အနက် ၁၂၅ ဦးမှာ အမျိုးသမီးများဖြစ်ကြသည်။

အမြဲတမ်း

ယခင်က အမျိုးသား ယာဉ်ထိန်းရဲများသည် သက်ဆိုင်ရာယာဉ်ထိန်းစခန်းများတွင် အမြဲတမ်းတာဝန်ထမ်းဆောင်ခဲ့သည့်နည်းတူ အမျိုးသမီးများအတွက် အသစ်ချမှတ်လိုက်သည့် ယာဉ်ထိန်းစခန်းဆိုင်ရာညွှန်ကြားချက်အရလည်း အမျိုးသမီးယာဉ်ထိန်းရဲများသည် ယာဉ်ထိန်းစခန်းတွင် အမြဲတမ်းတာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။

ကျေနပ်ပျော်ရွှင်

အမျိုးသမီး ယာဉ်ထိန်းရဲများသည် ယခုအစီအစဉ်အတွက် ကျေနပ်ပျော်ရွှင်နေကြကြောင်း ဆင်ဟွာက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးမှု စုံစမ်းစစ်ဆေးလျက်ရှိ

ဘဂ္ဂဒက် ဇူလိုင် ၄

ဘဂ္ဂဒက်မြို့တော် တောင်ဘက်တွင် လွန်ခဲ့သည့်လက ပြောက်ကျားတို့ သတ်ဖြတ်ခြင်းခံရသည့် အမေရိကန် တပ်ဖွဲ့ဝင်သုံးဦးမှာ စစ်ဘက်လုပ်ထုံး လုပ်နည်းများကို ချိုးဖောက်ကာငင်းတို့ချည်းစစ်ဆေးရေးဂိတ်တွင် ပစ်ထားသလို ဖြစ်နေကြောင်း အမေရိကန် စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဒုတိယ ဗိုလ်မှူးကြီး ဇာတင်ဟင်းက စနေနေ့တွင် ပြောကြားသည်။

သေမင်းတမာန် တြိဂံနယ်မြေဟုကျော်ကြားသည့် အယ်လ်ခိုင်ဒါတို့ အတိုက်အခိုက်ကြမ်းသည့်နေရာသို့ ထိုအမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် သံချပ်ကာ ဟမ်းဗီးကားတစ်စီးဖြင့်သူတို့မည်သည့် အတွက်ကြောင့် သွားကြသည်ကို စုံစမ်းစစ်ဆေးနေပြီဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးရသည့် တိုက်ခိုက်မှုတွင် စစ်သွေးကြွများက အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးကို ပြန်ပေးဆွဲပြီး သတ်ပစ်လိုက်သည်။

တပ်သား ခရစ်ယာန်မင်ချာက (၂၃)နှစ်၊သောမတ်တပ်ကာ(၂၅)နှစ်နှင့် ဒေးဗစ်ကာဘီနူး(၂၀)နှစ်တို့ သေဆုံးရမှုကို စုံစမ်းစစ်ဆေးရန် ဘဂ္ဂဒက်ဒေသမှ အမေရိကန်တပ်မှူး ဗိုလ်ချုပ်ဂျိမ်းသာမင်က အမိန့်ထုတ်ထားသည်။ **အမ်အင်အေ၊ရိုက်တာ**

တရုတ်၌လျှပ်စစ်ရထားတီထွင်ထုတ်လုပ်

ပေကျင်း ဇူလိုင် ၄

တရုတ်နိုင်ငံမှ စက်မှုပညာရှင်များသည် ခရီးသည်တင် လျှပ်စစ်ရထားအား အောင်မြင်စွာတီထွင်ထုတ်လုပ်နိုင်ခဲ့ကြောင်း ဇူလိုင် ၃ ရက်က ဆင်ဟွာသတင်းတွင်ဖော်ပြထားသည်။**(အပေါ်ပုံ)**

၎င်းမီးရထားအား ပေကျင်းမြို့နှင့် ရှန်ဟိုင်းမြို့ကို ပြေးဆွဲမည်ဖြစ်သည်။ တရုတ်နိုင်ငံတွင် ပြေးဆွဲနေသော မီးရထားများထဲတွင် မြင်းကောင်ရေအားအများဆုံးဖြစ်သည်။

ယင်းမီးရထားကို အဆင့်မြင့်နည်းပညာနှင့် အမြင့်မားဆုံးအရှိန် ပေါင်းစပ်ထုတ်လုပ်ထားသောကြောင့် တစ်နာရီလျှင် ကီလိုမီတာ ၁၇၀ ခုတ်မောင်းနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အဘွားပေးသည့်ထီအိပ်မက် မြေးဖြစ်သူထီပေါက်

ကွာလာလမ်ပူ ဇူလိုင် ၄

မလေးရှားလူမျိုး တစ်ဦးသည် ကွယ်လွန်သွားသည့် ၎င်း၏အဘွားဖြစ်သူက ထီနံပါတ်များ အိပ်မက်ပေးခဲ့ရာ ယင်းနံပါတ်များအတိုင်း ထီထိုးလိုက်၍ထီပေါက်ခဲ့သဖြင့် မလေးရှားရင်းဂစ် ၄၂၅၀၀ (အမေရိကန်ဒေါ်လာ ၁၁၅၈၀) ရရှိသွားကြောင်း ဇူလိုင် ၁ ရက်က ဒေသဆိုင်ရာ သတင်းစာတစ်စောင်တွင် ဖော်ပြထားသည်။

အဆိုပါ ထီပေါက်သူမှာ စက်ပြင်ဆရာတစ်ဦးဖြစ်ပြီး တန်တေဆက်ဟု ခေါ်သည်။ ၎င်းသည် အဘွားပေးသော ထီနံပါတ် ၆၀၆၄ ပါသော ထီလက်မှတ်နှစ်စောင်ကို ဝယ်ယူခဲ့ရာ ယင်းထီလက်မှတ်များမှ ထီပေါက်ခြင်းဖြစ်ကြောင်း စတားသတင်းစာက ဖော်ပြသည်။ **အမ်အင်အေ၊ရိုက်တာ**

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

ဂျပန်အမျိုးသားတစ်ဦး ၆၇ နှစ်အကြာမှ ဂျပန်သို့ ပြန်ရောက်လာ

တိုကျို ဇူလိုင် ၄

ရုရှားနိုင်ငံ ဆာခါလင်ကျွန်းတွင် ဒုတိယကမ္ဘာစစ်အကုန်၌ရောက်ရှိနေသော ဂျပန်အမျိုးသားတစ်ဦးသည် အနှစ် ၇၀ နီးပါးအကြာ ဂျပန်နိုင်ငံသို့ ပထမဆုံးအကြိမ် ပြန်ရောက်လာရာ မိသားစုဝင်များနှင့် ဝမ်းပန်းတသာ အားပါးတရ တွေ့ဆုံခဲ့ကြကြောင်း ရိုက်တာသတင်းတစ်ပုဒ်တွင် ဖော်ပြသည်။

အဆိုပါ ဂျပန်အမျိုးသား၏ အမည်မှာ ယိုရှိတာရုနာကာဂါဝါဖြစ်ပြီး အသက် (၇၉) နှစ်အရွယ်ရှိပြီဖြစ်သည်။ ၎င်းသည် ဒုတိယကမ္ဘာစစ် မစတင်မီက ၎င်း၏မိသားစုနှင့်အတူ အဆိုပါ ရုရှားနိုင်ငံ ကျွန်းသို့ လိုက်ပါသွားခဲ့သည်။ ၎င်းသည် ၁၉၄၅ ခုနှစ်တွင် အမေဖြစ်သူနှင့် ညီမဖြစ်သူတို့နှင့် ခွဲခွာခဲ့ရသည်။ သူ့အမေနှင့် ညီမဖြစ်သူတို့သည် ဂျပန်နိုင်ငံမြောက်ဘက်ဆုံး ဟော့ကိုင်ဒိုမြို့သို့ ပြောင်းသွားကြသည်။ နှစ်အတန်ကြာတွင် တစ်ဦးနှင့်တစ်ဦး အဆက်အသွယ်ပြတ်တောက်ကာ သတင်းမကြားရတော့ဟုဆိုသည်။

ဝမ်းနည်းဝမ်းသာ

ဆာခါလင်မှ ဟော့ကိုင်ဒိုလေဆိပ်သို့ ရောက်လာသည့် ဘီးတပ်ကုလားထိုင်ပေါ်မှ နာကာဂါဝါက ၎င်း၏ ညီမဖြစ်သူကို လက်ဆွဲနှုတ်ဆက်သည်။ ယင်းတို့အားလုံးသော ဆွေမျိုးများက ဝမ်းနည်းဝမ်းသာဖြင့် ငိုကြွေးကြရသည်။ ကျွန်တော့်အနေဖြင့် ဂျပန်နိုင်ငံကို ပြန်လာနိုင်တော့မည်ဟု ဘယ်တုန်းကမှ အိပ်မက်တောင် မမက်ခဲ့မိဘူးဟုနာကာဂါဝါက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ စစ်ကြီးအတွင်း အစ်ကိုဖြစ်သူ နာကာဂါဝါ တစ်ယောက် ရှိတောင်ရှိတော့လိမ့်မည်ဟု မထင်မိကြောင်း ညီမဖြစ်သူက မျက်ရည်များနှင့်ပြောရှာသည်။

ပြောကြား

ထိုစဉ်က ရုရှားတပ်များက နာကာဂါဝါအား ဂျပန်စစ်သားဟု အထင်ဖြင့် လွဲမှားစွာ ခေါ်ဆောင်သွားကြသည်ဟုဆိုသည်။ ၎င်းသည် ဟော့ကိုင်ဒိုတွင် နှစ်ပတ်ကြာနေသွားမည်ဖြစ်ကြောင်း မီဒီယာများက ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဒေါ်လာပုံစံခုံတန်းရှည်

အမေရိကန်ဒေါ်လာပုံစံ ခုံတန်းရှည်ကိုတွေ့ရစဉ်။(ဝဲပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ နိုင်ငံခြားကုန်သွယ်မှုဘဏ်ရှေ့တွင် ပြည်သူများ အပန်းဖြေ နားခိုရန်အတွက် အမေရိကန်ဒေါ်လာ ၁၀၀ တန် ပုံစံခုံတန်းရှည်များကို ထူးထူးခြားခြား ပြုလုပ်ထားသည်ကို တွေ့ရသည်။ **(အင်တာနက်)**

မြွေကိုပါးစပ်မှထည့်၍ နှာခေါင်းမှပြန်ထုတ်ပြသူ

မြွေတစ်ကောင်းအား ပါးစပ်မှ ထည့်သွင်း၍ နှာခေါင်းထဲမှ ပြန်လည် ထုတ်ပြနေစဉ်။ (ယာပုံ)

တရုတ်နိုင်ငံ ကျန်စုပြည်နယ် နန်ကျင်းမြို့တွင် စတန့်လုပ်ပြသူ တစ်ဦးသည် မြွေတစ်ကောင်ကို ပါးစပ်မှထည့်သွင်း၍ နှာခေါင်းမှ ပြန်လည်ထုတ်ပြကာ လာရောက်ကြည့်ရှုသူများကို ထူးခြားအံ့ဖွယ် စွန့်စားပြခဲ့သည်။

(အင်တာနက်)

တရားမဝင်လက်နက်ကိုင်အုပ်စုများ ဖယ်ရှားပစ်ရန် အာဖဂန်နစ္စတန် သန္နိဋ္ဌာန်ချထား

ကဘူးလ် ဇူလိုင် ၄

အာဖဂန်သမ္မတ ဟာမက်ကာဇိုင်းက မည်မျှပင်ကုန်ကျစရိတ်ရှိစေကာမူ ၎င်း၏အစိုးရအနေဖြင့် တရားမဝင် လက်နက်ကိုင်အုပ်စုများကို ဖယ်ရှားပစ်ရန် သန္နိဋ္ဌာန်ချထားကြောင်း ဇူလိုင် ၁ ရက်၌ ပြောကြားလိုက်သည်။

ထုတ်ပြန်

အာဖဂန်ပြည်သူတစ်ရပ်လုံးက ယင်းတို့၏နိုင်ငံ လုံခြုံဘေးကင်းပြီး သာယာဝပြောစေရန်အတွက် တရားမဝင်လက်နက်ကိုင်အုပ်စုများကို ဖယ်ရှားရန် ဆန္ဒပြင်းပြထောက်ခံနေကြကြောင်း ကာဇိုင်းက ကြေညာချက်တစ်ရပ်ကို ၎င်း၏ရုံး၌ထုတ်ပြန်လိုက်သည်။

ဖယ်ရှားရန်စီစဉ်

အာဖဂန်နစ္စတန်နိုင်ငံ၌ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သာယာဝပြောရေးအတွက် ၂၀၀၅ ခုနှစ် ဇွန် ၁၁ ရက်မှ စပြီး တရားမဝင်လက်နက်ကိုင်ဆောင်သောအုပ်စုများကို ဖယ်ရှားရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ထိုအစီအစဉ်ဆောင်ရွက်ချိန်မှ ယခုလစောစောပိုင်းအထိ လက်နက် ၂၂၇၃၈ လက် လာရောက်လွှဲအပ်ခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နိုင်ငံတစ်ဝန်းနယ်စပ်ဒေသများပါမကျန်အခြေခံကျကျပြောင်းလဲတိုးတက်မှုများတွေ့မြင်နေရ မြန်မာအမျိုးသမီးများရသင့်ရထိုက်သောအခွင့်အရေးဥပဒေနှင့်အညီအားပေးကူညီပေးလျက်ရှိ

ရန်ကုန်တိုင်းရှိ တောင်ဒဂုံ စက်မှုဇုန်(၃) UCM မော်တော်ယာဉ် ထုတ်လုပ်ရေးမှ ယာဉ်များကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

● *ကျောဖုံးမှ*

အသိပေး

ရှေ့ဆက်ပြီးတော့လည်း ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းအတွင်း၌ရှိသည့် အမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ဘဝလုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီးများရသင့်ရထိုက်သော အခွင့်အရေးများကို တရားဥပဒေများနှင့်အညီ ကာကွယ်စောင့်ရှောက် အားပေးကူညီ ဆောင်ရွက်သွားပါမည်ဆိုသည်ကို အသိပေး ပြောကြားလိုကြောင်း။

ယနေ့ကျင်းပသည့် မြန်မာအမျိုးသမီးများနေ့အခမ်းအနားတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဝင်များအနေဖြင့် ယနေ့မြန်မာနိုင်ငံတော်၏ ပကတိ အခြေအနေကိုသိရှိသုံးသပ်နိုင်ရန် အနည်းငယ်အသိပေးပြောကြားလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပကဖိအားပေးပိတ်ဆို့မှုများနှင့် ဆန့်ကျင်ဘက် အဖွဲ့အစည်းများ၏ ဖျက်လိုဖျက်ဆီးလုပ်နေမှုကြားကပင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံးတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နယ်ပယ်စုံကဏ္ဍစုံ၌ တိုးတက်အောင် ဦးဆောင်ဦးရွက် ဆောင်ရွက်ပေးနိုင်၍ နိုင်ငံတစ်ဝန်းဝေးလံခေါင်ဖျားနယ်စပ်ဒေသများပါမကျန် မည်သည့် ခေတ်ကာလနှင့်မျှမတူဘဲ အခြေခံကျကျ ပြောင်းလဲတိုးတက်မှုများ၊ အောင်မြင်ဖြစ်ထွန်းမှုများကို မိမိတို့ကိုယ်တိုင်မျက်မြင်ကိုယ်တွေ့ အထင်အရှားတွေ့မြင်နေကြပြီးဖြစ်ကြောင်း။

ဖိအားပေး

အနောက်အင်အားကြီးနိုင်ငံတစ်ခုက မြန်မာနိုင်ငံ၌ ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရတင်နိုင်ရန် ဖုံးကွယ်လှည့်စားထားသည့် နိုင်ငံရေးရည်ရွယ်ချက်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်စသည်တို့ကို ခုတုံးလုပ်ကာ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများကို မျက်မှန်စိမ်းတပ်ကြည့်ရှုပြီး နိုင်ငံတကာမျက်နှာစာ၌ လွဲမှားစွာ ပုံဖော်နိုင်အောင် မဟုတ်မမှန်လုပ်ကြံချက်များဖြင့် တိုက်ခိုက်ထိုးနှက် ဖိအားပေးဆောင်ရွက်လျက်ရှိနေကြောင်း။

အထူးသဖြင့် ပြည်ပ Media များတိုက်ကွက်၊ အကြမ်းဖက်သမားပြည်ပြေးများ၏ ပြည်တွင်းဖောက်ခွဲဖျက်ဆီးရေးတိုက်ကွက်၊ အလုပ်သမားများ၊ ကျောင်းသားများ၊ ရဟန်းသံဃာများနှင့် ပြည်သူလူထုအတွင်း ဆူပူလှုံ့ဆော်ရေး တိုက်ကွက်များဖြင့် အကွက်ဆင်ဆောင်ရွက်လျက်ရှိနေသည်ကို အမျိုးသမီးရေးရာ အဖွဲ့ဝင်များမှ တစ်ဆင့် အသိပေး ပြောကြားလိုကြောင်း၊ "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုသည့် ရှေးမြန်မာပညာရှိကြီးများ၏ သမိုင်းဖြစ်ရပ်မှန်မှ ဖော်ထုတ်ထားသည့် အဆိုအမိန့်နှင့်အညီ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားဂုဏ်သိက္ခာထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ရေး၊ အမျိုးသားစီးပွားဘဝတိုးတက်မြင့်မားရေးကို မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ အဆင့်ဆင့်သော မိတ်ဖက် လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံ့ဝန်ထမ်းများ၊ နိုင်ငံသူနိုင်ငံသားများအားလုံး ပူးပေါင်းပြီး အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် တည်ဆောက်ကာ တပ်မတော်အစိုးရနှင့် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားလိုကြောင်း။

ဆန့်ကျင်ဘက် အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့ကိုယ်ကျိုးကိုသာ ရှေးရှုပြီး မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ထိခိုက်စေခဲ့ကြောင်း၊ ထင်ရှားသည့် သာဓကတစ်ခုအနေဖြင့် အင်အားကြီးနိုင်ငံ၏ အလိုကျ မြန်မာနိုင်ငံရေးကိစ္စကို နိုင်ငံတကာ မျက်နှာစာပေါ်တင်ပြီး စီးပွားရေး၊ လူမှုရေးပိတ်ဆို့မှုများ ဆောင်ရွက်ခဲ့ကြ၍ ယခင်နှစ်က ရန်ကုန်တိုင်းအတွင်း အထည်ချုပ် စက်ရုံ ၁၆၀ ခန့် ပိတ်ခဲ့ရသည့်အပြင် စက်ရုံ ၄၀ခန့်မှ အလုပ်သမားများကိုလည်း လျှော့ချခဲ့ရသည့်အတွက် စက်ရုံအလုပ်သမားပေါင်း ရှစ်သောင်းကျော်ခန့် အလုပ်လက်မဲ့ဖြစ်ခဲ့ရပြီး စားဝတ်နေရေး ကသီလင်တ ဖြစ်ခဲ့ရကြောင်း၊ ၎င်းအလုပ်သမားများထဲတွင် အမျိုးသမီးအလုပ်သမားပေါင်း ခုနစ်သောင်းကျော်ပါဝင်ခဲ့ကြောင်း၊ စက်ရုံ အလုပ်ရုံပိတ်ခဲ့ရသဖြင့်၊ အလုပ်လက်မဲ့ဖြစ်ခဲ့ရသဖြင့် မိသားစုစားဝတ်နေရေးအတွက် ဖြေရှင်းရင်းဖြင့် ရပ်တည်ရန်ခက်ခဲမှုအပေါ် အမြတ်ထုတ်လိုသူတို့၏ လှည့်ဖြားမှုကြောင့် အမျိုးသမီးငယ်အချို့သည် လူကုန်ကူးမှု၏ သားကောင်ဖြစ်ခဲ့ရသည်ကိုလည်း သတိပြုလျှင် တွေ့မြင်ရမည်ဖြစ်ကြောင်း။

လွတ်လပ်စွာကိုးကွယ်ခွင့်ရှိ

မြန်မာနိုင်ငံ၌ ဘာသာရေးလွတ်လပ်ခွင့်မရှိကြောင်း စွပ်စွဲပုတ်ခတ်ထိုးနှက် တိုက်ခိုက်ထားကြောင်းလည်း သိရှိရကြောင်း၊ မိမိတို့ ရန်ကုန်မြို့တော်၏ မြို့လယ်ခေါင် လူအစည်ကားဆုံးရပ်ဝန်းဖြစ်သည့် ဆူးလေစေတီတော်ကြီး၏ အနီးတစ်ဝိုက်၌ အစ္စလာမ်ဘာသာဝင်များ၏ စွန္နီဂျာမေဗလီ၊ ခရစ်ယာန် ဘာသာဝင်များ၏ မောန္တေလဘုရားကျောင်းနှင့် ဟိန္ဒူဘာသာ ကိုးကွယ်သူများ၏ Temple တစ်ခုဖြစ်သည့် မဟာပိန္နဲဘုရားကျောင်းများသည် တစ်ခုနှင့်တစ်ခု နီးကပ်စွာတည်ရှိပြီး ဘာသာဝင်တိုင်းအချိန်မရွေး လွတ်လပ်စွာ ဝတ်ပြုကိုးကွယ်နေကြသည်ကို အားလုံးသိရှိပြီး ဖြစ်ကြကြောင်း၊ ၂၀၀၆ခုနှစ် မေ ၁၈ရက်တွင် မြန်မာ့နိုင်ငံရေးကို လာရောက်လေ့လာသည့် ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာ အီဗရာဟင် အေဂန်ဘာလီဟာ အစ္စလာမ်ဘာသာကိုးကွယ်သူ တစ်ဦးဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံ ရောက်ရှိခိုက်၌ ဆူးလေစေတီတော်အနီးက စွန္နီဂျာမေဗလီတွင် ပုံမှန်ဝတ်ပြုနေသည့် မြန်မာနိုင်ငံသား အစ္စလာမ်ဘာသာဝင်များနှင့်အတူ ဝတ်ပြုကိုးကွယ်ခဲ့ကြောင်း။

မြန်မာနိုင်ငံရောက် ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာအီဗရာဟင်အေဂန်ဘာလီကိုယ်တိုင် မေ ၁၈ရက်တွင် ရန်ကုန်မြို့လယ်ခေါင် ဆူးလေစေတီတော်အနီးက ဘာသာစုံ လူမျိုးစုံတို့၏ ဘုရားရှိခိုးကျောင်းများကို တွေ့မြင်ခဲ့ရပြီး မြန်မာနိုင်ငံကို ဘာသာရေးလွတ်လပ်ခွင့်မရှိဘူးဟု စွပ်စွဲပြောဆိုချက်များ မဟုတ်မမှန်ကြောင်း သက်သေခံနေကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအစိုးရကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ရန် ပြည်တွင်း ပြည်ပမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ မဟုတ်မမှန် ဝေဖန်ပြောကြားချက်များ မှားယွင်းနေကြောင်းကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့မှ တစ်ဆင့် မြန်မာပြည်သူများနှင့် နိုင်ငံတကာကို သိစေချင်လှပါကြောင်းဖြင့် ပြောကြားသွားသည်။

ယင်းနောက် ၂၀၀၆ခုနှစ် အမျိုးသမီးများနေ့အထိမ်းအမှတ် ဗဟိုအဆင့် ဆောင်းပါးပြိုင်ပွဲ၌ အထူးဆုရရှိကြသူများနှင့် စာစီစာကုံးပြိုင်ပွဲ၌ ဆုရသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မာဝင်းနှင့်အဖွဲ့ဝင်များသည် ပညာရေး၊ ကြက်ခြေနီ၊ အားကစားနှင့်အနုပညာ ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်း အနောက်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၈၅၀၀၀၀၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ် ၇၅၀၀၀၀၊ ဦးထွန်းထွန်းဦး–ဒေါ်မာမာ၊ သမီး မမြတ်ပွင့်ဖြူသင်း

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပကဖိအားပေး ပိတ်ဆို့မှုများနှင့် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၏ ဖျက်လိုဖျက်ဆီး လုပ်နေမှုကြားကပင် နိုင်ငံတော်နှင့် ပြည်သူတစ်ရပ်လုံး တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နယ်ပယ်စုံကဏ္ဍစုံ၌ တိုးတက်အောင် ဦးဆောင်ဦးရွက် ဆောင်ရွက်ပေးနိုင်၍ နိုင်ငံတစ်ဝန်း ဝေးလံခေါင်ဖျား နယ်စပ်ဒေသများပါမကျန် မည်သည့်ခေတ်ကာလနှင့်မျှ မတူဘဲ အခြေခံကျကျ ပြောင်းလဲတိုးတက်မှုများ အောင်မြင်ဖြစ်ထွန်းမှုများကို မိမိတို့ကိုယ်တိုင် မျက်မြင်ကိုယ်တွေ့ အထင်အရှားတွေ့မြင်နိုင်။

တံတားတံတားကြီးကို ခမ်းနားသိုက်မြိုက်စွာ ဖွင့်လှစ်ပေးခဲ့သည်။
(ဓာတ်ပုံမှတ်တမ်း–မြန်မာ့အလင်း)

5-7 (05).p65 1 1/7/32, 10:37 PM

ကမ္ဘာ့ဖလား ဒုတိယအကြိုဗိုလ်လုပွဲနှင့် သူတို့အမြင်

ရန်ကုန် ဇူလိုင် ၄

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ပြင်သစ်နှင့်ပေါ်တူဂီအသင်းတို့ ယနေ့ညယှဉ်ပြိုင်ကစားကြတော့မည်ဖြစ်ရာ ပြင်သစ်နှင့် ပေါ်တူဂီအသင်းတို့၏ အနေအထားနှင့်ပတ်သက်၍ သဘောထားနှင့် အမြင်များကို မြန်မာ့အလင်းက တွေ့ဆုံမေးမြန်း ဖော်ပြလိုက်ပါသည်။

"ပြိုင်ဘက်အသင်းအပေါ် မူတည်ပြီး ပြင်သစ်တို့ ကစားတတ်တယ်။ လက်ရှိကစားပုံအတိုင်းဆိုရင် ပြင်သစ် အနိုင်ရနိုင်တယ်။ ဒါပေမယ့် စီရိုနယ်ဒိုနဲ့ ဖီဂိုတို့ ကစားအားကောင်းပြီး စကိုလာရီ အခင်းအကျင်းကလဲ မှန်နေတယ်။ နှစ်သင်းစလုံး ဂိုးရဖို့ခက်မယ်။ အချိန်ပိုအထိ ရောက်သွားနိုင်တယ်"

ဦးအေးမောင်ကြီး
မြန်မာ့လက်ရွေးစင်ဟောင်း
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် နည်းစနစ်အဖွဲ့ဝင်)

"ပြင်သစ် နိုင်သင့်တဲ့ပွဲပဲ၊ ဘရာဇီးနဲ့ ကစားတဲ့ ခြေအတိုင်းဆို ပြင်သစ်နိုင်မယ်၊ ပေါ်တူဂီတို့ ခြေကောင်းပြီး နည်းပြ သာတယ် ဆိုပေမယ့် ပြင်သစ်မှာ ကစားအားကောင်းတဲ့ သူတွေ အများကြီးပါတယ်၊ ပြင်သစ် အလေးသာ နိုင်ပါတယ်"

ဂိုး-ဦးတင်အောင်
မြန်မာ့လက်ရွေးစင်နှင့်အာရှလက်ရွေးစင်ဟောင်း
(မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၊ ပြိုင်ပွဲကျင်းပရေးတာဝန်ခံ)

"ချန်ပီယံဖြစ်ခဲ့ဖူးတဲ့ ပြင်သစ်တို့ လက်ရှိမှာ ခြေစွမ်းတက်လာတယ်။ အတွေ့အကြုံပိုင်းမှာလဲ အားသာတယ်။ ကစားအားလဲရှိတယ်။ နည်းစနစ်ပိုင်းမှာ ပေါ်တူဂီသာနိုင်ပေမယ့် ပြင်သစ် နိုင်ခြေရှိပါတယ်။ အွန်နရီလဲ ဂိုးသွင်းပါလိမ့်မယ်"

မြေနီကုန်းဖိုးလုံး
(သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင်)

"ပြင်သစ်နဲ့ ပေါ်တူဂီပွဲကတော့ ကမ္ဘာ့ဖလားဘောလုံးပွဲ ဝါအရ ပြင်သစ်ကို အလေးပေးရမှာပဲ၊ ကွာတားမှာ ဘရာဇီးနဲ့ ကစားသွားတဲ့ ပြင်သစ်အသင်းခြေစွမ်းက သဘောကျစရာပါ။ ကမ္ဘာ့အဆင့်မီ ဘောလုံးသမားအများစုပါတဲ့ ပြင်သစ်က အနိုင်ရသွားပါလိမ့်မယ်"

ခင်မောင်ထွေး(ပျဉ်းမနား)
(သတင်းစာဆရာနှင့် ဝါရင့်အားကစားကလောင်ရှင်)

နည်းစနစ်ပိုင်းမှာ ပေါ်တူဂီသာပေမယ့် ပြင်သစ် နိုင်ခြေရှိ
ဘရာဇီးနဲ့ ကစားသွားတဲ့ ပြင်သစ်ခြေစွမ်းက သဘောကျစရာ
စီရိုနယ်ဒိုနှင့် ဖီဂိုတို့ ကစားအားကောင်းနေ

"အုပ်စုပွဲတွေမှာ ခြေမကောင်းပေမယ့် ပြင်သစ်တို့ တဖြည်းဖြည်း ခြေတက်လာတယ်၊ ကစားပုံနဲ့ တစ်ဦးချင်းမှာ ပြင်သစ်တို့ သာပါတယ်၊ ပြင်သစ် တကယ်ကစားနိုင်ရင် ကမ္ဘာ့ဖလားရမယ့် ခြေစွမ်းမျိုးပါ၊ ပြင်သစ် အနိုင်ရမယ်လို့ ထင်တယ်"

စိုးမြတ်မင်း
(မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

"ပြင်သစ်တို့က ရှေ့၊ လယ်၊ နောက် စည်းချက်ညီတယ်၊ အတွေ့အကြုံနဲ့ စည်းလုံးညီညွတ်မှု ကောင်းတယ်၊ ဘရာဇီးကိုနိုင်ပြီး စိတ်ဓာတ်အင်အားလဲ အမြင့်ဆုံးဖြစ်နေတယ်၊ အသင်းကို ထိန်းကစားနိုင်မယ့် ကစားသမား ပြင်သစ်မှာ ပိုများတယ်၊ ပြင်သစ်အနိုင်ရမယ်"

ဆန်းဒေးသိန်း
(တိုက်စစ်မှူး၊ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း)

"ဘောလုံး ပညာအရ ပြင်သစ်သာတယ်၊ ဒါပေမယ့် စိတ်ဓာတ်၊ ကစားပုံ၊ တစ်ဦးချင်းစွမ်းရည်မှာ ပေါ်တူဂီ သာတယ်၊ ခြေမှန်တဲ့အသင်းလဲ ဖြစ်တယ်၊ လူငယ်နဲ့ လူကြီး ပါဝင်မှုမျှတယ်၊ ဘရာဇီးကို နိုင်လို့ ပြင်သစ်တို့ ပေါ်တူဂီကို နိုင်မယ်လို့ ပြောလို့မရဘူး၊ ပေါ်တူဂီ အလေးသာနိုင်တယ်"

ဦးဆန်းဝင်း
(မြန်မာ့လက်ရွေးစင်ဟောင်း)

"ပြင်သစ်အသင်း ဒီအဆင့်ရောက်မှတော့ ပေါ်တူဂီကို ရအောင် ကျော်ဖြတ်တော့မှာပဲ၊ ပေါ်တူဂီနည်းပြ စကိုလာရီ ကောင်းသလို၊ ပြင်သစ်နည်းပြ ဒိုမီနစ်ချ်လဲ မညံ့ဘူး၊ ဒါ့အပြင် ကွင်းထဲမှာ ဇီဒန်းကလဲ နည်းပြတစ်ယောက်လို ညွှန်းပြကစားနိုင်တယ်ဆိုတော့ ပြင်သစ်နည်းပြနှစ်ယောက်တောင် ရှိနေတယ်။ အစစ အရာရာမှာ ပြင်သစ်သာတယ်၊ ပြင်သစ်ပဲ အနိုင်ရမှာပါ"

ထွန်းထွန်း (အဆိုတော်နှင့် ရုပ်ရှင်သရုပ်ဆောင်)

"ပြင်သစ်ကို ပိုပြီးသဘောကျတယ်၊ ကစားတာ အကွက်စေ့တယ်၊ ကွင်းလယ်ကို ထိန်းချုပ်နိုင်သလို နောက်တန်းလဲ ကောင်းတယ်၊ ကစားအားကို လိုသလိုမြှင့်တင်နိုင်တဲ့ ဘောလုံးသမားတွေပါတယ်၊ ပေါ်တူဂီ နိုင်ဖို့ မလွယ်ပါဘူး၊ ပြင်သစ်ပဲ အနိုင်ရသွားမှာပါ"

ရာဇာနေဝင်း
(ရုပ်ရှင်သရုပ်ဆောင်)

"ပြင်သစ်အသင်း ကစားတာ အဆင့်မြင့်တယ်။ လိုအပ်သလို ကစားအား တင်နိုင်တယ်။ ဘရာဇီးကိုနိုင်အောင် ကစားခဲ့တာ တော်ရုံခြေစွမ်းမဟုတ်ပါဘူး၊ ပေါ်တူဂီကို အနိုင်ကစားသွားမှာပါ"

ဦးအောင်ကျော်တင်
(ကင်နွန်ဓာတ်ပုံဆိုင်ပိုင်ရှင်၊ ကျိုက္ကဆံလမ်း၊ တာမွေ)

"ပေါ်တူဂီကို ကြိုက်တယ်။ ပြိုင်ပွဲတစ်လျှောက်လုံး ခြေမှန်လာတာ ပေါ်တူဂီအသင်းပဲရှိတယ်။ ပြင်သစ်ကို ဘယ်လို ယှဉ်ရမယ်ဆိုတာ စကိုလာရီ သိတယ်။ အတတ်နိုင်ဆုံး ပိတ်ကစားပြီး တန်ပြန်တိုက်စစ်က ဂိုးရအောင် ယူသွားလိမ့်မယ်။ ပေါ်တူဂီ အလေးသာသွားမယ် ထင်ပါတယ်"

ကိုဇော်မင်းဦး
(ရခိုင်ကားပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းရှင်၊ ဗညားဒလလမ်း၊ တာမွေ)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ

ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)

မြန်မာ့ရုပ်မြင်သံကြား

၅-၇-၂၀၀၆ ရက်
(ဗုဒ္ဓဟူးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၅ ၅။ အတီးပြိုင်ပွဲ
၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈:၁၅ ၇။ အဆိုပြိုင်ပွဲ
၈:၂၅ ၈။ ဒေသဖွံ့ဖြိုးတိုးတက်စေမည့် ဒုဋ္ဌဝတီ
၈:၃၀ ၉။ International News
၈:၄၅ ၁၀။ Let's Go
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ Practice in Reading
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာ အထူးပြု) [အင်္ဂလိပ်စာ]
၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ **"အရေးကြီးလို့ပါ"** ခင်လှိုင်၊ ခင်နွဲ့နွဲ့မူ (ဒါရိုက်တာ-ခင်နွဲ့နွဲ့မူ)
၁၇:၃၅ ၈။ သီချင်းကြီးပဒေသာ
၁၇:၄၅ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ သုတစုံလင် ရွှေဉာဏ်ရှင်
၁၉:၀၅ ၁၃။ **"မင်းမသိသေးပါဘူးကွာ"** ဇေရာ၊ ငှက်ပျောကြော်၊ ချစ်စရာ၊ ကြူကြူသင်း၊ အေးအေးခိုင် (ဒါရိုက်တာ-ဆွေဇင်ထိုက်)
၁၉:၁၅ ၁၄။ အတီးပြိုင်ပွဲ
၁၉:၂၅ ၁၅။ တေးဂီတအစီအစဉ်
၁၉:၃၅ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၉:၄၅ ၁၇။ မူးယစ်ဒုက္ခမပေါ့ဆနှင့်
၂၀:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ မဟာဗုဒ္ဓဝင်
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

နေ့ထူးနေ့မြတ်များတွင် မဟုတ်မမှန် စွပ်စွဲချက်များနှင့် ထုတ်ပြန်ချက် အမျိုးမျိုးထုတ်ပြီး မြန်မာလူငယ်များ ထင်ယောင်ထင်မှားဖြစ်အောင် အတွေးမှား အသိမှားတွေ ပေးနေ

■ **ကျောဖုံးမှ**

အမျိုးသမီးလေးများအား အလှူရှင်များ ရှာဖွေစည်းရုံး၍ ပညာဆုံးခန်းတိုင် အောင် သင်ကြားပေးခြင်း၊ ပညာ ထူးချွန်သည့် ကျောင်းသား၊ ကျောင်း သူများအားဂုဏ်ပြုချီးမြှင့်ခြင်း၊ မြို့နယ် ၃၁မြို့နယ်တွင် စာမတတ်သူ ပပျောက် ရေး "အ"သုံးလုံးသင်တန်းများနှင့် သက်ကြီး စာဖတ်ဝိုင်းများ ဖွင့်လှစ် ပေးခြင်း စသည့် လုပ်ငန်းများနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသား ပညာရည်မြင့်မားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူ ပြုဆောင်ရွက်ပေးလျက်ရှိကြောင်း။

ကျန်းမာရေးကဏ္ဍအနေဖြင့်လည်း ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေး သူငယ်များ၊ သက်ကြီးရွယ်အိုများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်း၊ လို အပ်သည့် ဆေးဝါးနှင့် အာဟာရများ ထောက်ပံ့ပေးခြင်းတို့ကို ဆောင်ရွက် ပေးခဲ့ကြောင်း၊ ရေကောင်းရေသန့် ရရှိရေးအတွက် ရေတွင်း၊ ရေကန်များ ပြန်လည်တူးဖော် ပြုပြင်ခြင်းကို စဉ် ဆက်မပြတ် ဆောင်ရွက်ခဲ့သကဲ့သို့ ရေအခက်အခဲရှိသည့် ကျေးရွာရှစ်ရွာ ကို စက်ရေတွင်း တူးဖော်ရန် အတွက် ငွေကျပ်သိန်း ၁၀၀ ထောက်ပံ့လှူဒါန်း နိုင်ခဲ့ကြောင်း။

ထောက်ပံ့ပေး

မိသားစုဝင်ငွေတိုးရေးအတွက် တစ်နိုင်တစ်ပိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများနှင့် ဘိုင်အိုဒီဇယ်ထုတ် လုပ်သည့် ခြံစည်းရိုးကြက်ဆူပင် ၁၃၈ ဧကစိုက်ပျိုးပြီးဖြစ်သည့်အပြင် မိသားစု ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက် နိုင်ရန်အတွက် အရင်းအနှီးလိုအပ်နေ သည့် အမျိုးသမီးများအား မတည် ရင်းနှီးငွေ ထုတ်ပေးပြီး စားဝတ်နေရေး အဆင်ပြေအောင် ထောက်ပံ့ပေးနိုင် ခဲ့ကြောင်း။

ယခုဆိုလျှင် မိမိတို့ တိုင်း၌ မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစီအစဉ်၊ ဌာန ဆိုင်ရာများအစီအစဉ်၊ မိခင်ကလေး၊ အမျိုးသမီးရေးရာနှင့် အလှူရှင်များ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ၂၀၀၁ခုနှစ်မှယနေ့အထိ အထက်တန်း ကျောင်း၃၁ကျောင်း၊ အလယ်တန်း ကျောင်း၄၆ ကျောင်း၊ မူလတန်း ကျောင်း၇၀၁ကျောင်း စုစုပေါင်း၇၇၈ ကျောင်းကို ပြုပြင်ဆောက်လုပ်နိုင်ခဲ့ပြီး တန်ဖိုးငွေအားဖြင့် ၁၁၉ဒသမ၃၂သန်း အကုန်ကျခံ သုံးစွဲခဲ့ကြောင်း။

တိုက်နယ်ဆေးရုံခြောက်ခု၊ ကျေး လက်ကျန်းမာရေးဌာန ၅၂ခု၊ ကျေး လက်ကျန်းမာရေးဌာနခွဲ၁၃၇ခု စုစု ပေါင်း၁၉၅ခုကို ပြုပြင်ဆောက်လုပ် ပေးနိုင်ခဲ့ပြီး တန်ဖိုးငွေအားဖြင့် ၂၉ ဒသမ၆၆သန်း အကုန်ကျခံ သုံးစွဲခဲ့ ကြောင်း၊ ၂၀၀၅-၂၀၀၆ခုနှစ်အတွင်း တွင် ရေခက်ခဲသည့်ကျေးရွာများတွင် စက်ရေတွင်း၊ လက်နှိပ်တွင်း စုစုပေါင်း ၃၆၃တွင်းတူးဖော်ပေးနိုင်ခဲ့ပြီး တန်ဖိုး ငွေအားဖြင့်၂၅၆ဒသမ၉၁သန်း အကုန် ကျခံ သုံးစွဲခဲ့ကြောင်း။

လျှပ်စစ်မီးရရှိ

ကျေးလက်ဖွံ့ဖြိုးရေး လမ်းများ အနေဖြင့် ကျောက်ခင်းလမ်း ၂၁မိုင် ခြောက်ဖာလုံ၊ မြေသားလမ်း ကိုးမိုင် ခုနစ်ဖာလုံ ဖောက်လုပ်ပေးနိုင်ခဲ့ပြီး တန်ဖိုးငွေအားဖြင့် ၂၀၃ဒသမ၈၀ သန်း ကုန်ကျခဲ့ပါကြောင်း၊ ကျေးလက် ဖွံ့ဖြိုး ရေး တံတားများအနေဖြင့် ၁၂စင်း ဆောက်လုပ်ပေးနိုင်ခဲ့ပြီး တန်ဖိုးအား ဖြင့်၂၁ဒသမ၂၈သန်းအကုန်ကျခံသုံးစွဲ ခဲ့ကြောင်း၊ ကျေးလက်နေ ပြည်သူများ လျှပ်စစ်မီး ရရှိရေးအတွက် နွားချေး နှင့်ဇီဝဓာတ်ငွေ့ထုတ်လုပ်သည့် (Bio Gas) လျှပ်စစ်စက်ရုံများကို သိပ္ပံနှင့် နည်းပညာ ဝန်ကြီးဌာနနှင့် ပေါင်း စပ်ပြီး တည်ဆောက်ပေးခဲ့ရာ ယနေ့ အထိ စုစုပေါင်း ကျေးရွာ ၈၉ ရွာကို လျှပ်စစ်မီးရရှိအောင် ဆောင်ရွက်ပေး နိုင်ခဲ့ကြောင်း။

ကျေးလက်များတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံပြီး ပြည်သူများ စီးပွားဝင်ငွေ တိုးတက် လာအောင်(Micro Eco)အသေးစား စီးပွားရေးလုပ်ငန်းများကိုလည်း စီစဉ် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကျေးရွာ ၂၃ ရွာတွင် နွား၊ ဝက်၊ ဆိတ်၊ ဘဲ ကောင်ရေ ၁၈၉၉၆ကောင် မွေးမြူရေး အတွက် ငွေကျပ် ၅၇ဒသမ၆သန်းဖိုး ထောက်ပံ့ပေးနိုင်ခဲ့ပြီး ကျေးရွာ ခုနစ် ရွာ၌ ကြံ၊ ငရုတ်ကောင်း၊ ဝါသီးနှံ များ စိုက်ပျိုးခြင်းနှင့် ကုန်းမြင့်လယ် ယာ ဖော်ထုတ်လုပ်ကိုင်နိုင်ရန် ၁၂၇ ဧကအတွက် ငွေကျပ် ၇ဒသမ၄သန်း ဖိုး ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံ တော်အစိုးရ၏ ဦးဆောင်ပံ့ပိုးကူညီမှု၊ NGO အဖွဲ့အစည်းများနှင့် ဒေသခံ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင် ရွက်မှုကြောင့် မိမိတို့မန္တလေးတိုင်း အနေဖြင့် အဘက်ဘက်က ဖွံ့ဖြိုးတိုး တက်နေပြီဆိုသည်ကို သိသာထင်ရှား နေကြောင်း။

အထူးကောင်းမွန်

အခုဆိုလျှင်မန္တလေးတိုင်းအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာ ရေး၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများ နှင့် လမ်းပန်းဆက်သွယ်ရေး အထူး ကောင်းမွန်လာမှုကြောင့် လူနေမှု အဆင့်အတန်း သိသိသာသာပြောင်းလဲ တိုးတက်လာသည်ကို အားလုံးမျက်မြင် တွေ့ရှိနေရပြီဖြစ်ကြောင်း။

မိမိတို့ နိုင်ငံတော်၏ ရည်မှန်း ချက်ပန်းတိုင်သည် အေးချမ်းသာယာ ပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်း ကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ကြီး တည်ဆောက်ရေးဖြစ်ကြောင်း၊ ယင်းရည်မှန်းချက်ပန်းတိုင် ရောက်ရှိ ရေးအတွက် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည် ချက် ၁၂ရပ်နှင့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး တစ်ဆင့်ပြီး တစ်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်နေ သည်ဆိုသည်ကို အားလုံး အသိဖြစ် ကြောင်း။

လုပ်ကြံဖန်တီး

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ တော်ကြီးကို အဘက်ဘက်က ဖွံ့ဖြိုး တိုးတက်အောင် ဆောင်ရွက်နေချိန် တွင် နိုင်ငံချစ်စိတ်၊ အမျိုးချစ်စိတ် ကင်းမဲ့သူများ၊ နိုင်ငံတော်အာဏာကို ဖြတ်လမ်းက ရယူလိုသူများ၊ ပြည်ပ ကိုအထင်ကြီးအားကိုးသူများက မီဒီ ယာနည်းမျိုးစုံဖြင့်ဟန့်တားနှောင့်ယှက် နေသည်ကို အားလုံး တွေ့မြင်နေကြ ရမည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ အဖျက်သမားများက မြန်မာနိုင်ငံကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက အရေး ယူရန် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ ချမှတ်နိုင်ရေးအတွက် အင်အားကြီး နိုင်ငံအချို့ ဦးဆောင်သည့် ဆန့်ကျင် ဘက် အဖွဲ့အစည်းများက ဝေဖန်စွပ် စွဲချက်ပေါင်း ၁၀၀ကျော်မက ထုတ် ပြန်ပြီး မိမိတို့ မြန်မာနိုင်ငံကို ဂုဏ် သိက္ခာထိပါးအောင် လုပ်ကြံဖန်တီး နေကြကြောင်း။

ကြေညာချက်အမျိုးမျိုးထုတ်ပြန်

ပြည်တွင်းက နိုင်ငံရေးပါတီ တစ်ခုနှင့်ဝိုင်းရံထားသူ နောက်လိုက် များက မိမိတို့ မြန်မာနိုင်ငံ၏ နေ့ထူး နေ့မြတ်များဖြစ်ကြသည့် အမျိုးသား နေ့၊ ပြည်ထောင်စုနေ့၊ လွတ်လပ်ရေး နေ့များတွင် ကြေညာချက် အမျိုးမျိုး ထုတ်ပြန်ခဲ့ကြောင်း။

နိုင်ငံတော်အစိုးရအနေနဲ့ ယခုလို မွန်မြတ်တဲ့နေ့တွေမှာ ဦးတည်ချက် ကောင်းများချမှတ်ပြီး အမျိုးသားရေး အတွက် ကျင်းပဆောင်ရွက်ပေးလျက် ရှိပါတယ်။

မြန်မာ့သမိုင်းဝင်၊ သမိုင်းတင်မယ့် နေ့ထူးနေ့မြတ်များ၊ နိုင်ငံရေးပါတီ တစ်ခုနှင့် နောက်ပါတွေရဲ့ ထုတ်ပြန်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

နိုင်ငံတော်က မြန်မာ့တိုင်းရင်းဆေး အဆင့်အတန်း တိုးတက်မြင့်မား ရေးအတွက် မန္တလေးမြို့၌ တည်ဆောက်ဖွင့်လှစ်ခဲ့သည့် မန္တလေးမြို့ တိုင်းရင်းဆေးတက္ကသိုလ်ကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း(မြန်မာ့အလင်း)

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနမှ တာဝန်ယူတည်ဆောက်လျက်ရှိသော မန္တလေး တိုင်း ညောင်ဦးခရိုင်အတွင်းရှိ ငါ့သရောက်လျှပ်စစ်မြစ်ရေတင် စီမံ ကိန်း စခန်း(၂) တည်ဆောက်ပြီးစီးမှု မြင်ကွင်းကို ဇွန် ၂၈ရက်က ဤသို့ တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး(မြန်မာ့အလင်း)



မန္တလေးတိုင်းအတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၊ ကျန်းမာရေး၊ ပညာရေး ဖွံ့ဖြိုးတိုးတက်မှုများနှင့် လမ်းပန်း ဆက် သွယ်ရေး အထူးကောင်းမွန်လာမှု ကြောင့် လူနေမှု အဆင့်အတန်း သိသိသာသာ ပြောင်းလဲတိုးတက်လာသည်ကို အားလုံး မျက်မြင် တွေ့ရှိနေရပြီ။

ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုကို မျက်ကွယ်ပြုပြီး ပြည်တွင်းရေးကို ဒေသတွင်းပြဿနာအဖြစ် ပုံကြီးချဲ့ကြိုးပမ်းနိုင်ငံ့အကျိုးလိုလားသယောင် လှည့်စားနေတဲ့စကားလုံးတွေဟာ ဓားသွားထက်က ပျားရည်စက်သာဖြစ်

❍ ကျော်ဖုံးမှ

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ဆိုလျှင် အမျိုးသမီး ဦးရေ ၁ ဒသမ ၀၄ သန်းကျော်ရှိသည့်အနက် အမျိုးသမီးရေးရာအဖွဲ့ကို ၀င်ရောက်နိုင်သည့် အမျိုးသမီးဦးရေသည် ၆၈၂၇၄၆ ဦးခန့်ရှိပြီး ယနေ့အထိ အမျိုးသမီးရေးရာအဖွဲ့၀င်သည် ၇၇၀၆၈ ဦးရှိကြောင်း၊ အဖွဲ့၀င်သစ်များမှာလည် လစဉ်တိုးပွားလျက်ရှိကြောင်း။

ပူးပေါင်းဆောင်ရွက်

မိမိတို့အမျိုးသမီးရေးရာအဖွဲ့သည် အမျိုးသမီးများ၏ အရေးကိစ္စများကို ကလေးအရွယ်၊ အမျိုးသမီးငယ်ရွယ်၊ သက်ကြီးရွယ်အိုဆိုပြီး အရွယ်သုံးပါးစလုံးကို ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ အမျိုးသမီးများ အကြမ်းဖက်မှုတွင် ကာကွယ်ရေး၊ ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေး၊အမျိုးသမီးများ လူနေမှုဘ၀မြှင့်တင်ရေးကိစ္စရပ်များကို နိုင်ငံတော်အစိုးရ၊ အစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများ၊ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

တိုင်းပြည်ကို ဦးဆောင်ဦးရွက်ပြုနေသည့် နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို ရောက်ရှိရေးအတွက် ဘက်စုံကဏ္ဍစုံ၊ နယ်ပယ်စုံ၌ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း၊ ယင်းသို့ ကြိုးပမ်းဆောင်ရွက်သည့်နေရာတွင် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားလူမျိုးများအားလုံးအပေါ် ထားရှိသော မေတ္တာစေတနာနှင့်ယှဉ်သည့် လမ်းညွှန်ချက်များကိုကြည့်လျှင် ဒေသတစ်ခုနှင့် တစ်ခုအကြား ဆူကြုံနိမ့်မြင့် ကွာဟမှုများ လျော့နည်းကျဆင်းအောင်၊ ပြည်နယ်၊ တိုင်းအားလုံး တစ်ပြိုင်တည်းမျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင်၊ တိုင်းရင်းသားညီအစ်ကိုအားလုံး ကျောသားရင်သား မခွဲခြားဘဲ တိုးတက်စေရအောင်ဆိုသည့် မွန်မြတ်သော ရည်မှန်းချက်များကို အမြဲအလေးထား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း။



နယ်စပ်ဒေသ ရှမ်း ပြည် နယ် (မြောက်ပိုင်း)ရှိ ပန်ဆန်း(ပန်ခမ်း) မြို့၏ ဖွံ့ဖြိုး တိုးတက်မှုမြင်ကွင်းကို အိုး အိမ် အဆောက်အအုံများစည်ကားစွာ ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

မိမိတို့ မျက်မြင်တွေ့နေရသည့် အခြေခံအဆောက်အအုံများ တိုးတက်ဖြစ်ထွန်းမှုများကို ကြည့်မည်ဆိုလျှင် ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁၉၈၈ ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းတာတမံပေါင်း ၁၆၇ ခု တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြုဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကျန်းမာရေးကဏ္ဍအနေဖြင့် တိုက်နယ်ဆေးရုံ၊ မြို့နယ် ဆေးရုံပေါင်း ၄၉ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၆၄ခု၊ ခုတင် ၂၀၀ဆံ့ဆေးရုံကြီးတစ်ရုံ ရှိနေပြီးဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို ကြည့်မည်ဆိုလျှင်လည်း နိုင်ငံတော်အစိုးရက အခြေခံပညာကျောင်းပေါင်း ၁၆၀၃ကျောင်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ နယ်စပ်ဒေသဖွံ့ဖြိုးရေးအစီအစဉ်ဖြင့် အခြေခံပညာကျောင်းပေါင်း ၂၆၃ကျောင်း ထပ်မံထူထောင်ပေးနိုင်ခဲ့ကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍအနေဖြင့် ဒီဂရီကောလိပ်တစ်ခု၊ အစိုးရနည်းပညာကောလိပ်တစ်ခု၊ အစိုးရကွန်ပျူတာကောလိပ်တစ်ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ကြည့်ရှုစောင့်ရှောက်

ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပေးခဲ့၍ နိုင်ငံတော်အစိုးရ၏ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ ပညာရေးမှူးများနှင့်အတူ မိမိတို့အမျိုးသမီးရေးရာအဖွဲ့၀င်များ၊ မိတ်ဖက် NGO အဖွဲ့အစည်းများကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုအနေနှင့် ကျန်းမာရေးအသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ ဆေးရုံတက်နေကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများကို ကြည့်ရှုအားပေးခြင်း၊ အစားအစာဆေးဝါးများ ထောက်ပံ့ခြင်း၊ HIV ရောဂါကူးစက်ခံရသူများကို ကြည့်ရှုအားပေးစကားပြောကြားခြင်းနှင့် အစားအစာထောက်ပံ့ခြင်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ နောင်ကိုလည်း ကြည့်ရှုစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

စီးပွားရေးကဏ္ဍအနေဖြင့်လည်း တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်ခွင့်များပေးပြီး အားပေးကူညီလျက်ရှိကြောင်း၊ စိုက်ပျိုးရေးကဏ္ဍတွင်လည်း ဘိန်းအစားထိုးသီးနှံအဖြစ် ပြောင်း၊ ကြံ၊ ပဲပုပ်၊ နေကြာ၊ ပျားလိမ္မော်၊ လိုက်ချီး၊ ပန်းနှမ်း၊ ရော်ဘာနှင့် ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနိုင်ရေးအတွက် မျိုးစေ့နှင့် ပျိုးပင်များပေးပြီး လယ်ယာမြေလုပ်ကိုင်ခွင့်များ ချပေးခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ အထူးသဖြင့် လယ်ယာကဏ္ဍ၌ ဆင်းရွှေလီမျိုးကောင်း မျိုးသန့်စပါးကို ထုတ်လုပ်ဖြန့်ဖြူးပေးခြင်း၊ ရေရရှိအောင် ဆည်မြောင်း တာတမံများ ဆောက်လုပ်ပေးခြင်း၊ နည်းပညာများပေးခြင်းတို့ကြောင့် ယနေ့ မိမိတို့ပြည်နယ်၌ တစ်ဧက ပန်းတိုင်အထွက်နှုန်းကို ကျော်လွန်ပြီးတင်း ၂၀၀ကျော်ထွက်ရှိနေပြီဖြစ်ကြောင်း၊ ဒေသဆန်ဖူလုံမှုအနေဖြင့် ၁၂၀ဒသမ ၀၂ရာခိုင်နှုန်းအထိ ရှိနေပြီဖြစ်ကြောင်းကို သိရှိရကြောင်း။

စွပ်စွဲ၀ေဖန်ပြောဆို

သို့သော်လည်း အမှန်တရားကို မျက်ကွယ်ပြုထားသည့် အဆိုးမြင်ဝါဒီများ ပြည်တွင်း၊ ပြည်ပက သစ္စာဖောက် ပုဆိန်ရိုးက ယခုကဲ့သို့ တိုးတက်ဖြစ်ထွန်းနေမှုများကို လျစ်လျူရှုပြီး ရှမ်းပြည်နယ်ကြီး ဆုတ်ယုတ်ပျက်စီးနေကြောင်း၊ ရှမ်းတိုင်းရင်းသားများကို မျိုးဖြုတ်စစ်ဆင်ရေးများ ပြုလုပ်နေကြောင်း၊ တိုင်းရင်းသူများကို မတရားပြုကျင့်ကြောင်း၊ ကျေးရွာများအား အဓမ္မပြောင်းရွှေ့နေရာချထားခြင်း၊ ပြည်ပသို့ ဒုက္ခသည်များပြောင်းရွှေ့ခြင်း၊ မူးယစ်ဆေးဝါးအန္တရာယ် ထိန်းချုပ်ကာကွယ်မှုအားနည်းခြင်း၊ လူကုန်ကူးမှုကိစ္စရပ်များကို အရေးယူဆောင်ရွက်မှုမရှိခြင်း၊ အမျိုးသမီးများ အကြမ်းဖက်ခံနေရခြင်း မဟုတ်မမှန် လုပ်ကြံဖန်တီးမှုအဖုံဖုံကို နိုင်ငံတကာက အထင်အမြင်လွဲမှားအောင် စွပ်စွဲ၀ေဖန်ပြောဆိုနေကြကြောင်း။

သာဓကအနေဖြင့် ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဖလှယ်လှုပ်ရှားဆောင်ရွက်ရေးအသင်း SWAN ဆိုသည့် အဖွဲ့က ရှမ်းပြည်နယ်အတွင်း Liscene to Rape ခေါင်းစဉ်ဖြင့် ရှမ်းအမျိုးသမီးများအပေါ် အဓမ္မပြုကျင့်နေကြောင်း စာအုပ်ရေးသားထုတ်၀ေကာ စွပ်စွဲလျက်ရှိကြောင်း၊ ယင်းအဖွဲ့မှ နန်းချန်းတောင်က ယင်းကိုကြိုးကိုင်နေသည့် နိုင်ငံ၏သမ္မတနှင့် နိုင်ငံခြားရေး ၀န်ကြီးထံ သွားရောက်ပြီး တွေ့ဆုံခွင့်တောင်းကာ မဟုတ်မမှန် လိမ်လည်ဖော်ပြသော စာတမ်းများဖြင့် နိုင်ငံတကာက ထင်ယောင်ထင်မှားဖြစ်အောင် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ နန်းချန်းတောင်သည် လန်ဒန်အခြေစိုက် ကွန်ဆာဗေးတစ်ပါတီ လူ့အခွင့်အရေး ကော်မရှင်၌ မြန်မာနိုင်ငံရေးကိစ္စတွင် သက်သေထွက်ဆိုပြောကြားမှုများပင် ပြုလုပ်ခဲ့ကြောင်း၊ တိုင်းရင်းသူများကို မုဒိမ်းကျင့်သည်ဆိုသည့်လုပ်ရပ်ကို လက်နက်သဖွယ် အသုံးပြုကြောင်းနှင့် အဓမ္မလုပ်အားပေးခိုင်းစေကြောင်း မဟုတ်မမှန်သတင်းများဖြင့် လိမ်လည်လုပ်ကြံဆောင်ရွက်ချက်များဖြစ်ကြောင်း။

မိမိတို့ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း၌ ရှမ်းတိုင်းရင်းသူ အမျိုးသမီးများအား နန်းချန်းတောင် ပြောသကဲ့သို့ လုပ်ဆောင်သည်ဆိုသည်မှာ လုံး၀မဟုတ်မမှန်ပါကြောင်း၊ ၎င်းပြောသကဲ့သို့ မိမိတို့ တိုင်းရင်းသား အမျိုးသမီးများ ခံစားခဲ့ရခြင်းမျိုးလည်း မရှိခဲ့ကြောင်း၊ ယင်းသို့ အဖြစ်မျိုးဖြစ်မည်ဟုလည်း စဉ်းတောင်မစဉ်းစားခဲ့ဖူးကြောင်း၊ ယင်းဖြစ်စဉ်မျိုးလည်း မကြားခဲ့ဖူးကြောင်း၊ ယင်းကဲ့သို့ စွပ်စွဲချက်များကို ကြားသိရသည့်အတွက် သက်ဆိုင်ရာ တာ၀န်ရှိသူများက စုံစမ်းစစ်ဆေးမှုများ၊ ကွင်းဆင်းစစ်ဆေးမှုများပြုလုပ်ခဲ့ရာတွင် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် တိုင်းရင်းသူ အမျိုးသမီးများဘက်မှ ပါ၀င်ကူညီစုံစမ်းပေးခဲ့ကြောင်း၊ စုံစမ်းစစ်ဆေးချက်များအရ စွပ်စွဲမှု ၁၃၇မှုမှာ ၁၃၅မှုသည် လုပ်ကြံဖန်တီးထားခြင်းသာဖြစ်ကြောင်းကို သိရှိခဲ့ရကြောင်း၊ မှန်ကန်သည့်ဖြစ်စဉ် နှစ်ခုအတွက် ပြစ်မှုကျူးလွန်သူများကို ထောင်ဒဏ် ၁၀နှစ်အထိ ပြင်းထန်သော ပြစ်ဒဏ်များ စီရင်ပြီးဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အစဉ်အလာနှင့် ဥပဒေကို လေးစားလိုက်နာရသူများဖြစ်သည့်အတွက် ထိထိရောက်ရောက် အရေးယူသွားမည်ဖြစ်ကြောင်း။

လုပ်ကြံဖန်တီး

နန်းချန်းတောင်သည် ရှမ်းအမျိုးသမီး အမည်ခံထားသော်လည်း ရှမ်းအမျိုးသမီးများအတွက် လူမှုစီးပွားဘ၀ ဖွံ့ဖြိုးတိုးတက်ရေး၊ ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် ပါ၀င်ဆောင်ရွက်မှု လုံး၀မရှိခဲ့ပါကြောင်း၊ မိမိတို့အမျိုးသမီးရေးရာ အဖွဲ့ကသာ မိမိတို့တိုင်းရင်းသူများအတွက် လက်တွေ့ကျကျ ပါ၀င်ကူညီဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် နန်းချန်းတောင်သည် ရှမ်းပြည်နယ်အမျိုးသမီးထုကို ကိုယ်စားပြုသူမဟုတ်ကြောင်း မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က အသိပေးကြေညာလိုက်ပါကြောင်း၊ SWAN အသင်းသည် ရှမ်းပြည်နယ်အမျိုးသမီးထုကို ကိုယ်စားပြုထားသော အသင်းမဟုတ်ဘဲ ပြည်ပနိုင်ငံများ၏ ကြိုးဆွဲရာအတိုင်း ထူထောင်ထားသည့် အသင်းဖြစ်နေခြင်းကြောင့် ယင်းနိုင်ငံကြီးများနှင့် တွေ့ဆုံဇာတ်တိုက် လုပ်ကြံစီစဉ်ဖန်တီးနေသည်ကို အထက်၌တင်ပြခဲ့သည့် သာဓကများအရ သိသာထင်ရှားနေကြောင်း၊ ထို့ကြောင့် SWAN ရှမ်းအမျိုးသမီးရေးရာ ဆက်သွယ်ဖလှယ်လှုပ်ရှားဆောင်ရွက်ရေးအသင်းကို မတရားအသင်းအဖြစ် ကြေညာပေးပါရန်နှင့် ဥပဒေအရ အရေးယူပေးပါရန် နိုင်ငံတော်အား တင်ပြလိုကြောင်း။

ဆက်လက်ပြီး PWO ဆိုပြီး ပလောင်အမျိုးသမီးအစည်းအရုံး၏ ထုတ်ပြန်သည့်အစီရင်ခံစာပါ မူးယစ်ဆေး၀ါးနှင့် ပတ်သက်သည့် မမှန်သော စွပ်စွဲချက်များကို အနည်းငယ် ရှင်းလင်းလိုကြောင်း၊ နိုင်ငံတော်အစိုးရသည် မူးယစ်ဆေး၀ါး ပပျောက်ရေးအတွက် မဟာဗျူဟာ၊ နည်းဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိသည်ကို အများသိပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရထံ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၇ ဖွဲ့အနက် ပလောင်ပြည်နယ် လွတ်လပ်ရေးတပ်လည်း အပါအ၀င်ဖြစ်ကြောင်း၊ မူးယစ်ဆေး၀ါးနှင့် ပတ်သက်လာလျှင် မည်သည့်အဖွဲ့အစည်းကိုမျှ ခွင့်လွှတ်ခြင်းမရှိဘဲ ပြတ်ပြတ်သားသား အရေးယူခဲ့မှုများကိုလည်း သတင်းစာရှင်းလင်းပွဲများ၊ မူးယစ်ဗဟိုအဖွဲ့က ထုတ်ပြန်သည့် အစီရင်ခံစာများအရ သိရှိနိုင်ကြောင်း၊ အဆိုပါ ရှင်းလင်းပွဲများတွင် တာ၀န်ရှိပုဂ္ဂိုလ်များ၏ ရှင်းလင်းချက်အရ လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ခဲ့သည့် အဖွဲ့အစည်းတစ်ခုမှ အဆင့်မြင့် အရာရှိနှင့် နောက်လိုက်များအား မူးယစ်ဆေး၀ါးအမှုနှင့် ပတ်သက်၍ ဖမ်းဆီးအရေးယူပြီး ပြင်းထန်သည့် ပြစ်ဒဏ်ပေးခဲ့ကြောင်း၊ ဘိန်းပပျောက်ရေးတွင် တိုင်းရင်းသားအဖွဲ့အစည်းများက နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်ခဲ့သဖြင့် မိုင်းလား၊ ကိုးကန့်နှင့် '၀'ဒေသများတွင် ဘိန်းကင်းမဲ့ဇုန်များအဖြစ် ၁၉၉၇ ခုနှစ်၊ ၂၀၀၃ ခုနှစ် နှင့် ၂၀၀၅ ခုနှစ်များတွင် ကြေညာနိုင်ခဲ့ကြောင်း၊ ထို့ပြင် UNODC နှင့် Global Illiicit Crop Monitoring Program တွင် မြန်မာနိုင်ငံသည် ၂၀၀၁ခုနှစ်မှစတင်၍ ပူးပေါင်းပါ၀င်ပြီး နှစ်စဉ်မြေပြင်စာရင်းများ ကောက်ယူခြင်း၊ ဂြိုဟ်တုဓာတ်ပုံများနှင့် တိုက်ဆိုင်စစ်ဆေးအတည်ပြုခြင်းများကို ဆောင်ရွက်နေကြောင်းကိုသိရှိရကြောင်း၊ အထူးသဖြင့်တိုင်းတာသည့် ငါးနှစ်တာအတွင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ဘိန်းစိုက်ပျိုးမှုမရှိသလောက် ကျဆင်းသွားကြောင်း UNODC ၏ အစီရင်ခံစာအရ သိရှိရကြောင်း၊ UNODC ၏ နည်းစနစ်အရ ဂြိုဟ်တုမှရိုက်ကူးသော ဓာတ်ပုံများကို မြေပြင်၌ စာရင်းတိုက်ဆိုင်စစ်ဆေးသော နည်းစနစ်ဖြစ်ပြီး UNODC မှ ကျွမ်းကျင်သည့် ပုဂ္ဂိုလ်များနှင့်အတူ အစိုးရ၀န်ထမ်းများက အတည်ပြုတိုင်းတာခြင်းဖြစ်သည့်အတွက် ထုတ်ပြန်ချက်များသည် မှားယွင်းမှုအလွန်နည်းကြောင်း သိရကြောင်း၊ တိုင်းတာမှုများတွင် UNODC မှ ပုဂ္ဂိုလ်များပါ၀င်ပြီး ကျွမ်းကျင်သူများဖြစ်၍ လိမ်ညာစာရင်းပြ၍ မရကြောင်း၊ ထို့ကြောင့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်အား ဘိန်းထုတ်လုပ်ရောင်း၀ယ်ခွင့်ပြုထားမှု၊ ပလောင်ဒေသတွင် ဘိန်းစိုက်ပျိုးမှုတိုးတက်မှုစသည့် စွပ်စွဲချက်များသည် အခြေအမြစ်ကင်းမဲ့သည့် စွပ်စွဲချက်များသာဖြစ်ကြောင်း။

5-7 (08).p65 1 1/7/32, 10:37 PM

အခြေအမြစ်မရှိ

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် (၁၅) နှစ် စီမံကိန်းကို နှစ်တိုင်းနှစ် သုံးပိုင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ (၁၅)နှစ် စီမံကိန်းအတွက် ပန်းတိုင်သစ်စီမံကိန်းများချမှတ်ပြီး ဘိန်းအစားထိုးသီးနှံစိုက်ပျိုးခြင်း၊ ဘိန်းမျိုးစေ့များ မီးရှို့ဖျက်ဆီးခြင်းအပြင် မူးယစ်ဆေးဝါးကုသခြင်းနှင့် ပြန်လည်ထူထောင်ရေးစခန်းများကို ကုသရေးဌာန ၂၆ ခု၊ ဆေးကုသဌာန ၄၀ တို့ ဖွင့်လှစ်ထားခြင်းများရှိကြောင်း၊ ထို့အပြင် UNODC က ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ အကောင်အထည်ဖော်နေသည့် လူထုအခြေပြု မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးစီမံကိန်း၊ မူးယစ်ဆေးထိုးသုံးစွဲခြင်းနှင့် ၎င်းနှင့်ဆက်နွှယ်နေသည့် အန္တရာယ်များ လျှော့ချရေးစသဖြင့် မူးယစ်ဆေးစွဲ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့အပြင် ‘ဝ’ဒေသ အစားထိုး ဖွံ့ဖြိုးရေးစီမံကိန်းအရ မူးယစ်ဆေးစွဲကုသရေးစခန်းကို စီမံကိန်းဒေသအနှံ့ ဖွင့်လှစ်ကုသပေးသည့်အတွက် ပလောင်လူမျိုးအပါအဝင် ဒေသခံ တိုင်းရင်းသားများ တက်ရောက်ကုသလျက်ရှိကြောင်း၊ ပလောင်အမျိုးသမီးအသင်းဆိုပြီး လုပ်ကြံဖန်တီးစွပ်စွဲချက်များ အခြေအမြစ်မရှိသည့်အပြင် မှန်ကန်မှုလည်း လုံးဝမရှိကြောင်းကို တင်ပြလိုကြောင်း၊ ဘိန်းစားသုံးမှုကြောင့် လူမှုစီးပွား ပျက်စီးဆုံးရှုံးမှုသည် ပလောင်ဒေသ တစ်ခုထဲတွင်သာမဟုတ်ပါကြောင်း၊ ဘိန်းနှင့် ဆက်နွှယ်နေသည့် ဒေသအားလုံးတွင် ဖြစ်ပေါ်နေသည့် လူမှုရေးပြဿနာများလည်းဖြစ်ကြောင်း၊ဘိန်း၊ မူးယစ်ဆေးဝါးသုံးစွဲသည့် အိမ်ထောင်စုများ၏ ယေဘုယျပြဿနာကို အကျယ်ချဲ့နေခြင်းသာဖြစ်ကြောင်း၊ ယင်းလူမှုရေးပြဿနာ၊ အိမ်ထောင်ရေးပြဿနာများသည် ပလောင်ဒေသသာမက နယ်စပ်ဒေသနှင့် မြို့ပေါ်နေ လူထုလူတန်းစားများတွင်လည်း ၎င်း၏ဆိုးကျိုးဂယက်များကို တွေ့ကြုံခံစားနေရခြင်းသည် လူတိုင်းအသိဖြစ်၍ နိုင်ငံတော်အစိုးရနှင့် မူးယစ်ဗဟိုက သက်ဆိုင်သည့်လုပ်ငန်းအဖွဲ့များသည် ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း။

ဘိန်းအပါအဝင် မူးယစ်ဆေးကုသရေးအတွက် နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါးကုသရေးနှင့် ပြန်လည်ထူထောင်ရေးစခန်းကြီးနှစ်ခု၊ မူးယစ်ဆေးစွဲကုသရေးဌာနကြီး ၂၆ ခု၊ ဆေးကုဌာနငယ် ၄၀တို့ကို မြန်မာနိုင်ငံအနှံ့ ဖွင့်လှစ်ထားသည်။ ထို့အပြင် UNODCက ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လူထုအခြေပြု မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးစီမံကိန်း မူးယစ်ဆေးထိုးသုံးစွဲခြင်းနှင့် ၎င်းနှင့် ဆက်နွှယ်သော အန္တရာယ်များ လျှော့ချရေးစီမံကိန်းတို့ဖြင့်လည်း မူးယစ်ဆေးစွဲကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့ အပြင် ‘ဝ’ဒေသ အစားထိုးဖွံ့ဖြိုးရေးစီမံကိန်းအရ မူးယစ်ဆေးစွဲကုသရေးစခန်းများကို စီမံကိန်းဒေသအနှံ့၌ ဖွင့်လှစ်ကုသပေးနေသည့်အတွက် ပလောင်လူမျိုးအပါအဝင် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကုသကြောင်းကိုလည်း သိရှိရကြောင်း၊ ထို့ကြောင့် ပလောင်အမျိုးသမီးများအသင်းက လုပ်ကြံဖန်တီးထုတ်လွှင့်သည့် စွပ်စွဲချက်များသည် အခြေအမြစ်မရှိ၊ မမှန်ကန်ကြောင်း ထင်ရှားလှပါကြောင်း။

လေ့လာသုံးသပ်နိုင်

မြန်မာနိုင်ငံအပေါ် ထိုးနှက်ချက်တစ်ရပ်ဖြစ်သည့် ကုလသမဂ္ဂစင်မြင့်၌ ငြိမ်းချမ်းရေးဆိုပြီး ခြိမ်းခြောက်မှုနှင့် မဟုတ်မမှန် စွပ်စွဲထိုးနှက်လာချက်များသည် တခြားသူများကိုပါ ထင်ယောင်ထင်မှားဖြစ်စေရန် ဝါဒဖြင့် ထိုးနှက်ချက်များဖြစ်ပြီး ကိုယ်လိုရာဆွဲ၍ ဖော်ပြထားခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် မိမိတို့နိုင်ငံသူ၊ နိုင်ငံသားများကို ကိုယ်စားမပြုသော အသင်းအဖွဲ့များ၏ မဟုတ်မမှန် လုပ်ကြံဆောင်ရွက်ချက်များကို လက်ခံစဉ်းစားခြင်းမပြုပါရန်နှင့် အခြေအနေမှန်များကို လေ့လာသုံးသပ်နိုင်ပါရန် တင်ပြလိုကြောင်း။

ယခုဆိုလျှင် မိမိတို့ ရှမ်းပြည် နယ်(မြောက်ပိုင်း)အတွင်း၌ နိုင်ငံတော်၏ စေတနာအမှန်ကို သိရှိပြီး တိုင်း ရင်းသားလက်နက်ကိုင်အဖွဲ့ ခြောက်ဖွဲ့သည် လက်နက်နှင့်ငြိမ်းချမ်းရေး အပြီးအပိုင်လဲလှယ်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ အပြင် ၂၄-၁၁-၂၀၀၅ရက်က စတင်ပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း) နယ်နိမိတ်ကို ဖြတ်ကျော်ပြီး မိမိတို့ ပြည်နယ်အတွင်းကို ဝင်ရောက်လာခဲ့သည့် SURA စဝ်ခွန်ကျော်(ခ) သံချောင်းဦးစီးသော အင်အား ၆၀ခန့်သည် မိမိတပ်မတော် စစ်ကြောင်းများ၏ လိုက်လံရှင်းလင်းမှုကြောင့် နောက်ဆုံး ၁-၁-၂၀၀၆ရက်တွင် သံချောင်းအပါအဝင် အင်အား ၆၀ခန့်သည် မိမိတို့ တပ်မတော်ထံ အလင်းဝင်ရောက်သူကဝင်ရောက်၊ လက်နက်ချအညံ့ခံသူများက အညံ့ခံကြောင်း၊ တပ်မတော်ရင်ခွင်ကို ခိုလှုံလာခဲ့ကြကြောင်း၊ တပ်မတော်သည် ၎င်းတို့အစာရေစာ ပြတ်တောက်နေချိန်တွင် စစ်တပ်သဘောသဘာဝအရ တပ်စခန်းကို ချေမှုန်းနိုင်၍ရသော်လည်း မိမိတိုင်းရင်းသားညီအစ်ကိုများဖြစ်သည့်အတွက် သဘောထားကြီးစွာဖြင့် လက်ကမ်းကြိုဆိုပြီး အစားအစာများ ကျွေးမွေး၍ ဥပဒေနှင့်အညီသာ အရေးယူဆောင်ရွက်သွားခဲ့ကြကြောင်း၊ ယင်းဖြစ်ရပ်ကိုလည်း ကမ္ဘာသိအောင် နိုင်ငံတကာစစ်သံမှူးများ၊ သတင်းစာဆရာကြီးများရှေ့မှောက်တွင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းကိုကြည့်ခြင်းအားဖြင့် ရှမ်းတိုင်းရင်းသားများကို မျိုးဖြုတ် စစ်ဆင်ရေးဆင်နွှဲနေသည်ဆိုသည်မှာ တကယ်တကယ်စင်အောင် မှားယွင်းကြောင်း အဓိပ္ပာယ်မဲ့စွပ်စွဲချက်သာဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်ကြောင်း၊ ထို့အပြင် ကောက်ကွေ့ဆည်ကြီး အပါအဝင် ကျန်သောဆည်တမံများကို ဆောက်လုပ်ပေးခဲ့သည့်အတွက်လည်း ကျေးရွာများပြောင်းရွှေ့ပေးရခြင်း၊ ကျေးရွာများ ဖျက်ဆီးခြင်းများပြုလုပ်မှု မရှိကြောင်းကို သာဓကအနေဖြင့် တင်ပြလိုကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများသို့ ရောက်ရှိပြီး ဒုက္ခရောက်ခဲ့ရသည့် အမျိုးသမီးများကို တရားဝင်ပြန်လည်လက်ခံပြီး ဒေသဆိုင်ရာအာဏာပိုင်များ၊ အဖွဲ့ အစည်းများနှင့် အတူ မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ဝင်များက နေရပ်ကို အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိရေး၊ မိဘများထံအပ်နှံရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း။

ပုံကြီးချဲ့စွပ်စွဲ

မြန်မာနိုင်ငံ၏ ပြည်တွင်းဖြစ်ပေါ်တိုးတက်မှုများကို မျက်ကွယ်ပြုပြီး အနောက်နိုင်ငံကြီးများ၏ လုပ်ကြံအင်အားနှင့် ပြည်တွင်းရေးကို ဒေသတွင်းပြဿနာအဖြစ် နိုင်ငံတကာ ပြဿနာဖြစ်အောင် ပုံကြီးချဲ့နိုင်ရန် နည်းလမ်းအမျိုးမျိုးဖြင့် ကြိုးပမ်းနေကြခြင်းဖြစ်ကြောင်း၊ တိုင်းရင်းသားအရေး၊ လူ့အခွင့်အရေးစသည့် နိုင်ငံသိက္ခာကျအောင် မြန်မာနိုင်ငံသားအမည်ခံ ပြည်ပရောက်အဖွဲ့အစည်းများ၊ သစ္စာဖောက်များ၊ အကြမ်းဖက်သမားများက ပုံကြီးချဲ့စွပ်စွဲ မှုသာဖြစ်ကြောင်း။

အနောက်နိုင်ငံကြီးအချို့က ဖွံ့ဖြိုးဆဲနိုင်ငံများကို ယင်းတို့၏ ဩဇာခံဖြစ်ရန် စွက်ဖက်ခြယ်လှယ်လိုခြင်းကြောင့် အကြောင်းမရှိအကြောင်းရှာ၊ အပြစ်မရှိအပြစ်ရှာသည့် လုပ်ရပ်သာဖြစ်ကြောင်း၊ မိမိတို့၏ နိုင်ငံ၏အကျိုးကို လိုလားသယောင် ဟန်ဆောင်ပြီး ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုသည့် စကားလုံးများဖြင့် ဖုံးကွယ်လှည့်စားပြီး ခေတ်သစ်ကိုလိုနီလက်အောက်ခံ အခြေအနေပြုရေးဆိုသည့် ဓားသွားထက်ကပျားရည်စက်သာဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စသည် ဒေသတွင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေး၊ လုံခြုံရေးကို တိုက်ရိုက်အန္တရာယ် ပြုလာနိုင်မည့် အခြေအနေပေါ်ပေါက်လာမှသာ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ပါဝင်သည့် လုပ်ပိုင်ခွင့်အရ ဆွေးနွေးမှုအစီအစဉ်(Agenda) တွင် ထည့်သွင်းစဉ်းစားနိုင်မည်ဖြစ်ကြောင်း၊ ယင်းလိုအပ်ချက်အရ ရှမ်းတိုင်းရင်းသား ဒေသခံများအပေါ် လူမျိုးသုဉ်းသတ်ဖျတ်မှု (Ethnic Cleansing) ပြုလုပ်နေကြောင်းကို သုံးသပ်တွေ့ရှိနိုင်ကြောင်း။

အမျိုးသားစည်းလုံးညီညွတ်မှု

မြန်မာနိုင်ငံအစိုးရ၏ နိုင်ငံရေး ဦးတည်ချက်တစ်ရပ်သည် အမျိုးသားပြန်လည်ပေါင်းစည်းရေးဖြစ်ကြောင်း၊ နိုင်ငံရေး ဦးတည်ချက် သုံးရပ်ထဲတွင် တတိယအချက်သည် အမျိုးသားစည်းလုံးညီညွတ်မှုကို တည်ဆောက်ရန်ဖြစ်ကြောင်း၊ လူနည်းစုတိုင်းရင်းသားများကို ယဉ်ကျေးမှုပါမကျန် ဖျက်ဆီးသည်ဆိုသည့် စွပ်စွဲချက်သည် အခြေအမြစ်မရှိပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီကို ၁၉၈၉ ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် တိုးတက်ရေးကို ဆောင်ရွက်ခဲ့ကြောင်း၊ ၁၉၉၃ခုနှစ်တွင် နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဥပဒေပြဋ္ဌာန်းခဲ့ပြီး အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရေးအတွက်ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်းပေးခဲ့ကြောင်း၊ ယင်းတို့မှာ တိုင်းရင်းသားအားလုံး ကာလရှည် ခိုင်ခိုင်မာမာ၊ အကျိုးရှိရှိ တိုးတက်ဖွံ့ဖြိုးမှုကို ထာဝရ ဆောင်ရွက်နိုင်ရေးဖြစ်ကြောင်း၊ ထို့အပြင် အမျိုးသားညီလာခံကို တက်ရောက်နေသည့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်၊ တိုင်းရင်းသားကိုယ်စားလှယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ အသိပညာရှင်၊ အတတ်ပညာရှင် စသည့်ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော်တွင် ၆၆၃ဦးမှာ တိုင်းရင်းသားများဖြစ်ပြီး အမျိုးသားပြန်လည် ပေါင်းစည်းမှုအတွက် မည်သည့် အစိုးရကမှ ယခုကဲ့သို့ ဆောင်ရွက် ပေးခဲ့ခြင်းမရှိဘူးဆိုသည်ကို သက်သေ ပြလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရသည် နိုင်ငံတစ်ဝန်း၌ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးသာမက နိုင်ငံတော်တည်ငြိမ်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ဖွံ့ဖြိုးရေး ဒေသကြီးများသတ်မှတ်ပြီး မြို့နှင့် ကျေးရွာကွာဟချက်မရှိအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီးငါးရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ကျေးရွာများကို ဖျက်ဆီးခြင်း၊ အဓမ္မပြောင်းရွှေ့နေရာချထားခြင်းလုပ်သည်ဟု မဟုတ်မမှန်လုပ်ကြံစွပ်စွဲချက်များသည် အဖျက်အမှောင့် လုပ်ငန်းများဖြစ်ကြောင်း သိသာထင်ရှားကြောင်း။

၁၉၈၅ခုနှစ်ကစပြီး မြန်မာနိုင်ငံ၌ ခုခံအားကျဆင်းမှုကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး ပြည်နယ်၊တိုင်း အသီးသီးတွင် အဖွဲ့ ၄၃ဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ခုခံအားကျဆင်းမှုကူးစက် ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းစီမံချက်တွင် လုပ်ငန်းစဉ်ကြီး(၁၀)ရပ်ချမှတ်ထားပြီး ဦးစားပေးမြို့နယ်၁၈၁မြို့နယ် သတ်မှတ်ကာ HIVကို တားဆီးကာကွယ်လျက်ရှိကြောင်း။

မှန်ကန်မှုမရှိ

မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ၌ HIVပိုး ကူးစက်ခံထားရသူပေါင်း ၅ ဒသမ၁ သန်း၊ ထိုင်းနိုင်ငံတွင် ၅ဒသမ၇သန်းရှိကြောင်း၊ အရွယ်ရောက်ပြီးသူများ၏ HIV ပိုးတွေ့ရှိမှုနှုန်းသည် ထိုင်းနိုင်ငံ၌ ၁ဒသမ ၉ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံ၌ ၂ဒသမ၆ရာခိုင်နှုန်းရှိပြီး မြန်မာနိုင်ငံ၌ ၁ဒသမ၃ရာခိုင်နှုန်းသာရှိခြင်းကြောင့် မြန်မာနိုင်ငံကို ဒေသဆိုင်ရာ နိုင်ငံအတွင်း AIDSရောဂါဖြစ်ပွားမှု အဆိုးဆုံးနိုင်ငံဟုဖော်ပြထားခြင်းသည် မှန်ကန်မှုမရှိပါကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၌ဆိုလျှင်လည်း ပုံမှန်ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်(၁၀) ခုအပြင် ဦးစားပေးမြို့နယ်အချို့တွင် အထူးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဆည်မြောင်း တာတမံပေါင်း ၁၆၇ ခု တည်ဆောက်ပေးနိုင်ခဲ့သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းများ၌ များစွာအထောက်အကူပြု ဆောင်ရွက်ပေးနိုင်ခဲ့၊ ကျန်းမာရေး ကဏ္ဍအနေဖြင့် တိုက်နယ်ဆေးရုံ၊ မြို့နယ်ဆေးရုံပေါင်း ၄၉ ရုံ၊ ကျေးလက်ကျန်းမာရေးဌာန ၆၄ခု၊ ခုတင်(၂၀၀)ဆံ့ ဆေးရုံကြီး တစ်ရုံရှိနေပြီးဖြစ်၊ ပညာရေးကဏ္ဍကို ကြည့်မည်ဆိုလျှင်လည်း နိုင်ငံတော်အစိုးရက အခြေခံပညာကျောင်းပေါင်း ၁၆၀၃ ကျောင်း ထပ်မံဖွင့်လှစ်ပေးနိုင်ခဲ့။

အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ လူကုန်းကူးမှုလုပ်ငန်းတားဆီးရေး အနိမ့်ဆုံးနိုင်ငံအဖြစ်သတ်မှတ်ခြင်းများသည် မဟုတ်မမှန်လုပ်ကြံဖန်တီးပြော ဆိုမှုများသာဖြစ်ကြောင်း၊ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီအောက်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီကို ၂၀၀၂ခုနှစ်တွင် ဖွဲ့စည်းပေးခဲ့ပြီးပြည်ထဲရေးဝန်ကြီးဌာန လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ထို့အပြင်(UNIAP,SC-UK,World Vision) ကိုအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။ ၂၀၀၂ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ဥပဒေအရ အရေးယူမှုပြုခဲ့သည့် အမှုပေါင်း ၆၇၇ မှုသည် လူကုန်ကူးခံရသူ ကျား ၁၈၂၄ ဦး၊ မ ၁၆၄၉ ဦးဖြစ်ပြီး တရားခံ ကျား ၇၄၂ဦး၊ မ ၆၂၃ ဦးကို အရေးယူခဲ့ကြောင်း။

စနစ်တကျပြန်လည်အပ်နှံ

လူကုန်ကူးမှုတိုက်ဖျက်ရေး၌ အဓိကကျသည့် ကွန်ဗင်းရှင်းဖြစ်သော (Convention on Tramanational Organize. Crime)နှင့်(Protocol) များတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံအဖြစ်ပါဝင်ခဲ့ကြောင်း။ ၂၀၀၅ ခုနှစ်တွင် လူကုန်ကူးမှုတားဆီး ကာကွယ်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး တရုတ်၊ မြန်မာ နှစ်နိုင်ငံအဆင့်မြင့် အရာရှိကြီးများ၊ ထိုင်း-မြန်မာ နှစ်နိုင်ငံ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး နှင့်လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေဆိုင်ရာ အမျိုးသားနီးနှောဖလှယ်ပွဲတို့ကို ကျင်းပနိုင်ခဲ့ကြောင်း။ ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသ၌လည်း ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့များကို ဖွဲ့စည်းထားသည့်အပြင် လူကုန်ကူးကာကွယ်တားဆီးရန် ပြည်ပသို့တရားမဝင်သွားရောက်အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးအဖွဲ့ အဆင့်ဆင့်ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း။ ၂၀၀၃ ခုနှစ်မှ ၂၀၀၅ ခုနှစ်အတွင်း ပညာပေးရေးလုပ်ငန်းများတွင် နယ်စပ်ဒေသ၌ ၂၁၈၅၀ကို ပညာပေးခဲ့ပြီး ၆၅ ဦးတို့အား မိဘထံစနစ်တကျ ပြန်လည် အပ်နှံနိုင်ခဲ့ကြောင်း။

အာရှဒေသအတွင်း လူကုန်ကူးမှုတားဆီးကာကွယ်ရေးစီမံကိန်း၌ ကျွမ်းကျင်မှုဆိုင်ရာသင်တန်းအမျိုးမျိုးကို လေ့ကျင့်ပေးခဲ့ကာ ယခုအခါ လက်တွေ့တာဝန်များထမ်းဆောင်လျက်ရှိကြောင်း။ လူကုန်ကူးမှုများပြားသည့် ပြည်နယ်၊ တိုင်းရှိ နယ်စပ်မြို့များ (Task Forec)များ၌ တာဝန်ချထားခဲ့ကြောင်း။ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးအသိဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ ချုပ်၏ ဦးဆောင်လမ်းညွှန်မှုကိုခံယူပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က လူမှောင်ခိုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် (AIDS)ရောဂါကာကွယ်တားဆီးရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူလူထုနှင့်အတူပူးပေါင်းပြီး အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးပေါ်ထွန်းရေးကို ဦးလည်မသုန် ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အလေးအနက်ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

စာမျက်နှာ ၁၁ ကော်လ ၆ သို့

လားရှိုး ပြည်သူ့ဆေးရုံကြီး

သားဖွား မီးယပ်ဆောင်

ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန်အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့တွင် တည်ဆောက်ဖွင့်လှစ်ခဲ့သည့် လားရှိုးပြည်သူ့ဆေးရုံကြီး၏ သားဖွားမီးယပ်ဆောင်ကို ဤသို့ တွေ့ရသည်။

ဓာတ်ပုံမှတ်တမ်း (မြန်မာ့အလင်း)

ပြည်သူသည်မှန်ကန်သောဆုံးဖြတ်ချက်ကို သမိုင်းအစဉ်အဆက်ရွေးချယ်ချမှတ်နိုင်ခဲ့သည်

ချစ်နိုင်(စိတ်ပညာ)

သမိုင်းကြောင်းကို ပြန်ပြောင်းလေ့လာလျှင် လူတစ်ဦးချင်းသည် မှန်ချင်မှန်မည်၊ မှားချင်မှားမည် ဖြစ်သော်လည်း နိုင်ငံတစ်ခုလုံး၏ အကောင်းအဆိုးကို ပြည်သူများ စုရုံးပေါင်းခြုံဆုံးဖြတ်ရာတွင်မူ ပြည်သူသည် အမြဲမှန်သည်ကို တွေ့ကြရမည်။ မြန်မာပြည်သူတို့သည် မင်းကောင်း မင်းမြတ်တို့ လက်ထက်တွင် နိုင်ငံတော်ကြီးကို ပတ်ဝန်းကျင်နိုင်ငံများက ခံ့ညားလေးစားလောက်အောင် အင်အားတောင့်တင်းစည်းလုံးသော တိုင်းပြည်ကြီးအဖြစ် စုပေါင်းတည်ဆောက်ပြခဲ့ကြသည်။ ဘုန်းတန်ခိုးအာဏာစက် ညံ့ဖျင်းသော၊ အမြော်အမြင်နည်းသော မင်းအချို့၏လက်ထက်တွင် နီးရာနီးရာ ဒေသဆိုင်ရာ မြို့စား၊ နယ်စား၊ စော်ဘွား၊ စော်ခံတို့ အုပ်ချုပ်မှုအောက်၌ ဘာသိဘာသာနေထိုင်၍ လုပ်ကိုင်စားသောက်ခဲ့ကြသည်။ တိုင်းရင်းသားအချင်းချင်း လူမျိုးမတူသောကြောင့်၊ ဘာသာကွဲသောကြောင့် ဘယ်အုပ်စုက ဘယ်အုပ်စုကို လူမျိုးသုဉ်း သတ်ဖြတ်ချေမှုန်းသည်ဟု သမိုင်းစာမျက်နှာတွင် တစ်ခါမှမရှိခဲ့ဖူးချေ။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်ကာ နှစ်ကာလ ထောင်နှင့်သောင်းနှင့်ချီကာ ချစ်ခင်စည်းလုံးစွာ နေထိုင်လာခဲ့ကြသည်။ မေတ္တာဖြင့် ချစ်ကြည်သော လူမျိုးများဖြစ်သည်။ သမိုင်းအစဉ်အလာအားဖြင့် မည်သည့်လူမျိုးက (လူဦးရေနည်းသည်ဖြစ်စေ၊ များသည်ဖြစ်စေ) မည်သည့်လူမျိုးကို အနိုင်ကျင့်လွှမ်းမိုး ဖိနှိပ်သည်ဟု မရှိခဲ့။ ထိုကဲ့သို့ အမုန်းမျိုး၊ အညှိုးအာဃာတမျိုးကိုလည်း ယဉ်ကျေးမှု ဓလေ့ထုံးစံ၏ အခြေခံအယူအဆက အားမပေး။ မမွေးမြူအပ်သော အကုသိုလ် ဒုစရိုက်အပြုအမူဆိုးအဖြစ် သတ်မှတ်ခဲ့ကြ၏။ ရှောင်ကြဉ်စေခဲ့၏။

ဘာသာမတူတူ၊ လူမျိုးကွဲကွဲ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးထဲမှာ အတူတကွ ပျံ့နှံ့နေထိုင်ခဲ့ကြသော တိုင်းရင်းသားအားလုံးတို့သည် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ လက်တွဲနေထိုင်ခဲ့ကြသည်။ ဘာသာစကား၊ စာပေ၊ကိုးကွယ်မှုတို့တွင် ကွဲပြားနိုင်သော်လည်း နှစ်ပေါင်းများစွာ၊ ချစ်ခင်ရင်းနှီးစွာ အတူတကွနေထိုင်လာခဲ့ကြသဖြင့် ယဉ်ကျေးမှု အရိပ်အငွေ့များ အပြန်အလှန်စီးဆင်းလျက်ရှိခဲ့ကြ၏။ မြန်မာစကားများထဲတွင် မွန်စကား၊ ရှမ်းစကား၊ ထားဝယ်စကား၊ ရခိုင်စကား စသည်များ စိမ့်ဝင်သုံးစွဲလျက်ရှိကြ၏။ မြန်မာဝေါဟာရအဘိဓာန်တွင် ကြည့်နိုင်၏။

ချစ်ခင်စည်းလုံးခြင်း၏ ခွန်အားကြီးမားခြင်းကို နားလည်သိမြင်ခဲ့ကြသည်။ စည်းလုံးညီညွတ်မှုမရှိဘဲ တစ်တောတစ်ကြက်ဖ တွန်ခြင်းများကြောင့် အင်အားချည့်နဲ့ ချို့တဲ့ပုံကို ကိုယ်တိုင် ဖြတ်သန်းနားလည်ခဲ့ကြသည်။ ထို့ကြောင့် ပြည်သူသည် ခေတ်အဆက်ဆက်၏ စစ်များ၊ ငြိမ်းချမ်းရေးများကို ကိုယ်တွေ့ခံစားချက်ဖြင့် အကျိုးအပြစ်များ ဝေဖန်ပိုင်းခြားနိုင်လေသည်။ အကောင်းအဆိုးကို နားလည်ပေသည်။

သမိုင်းစာမျက်နှာထဲတွင် စစ်မက်ထူပြောသော ခေတ်ကာလများကိုလည်း တွေ့ရှိနိုင်သည်။ စစ်ဖြစ်ကြရသဖြင့် ပြည်သူလူထု ရရှိခဲ့ကြသော အကျိုးတရားများမှာ စစ်ဘေးစစ်ဒဏ်ကြောင့် နှစ်ဦးနှစ်ဖက် သေကျေဒဏ်ရာရ၊ ခြေပြတ်၊ လက်ပြတ်၊ သတ္တန္တရကပ် ဆိုက်ရောက်ရခြင်းပေတည်း။ စီးပွားဥစ္စာ၊ လယ်ယာ၊ ချောင်းမြောင်း အလုပ်ကို ဦးစီးဦးဆောင်သော အိမ်ထောင်ဦးစီး မတ်မတ်မားမား ယောကျ်ားသားတွေ သေကြကျေကြပြီဆိုသောအခါ စိုက်ရေးပျိုးရေးတို့မှာ လစ်ဟာလျက် သီးနှံအထွက်နည်းကြပြီ။ သီးနှံစပါးအထွက် ပါးလျားသဖြင့် ငတ်မွတ်ခေါင်းပါးခြင်း ဒုဗ္ဘိက္ခန္တရကပ်လည်း ဆက်လက်ခံစားကြရသည်။ ဝမ်းမဝကြပေ။

သေကျေသူများခြင်း၊ ဒုက္ခိတတွေ များခြင်းတို့၏ နောက်တွင် အစာ ဆန်ရေ ရှားပါးငတ်မွတ်ခြင်းနှင့် အာဟာရမလုံလောက်ခြင်းသည် ရပ်တန့်ပြီးဆုံးမသွားသေးချေ။ ခန္ဓာကိုယ်က ရောဂါဘယကို ကာကွယ်ခုခံနိုင်စွမ်းများ ကျဆင်းကြသဖြင့် ရောဂါအနာအမျိုးမျိုးတို့၏ နှိပ်စက်ဖိစီးခြင်းကိုလည်း ခံစားကြရပြန်လေသည်။ ရောဂန္တရကပ်လည်း ဆိုက်ပေသည်။

စစ်နှင့်ကပ်သည် ဆက်စပ်နေသည်။ ကပ်သုံးပါးကို စစ်က မွေးဖွားသည်။ သမိုင်းစဉ်ကို ကိုယ်တိုင်ဖြတ်သန်းလာခဲ့ကြသော ပြည်သူသည် စစ်ဘေးစစ်ဒဏ်နှင့် ကပ်သုံးပါးကို ကိုယ်တွေ့ခံစားနားလည်ထားခဲ့သည်။ ပြည်သူသည် အတွေ့အကြုံအရ အမှန်အတိုင်း သိမြင်သည်။

စစ်ကိုမလိုလား။စစ်ကိုမချစ်။

ဆူပူပုန်ကန်ခြားနားခြင်းများ အလိုမရှိ။

ထိပ်တိုက်လှုပ်ရှား ဆန့်ကျင်ခြင်းများ၏ အချည်းနှီးဖြစ်ပုံများကို ကောင်းစွာသိမြင်သည်။ ငြိမ်းချမ်းရေးကို ချစ်မြတ်နိုးသည်။

စစ်နှင့်ဝေး၍ ငြိမ်းအေးတည်ငြိမ်ခြင်း၏ အရသာကို ကောင်းစွာ သဘောပေါက်သည်။ လုံခြုံအေးချမ်းခြင်း၊ တရားဥပဒေစိုးမိုးခြင်း၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်ခြင်း၊ ကြည်နူးခြင်း၊ ချမ်းမြေ့ခြင်းနှင့်အတူ ဖွံ့ဖြိုးတိုးတက်ခြင်း၊ စီးပွားတက်ခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာကြခြင်းကို ကိုယ်တွေ့သိရှိခံစားကြရသည်။

နိုင်ငံတော် တည်ငြိမ်အေးချမ်းသာယာရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ပြည်သူတစ်ရပ်လုံးက ဆန့်ကျင်ကြသည်။ အော့နှလုံးနာသည်။ ရွံရှာစက်ဆုပ်သည်။

ကျွန်ုပ်တို့ ပြည်ထောင်စုကြီးကို မစည်းလုံးရအောင်၊ မညီညွတ်ရအောင် နည်းမျိုးစုံသုံးလျက် သွေးခွဲသပ်လျှိုု၊ ဝင်ရောက်စွက်ဖက်နေသော ပြည်ပအင်အားစုများအား ဆန့်ကျင်သည်။ မုန်းတီးသည်။ လုံးဝအလိုမရှိ။ ၎င်းတို့၏ လက်ဝေခံ တပည့်ပုဆိန်ရိုးများကိုလည်း မည်သို့ပင် အမွှမ်းတင်တင်၊ မိတ်ကပ်လိမ်း၊ ပန်းပန်၊ ဘယ်မျှပင်မြှောက်ပင့်ထားစေကာမူ အားမပေး။ ပြည်သူသည် မှန်ကန်သောဆုံးဖြတ်ချက်ကို သမိုင်းအစဉ်အဆက် ရွေးချယ်ချမှတ်နိုင်ခဲ့သည်။

နှစ်ပေါင်းလေးဆယ်ကျော် လက်နက်ကိုင် အာဏာသိမ်းရေးလမ်းစဉ်ဖြင့် လှုပ်ရှားခဲ့သောနိုင်ငံရေးပါတီများ မြန်မာပြည်မှာ ရှိခဲ့ဖူးသည်။ ပြည်သူကအားမပေး။ မထောက်ခံ။ ပြည်သူနှင့် သဘောထားခြင်း ဝေးကွာ၊ ဝေးကွာသွားရာမှ စိတ်ကူးယဉ် လောကထဲရောက်ရှိသွားကာ ပြည်ပအားကိုး ပုဆိန်ရိုးဘဝသို့ ကျရောက်သွားခဲ့၏။ ပြည်သူ၏ ပြင်းထန်စွာဆန့်ကျင် ဒဏ်ခတ်ဆုံးမခြင်းကြောင့် မရှုမလှကျဆုံးဇာတ်သိမ်းသွားခဲ့ကြရ၏။

ပြည်သူလူထု၏ဆန္ဒကို လျစ်လျူရှု ဆန့်ကျင်သော မည်သည့်ပါတီ၊ မည်သည့်အဖွဲ့အစည်းမဆို နိဂုံးချုပ် မကောင်းနိုင်ပေ။ ပြည်သူတို့က လုံခြုံအေးချမ်းစွာ နေချင်သည်။ တရားဥပဒေစိုးမိုး၍ တရားမျှတခြင်းကို လိုလားသည်။ တိုင်းပြည်ကို အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ချင်ကြသည်။ အနာဂတ်ကို ပိုမိုသာယာလှပအောင် တည်ဆောက် ထူထောင်ချင် ကြသည်။ တပ်မတော်သားများသည် စစ်သားပင်ဖြစ်သော်လည်း အမိအဖ ပြည်သူတို့၏ဘဝကို ထပ်တူခံစားသည်။

အလုံးစုံပျက်သုဉ်းရေး၊ အကြွင်းမဲ့ဖျက်ဆီးရေး၊ ပိတ်ဆို့ဝိုင်းပယ် ချိုးနှိမ်ရေး၊ ကမ္ဘာ့အလယ်မှာ မြန်မာလူမျိုး မျက်နှာငယ် အရှက်ရပြီး သိမ်ငယ်အောင် ဖိနှိပ်ရေး အစရှိသော အကုသိုလ်ဒုစရိုက် ရည်ရွယ်ချက်ဖြင့် မိုက်မဲယုတ်ညံ့စွာ လုပ်ဆောင်နေသော အဆိုးမြင်ဝါဒီများကို ပြည်သူက အလိုမရှိ။

ညှဉ်းဆဲချင်သော၊ သတ်ဖြတ်ချင်သော၊ ဒုက္ခပေးချင်သော ပြည်ပပြည်တွင်းတို့မှ ရန်စွယ်ဟူသမျှအား တည်ငြိမ်အေးဆေးစွာဖြင့် ရဲရဲဝံ့ဝံ့ရင်ဆိုင်ပြီး ပြည်သူ့အတွက် မားမားမတ်မတ် ရပ်တည်နေသော ပြည်သူ့သားကောင်း၊ ပြည်သူ့တပ်မတော်သားအပေါင်းကို ချစ်ခင်လေးစားသည်။ စကားနည်းနည်းသာပြောပြီး နှစ်ပေါင်းများစွာ အားနည်းချွတ်ယွင်းခဲ့သော အခြေခံ အဆောက်အအုံကြီးများကို အချိန်အနည်းငယ်အတွင်း ထိထိရောက်ရောက်နှင့် အဟုန်ပြင်းစွာ အလုပ်ဖြင့် လက်တွေ့အကောင်အထည်ဖော်ခဲ့သော တပ်မတော်အစိုးရကို ကြည်ညိုအားကိုးသည်။ တပ်မတော်နှင့် လက်တွဲ၍ ပြည်တွင်းပြည်ပ ရန်စွယ်အန္တရာယ်ဟူသမျှကို အပြီးတိုင် ချေမှုန်းရန် ပြည်သူတို့က သန္နိဋ္ဌာန်ချထားကြပေသည်။ ပြည်သူ အမြဲမှန်သည်။ ။

အလုံးစုံပျက်သုဉ်းရေး၊ အကြွင်းမဲ့ဖျက်ဆီးရေး၊ ပိတ်ဆို့ဝိုင်းပယ် ချိုးနှိမ်ရေး၊ ကမ္ဘာ့အလယ်မှာ မြန်မာလူမျိုး မျက်နှာငယ် အရှက်ရပြီး သိမ်ငယ်အောင် ဖိနှိပ်ရေး အစရှိသော အကုသိုလ်ဒုစရိုက် ရည်ရွယ်ချက်ဖြင့် မိုက်မဲယုတ်ညံ့စွာ လုပ်ဆောင်နေသော အဆိုးမြင်ဝါဒီများကို ပြည်သူက အလိုမရှိ။

လှိုင်သာယာမြို့နယ် L.5 Finger Lake FMI City နေ ဦးကြည်လွင်-(ဒေါ်ကြေးမုံ)၊ သား ဦးအောင်မြင့်၊ သမီးဒေါ်တင်တင်ရီ၊ မြေး ဝေလင်းမြင့်၊ ဖြိုးမြင့်ဟန်မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးဝင်းရှိ ဗာရာဏသီဆောင်မှ ရှစ်ထပ်ဆေးရုံ သစ်ကြီးသို့ကူးရန် "သုခချမ်းသာ"ပေါင်းကူးတံတားအတွက် အလှူငွေကျပ် နှစ်ဆယ်ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးသိန်းအောင် လက်ခံယူစဉ်။ (က-ပ)

တီကောင်ဩဂဲနစ်သဘာဝမြေဩဇာ အာဟာရဓာတ်ပါဝင်မှုပိုမိုများပြား သီးနှံရှင်သန်ကြီးထွားမှုပိုကောင်း

ရန်ကုန် ဇူလိုင် ၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်တို့သည် ဇွန်၃၀ရက်က ရန်ကုန်မြို့ရှိ မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး ဩဂဲနစ် သဘာဝမြေဩဇာထုတ်လုပ်ပေးသော တီကောင်မွေးမြူရေးလုပ်ငန်းနှင့် တီကောင်စွန့်ပစ်မြေဩဇာထုတ်လုပ်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြရာ တာဝန်ရှိသူများက မွေးမြူထားသော တီကောင်များ အခြေအနေ၊ ပွားများမှုအခြေအနေနှင့် တီကောင်မှ စွန့်ပစ်သော ဩဂဲနစ်သဘာဝမြေဩဇာထုတ်လုပ်မှု အခြေအနေများကို လုပ်ငန်းအဆင့်လိုက် ရှင်းလင်းတင်ပြကြသည်။

ထုတ်လုပ်ပေး

ဩဂဲနစ် သဘာဝမြေဩဇာထုတ်လုပ်နိုင်သော တီကောင်မွေးမြူရေးလုပ်ငန်းတွင် ပွားများမှုလျင်မြန်သော တီကောင်များကို ရွေးချယ်ပြီး အမျိုးအစားလေးမျိုးကို မွေးမြူထားသည်။ ပထမနှစ်မျိုးသည် အိန္ဒိယနှင့် ဥရောပမျိုးဖြစ်၍ ကျန်နှစ်မျိုးသည် မြန်မာမျိုးဖြစ်သည့် ငှက်ပျောတီနှင့် ငါးစာတီများကို မွေးမြူထားရာ တီကောင်နှစ်မျိုးသည် ဩဂဲနစ်သဘာဝမြေဩဇာမြေဆွေးကို ပြုလုပ်သောမျိုးဖြစ်ပြီး ကျန်နှစ်မျိုးသည် အမှိုက်စွန့်ပစ်ပစ္စည်းများကို စားသုံးကာ ဩဂဲနစ် သဘာဝမြေဩဇာများကို ထုတ်လုပ်ပေးသည့်မျိုးဖြစ်သည်။

တီကောင်မွေးမြူသော နည်းစနစ်မှာ အလျားကိုးပေ၊ အနံသုံးပေ၊ အမြင့် နှစ်ပေခွဲရှိ အုတ်ကန်၌ ထည့်သွင်းမွေးမြူပြီး အောက်ဆုံးအလွှာကို အုတ်ခဲကျိုးခြောက်လက်မ၊ နွားချေးခြောက်လက်မအပေါ်တွင် ငှက်ပျော(သို့)ဗေဒါဖြတ်စခြောက်လက်မစင်းပြီး နွားချေးခြောက်လက်မ ထပ်ဖုံးကာ တီကောင်များကို မွေးမြူထားရှိသည်။ စမွေးခါစတွင် တီကောင်၁၀၀၀ထည့်ကာ လိုအပ်သော အစာများကို ပုံမှန်ထည့်ကျွေးပြီး တစ်နှစ်ကြာသောအခါ တီကောင်ရေတစ်သန်းရရှိကာ ထိုမှတစ်လလျှင် တီကောင်စွန့်ပစ် ဩဂဲနစ် သဘာဝမြေဩဇာ တစ်တန်နှင့် စွန့်ပစ်ရေ၂ဂါလန်ခန့် ရရှိမည်ဖြစ်သည်။ စွန့်ပစ်ရေကိုလည်း ရွက်ဖျန်းမြေဩဇာအဖြစ် ဟင်းသီးဟင်းရွက် စိုက်ခင်းများတွင် သုံးစွဲနိုင်သည်။

တီကောင်ဩဂဲနစ် သဘာဝမြေဩဇာများကို ဓာတ်ခွဲစမ်းသပ်ရာ အခြားသော သဘာဝမြေဩဇာများထက် အာဟာရဓာတ်ပါဝင်မှု ပိုများပြီးသီးနှံများအတွက် ရှင်သန်ကြီးထွားမှု ပိုကောင်းသည်ကို တွေ့ရှိရသည်။

ဖြန့်ဖြူးရောင်းချ

ယခုအခါ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ဩဂဲနစ် သဘာဝမြေဩဇာ ထုတ်လုပ်နိုင်သော တီကောင်များကို မျိုးပွားပြီး ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဝန်ကြီးများသည် မြန်မာ့စိုက်ပျိုးမွေးမြူရေးလုပ်ငန်းက စီးပွားဖြစ် ထုတ်လုပ်လျက်ရှိသော လင်ဇီးမှို အခြေခံဆေးဝါးများ ထုတ်လုပ်မှုအဆင့်ဆင့်တို့ကို ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားကြသည်။

ယင်းနောက် ဝန်ကြီးများသည် စမ်းသပ်ထုတ်လုပ်လျက်ရှိသော စပါးလင်ဆီမွေးကို အခြေခံပြီး ခြင်နိုင်ဖျန်းဆေးရည်ဘူး နမူနာများကိုလည်း ကြည့်ရှုစစ်ဆေးကြပြီး ကျယ်ကျယ်ပြန့်ပြန့် စီးပွားဖြစ်ထုတ်လုပ် ဖြန့်ဖြူးရောင်းချရန် မှာကြားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သက်ရှိလောက တည်မြဲဖို့

သစ်ပင်စိုက်ပျိုး ထိန်းသိမ်းစို့

စာမျက်နှာ ၅ မှ

မိသားစုက ငွေကျပ် ၃၀၀၀၀၀၊ ဦးမောင်မောင်နှင့်ညီများက ငွေကျပ် ၁၀၀၀၀၀၊ ဦးသောင်းထိုက်မင်း(အိုလံပစ်ဟိုတယ်)က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်စွမ်ကင်၊ ဦးမျိုးဝင်းနှင့် ဦးမျိုးကျော်တို့က ငွေကျပ် ၅၀၀၀၀စီတို့ကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့သို့ ပေးအပ်လှူဒါန်းကြရာ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် တိုင်း၊ ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့များ၏ လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ ၂၀၀၆ ခုနှစ် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် ဗဟိုအဆင့် ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ရှမ်းပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်ဖွဲ့စည်းရေးအခမ်းအနားကျင်းပ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်းတက်ရောက်

ရန်ကုန် ဇူလိုင် ၄

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းသည် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမောင်မောင်ညွှန့်၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသန်းထွန်းနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဇွန်၃၀ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် ဟဲဟိုးမြို့ရှိ အမှတ်(၅၅) ခြေမြန်တပ်မဌာနချုပ်၏ ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်းသို့ရောက်ရှိလာပြီး စခန်းအတွင်းစိုက်ပျိုးထားသော အသားဓာတ်ပါဝင်မှု မြင့်မားသည့် တိရစ္ဆာန်အစာစိုက်ခင်းများဖြစ်သော အာတာလွတ်စိုက်ခင်း၊ ရွက်စားမုန်လာစိုက်ခင်း(ယူမေခါစစ်)နှင့် မွေးမြူထားသော ဝက်လတ်ရုံ၊ ဝက်ကြီးရုံနှင့် သားဖွားဝက်ရုံတို့ကို လှည့်လည်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အမှာစကားပြော

ဇူလိုင် ၁ရက် နံနက် ၈နာရီခွဲတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမတွင် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရှမ်းပြည်နယ် ငါးလုပ်ငန်းအဖွဲ့ချုပ် ဖွဲ့စည်းရေးအခမ်းအနားကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့က အသီးသီး အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်တောင်ကြီးမြို့ ဘုရားဖြူမြောက်ရပ်ကွက်ရှိ ပုဂ္ဂလိက မွေးမြူရေးလုပ်ငန်း **"သန့်ဇင်"** ကြက်မွေးမြူရေးခြံကိုလည်းကောင်း၊ **"အိုက်မောင်း"(အပေါ်ပုံ)** ကြက်မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် နံနက် ၁၀ နာရီခွဲတွင် တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းသို့ရောက်ရှိပြီး တာဝန်ခံအရာရှိ ဒေါက်တာအေးအေးသန်း၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ရှမ်းပြည်နယ်ဦးစီးဌာနမှူးရုံးတွင် တိရစ္ဆာန်အစာထိုးအစာအဖြစ် စိုက်ပျိုးထားရှိသော အသားဓာတ်မြင့်မားသည့် ရွက်စားမုန်လာစိုက်ခင်း(ယူမေခါစစ်)စိုက်ခင်း၊ နေဗီယာမြက်မျိုး၊ အာတာလွတ်စိုက်ခင်းနှင့် ကြက်ဆူပင်စိုက်ခင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် တိုင်းမှူး၊ဝန်ကြီးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်အစည်းအဝေးခန်းမတွင် တောင်ကြီးမြို့နယ်အတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ ရှေးဦးစွာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်တို့က ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးဆိုင်ရာ ဇီဝလုံခြုံမှုမြှင့်တင်မွေးမြူရေးနှင့် မွေးမြူရေးဖွံ့ဖြိုးရေး ဆွေးနွေးပြောကြားပြီး တက်ရောက်သူများက သိလိုသည်များကို ပြန်လည်ဆွေးနွေးတင်ပြကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၉ မှ

ယင်းနောက် ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်လှလှသန်းက မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သက်ကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင့်ဝင့်နိုင်က သက်ငယ်အမျိုးသမီးရေးရာအဖွဲ့ဝင်အဆင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ဆုရရှိကြသူများအားလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နန်းသီဂီယဉ်က တက္ကသိုလ်၊ ကောလိပ်အဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်သင်းသင်းလှဲ့က အခြေခံပညာ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်စဝ်တင်မြက အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများကို အသီးသီး ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ချက်၊ တောင်းဆိုချက်များကြောင့် ညစ်နွမ်းသွားရတော့မလို၊ လူငယ်လူရွယ်တွေလို အတွေးမှား၊ အသိမှားတွေ ပေးနေသလို မိမိတို့ ခံစားရကြောင်း၊ ထို့ကြောင့် နေ့ထူးနေ့မြတ်များတွင် မဟုတ်မမှန်စွပ်စွဲချက်များနှင့် ထုတ်ပြန်ချက်အမျိုးမျိုးထုတ်ပြီး မြန်မာလူငယ်များကို ထင်ယောင် ထင်မှားဖြစ်အောင် မလုပ်ကြပါနှင့်ဟု မိမိတို့ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က မေတ္တာရပ်ခံလိုက်ပါကြောင်း။

ယခုဆိုလျှင် မိမိတို့မန္တလေးတိုင်းတွင် အလုံးစုံပျက်စီးရေးကို ဦးတည်နေသည့် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်၏ဆောင်ရွက်ချက်များကိုလက်မခံနိုင်၍ NLD ပါတီဝင် လွှတ်တော်ကိုယ်စားလှယ် ၁၉ ဦး၊ မြို့နယ် စည်းရုံးရေးကော်မတီဝင် ၃၂၇ဦး၊ ပါတီဝင် ၅၅၉၈၂ ဦးဟာ NLD ပါတီမှ နုတ်ထွက်ခဲ့ကြပြီးဖြစ်ကြောင်း၊ ယင်းသို့ နုတ်ထွက်ခဲ့သည်ကို အစိုးရက ဖိအားပေး၍ ဆောင်ရွက်ရကြောင်းနှင့် နုတ်ထွက်သူများကိုလည်း သားပုပ်လေလွင့် ပြောဆိုနေသည်ကို မိမိတို့ ကြားသိနေရကြောင်း။

ဤမျှများပြားသည့်အရေအတွက်ကို အစိုးရက ဖိအားပေးဆောင်ရွက်နေခြင်း မဖြစ်နိုင်သကဲ့သို့ မိမိတို့ ပြည်သူများအားလုံးကလည်း သိရှိနေကြကြောင်း၊ နိုင်ငံတော်၏ စေတနာအမှန်နှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မိမိတို့ ပြည်သူလူထုနှင့်အတူ ပူးပေါင်းဆောင်ရွက်မည်ဆိုသည့် ယုံကြည်ချက်၊ ခံယူချက်များအရသာ ယင်းသို့ NLD ပါတီမှ နုတ်ထွက်ရခြင်းဖြစ်ကြောင်း သူတို့၏ ခံစားချက်များကို မိမိဒီနေရာကနေ အသိပေးပြောကြားလိုကြောင်း။

စွပ်စွဲပြောကြား

မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးမရှိဘဲ လူအချို့ကို ထိန်းသိမ်းခြင်း၊ ဖမ်းဆီးထားခြင်း၊ ထိန်းသိမ်းကာလတိုးမြှင့်သတ်မှတ်ခြင်းများ ပြုလုပ်လျက်ရှိသဖြင့် မြန်မာနိုင်ငံအပေါ် ကုလသမဂ္ဂမှ ဝင်ရောက် စွက်ဖက်သင့်ကြောင်း စွပ်စွဲပြောကြားလျက်ရှိကြောင်း၊ အေးချမ်းစွာ ပရိယေသန ရှာဖွေစားသောက် နေထိုင်လျက်ရှိသည့် ပြည်သူအများစုအား အကာအကွယ်ပေးရန်အတွက် ဥပဒေနှင့်အညီ စည်းကမ်းသေဝပ်မှု၊ တည်ငြိမ်မှုရှိအောင် ထိန်းသိမ်းခြင်းကို လူ့အခွင့်အရေးချိုးဖောက်ခြင်းဟု ပြောဆိုစွပ်စွဲခွင့် မရှိပါကြောင်းကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် လူ့ပတ်ဝန်းကျင်အေးချမ်းတည်ငြိမ်ရန်အတွက် ပထမဦးစွာ ဘာသာတရား၏ အဆုံးအမဖြင့် ထိန်းသိမ်းခြင်း၊ ဒုတိယ ဥပဒေအရ ထိန်းသိမ်းခြင်းအပြင် ပြည်သူများ၏ ဆင်ခြင်တုံတရားမြင့်မားရေးအတွက် ပညာရည်မြှင့်တင်ရေးကိုလည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့ မန္တလေးတိုင်းအနေဖြင့် ကျေးလက်ဒေသများတွင် စာကြည့်တိုက်ပေါင်း ၅၇၆၇ ခုကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ပြည်သူများ စာပေ၊ ဗဟုသုတပြည့်စုံရန် အသိဉာဏ်မြင့်မားပြီး အမှားအမှန်ဝေဖန်သုံးသပ်နိုင်အောင် မိမိတို့ အမျိုးသမီးရေးရာအဖွဲ့ကလည်း အသိပညာပေးဟောပြော ဆွေးနွေးပွဲများ၊ စာသင်ဝိုင်း၊ စာဖတ်ဝိုင်းများ ပြုလုပ်ပေးနေသကဲ့သို့ စာကြည့်တိုက်များကို စာအုပ်စာတမ်းများ လှူဒါန်းပေးခြင်းဖြင့်လည်း ယဉ်ကျေးလိမ္မာသည့် အမျိုးသားကောင်း၊ အမျိုးသမီးကောင်းများဖြစ်အောင် ပြုစုပျိုးထောင်ပေးနေရပါကြောင်း။

ယင်းသို့ထိန်းသိမ်းပြုစုပျိုးထောင်ပေးသည့် နေရာတွင် ဥပဒေအရ အရေးယူရ၍ အပြစ်ဒဏ်ကျခံ နေရသူများကိုလည်း ပစ်ပယ်မထားဘဲ အားပေး နှစ်သိမ့်စကား ပြောခြင်း၊ ဥပဒေဘောင်အတွင်းက လူမှုရေးအကူအညီများ ပေးခြင်းနှင့် စာပေဖတ်ရှု လေ့လာနိုင်ရန် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ လှူဒါန်းခြင်းတို့ကို လူမှုရေးအသင်းအဖွဲ့များက ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယဉ်ကျေးသိမ်မွေ့

နောက်တစ်ချက်သည် ဥပဒေမဲ့အဓမ္မပြုကျင့်မှုဆိုသည့် စွပ်စွဲချက်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် သမိုင်းနှင့်ထပ်တူ ကြာရှည်စွာ လက်ခံကျင့်သုံးခဲ့ကြသည့် ပြစ်မှုဆိုင်ရာ ဥပဒေနှင့် သက်ဆိုင်ရာ အထူးဥပဒေများအရ ပြစ်မှုကျူးလွန်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ မြန်မာနိုင်ငံသည် ဗုဒ္ဓ၏ အဆုံးအမကြောင့် ဘာသာရေးကိုင်းရှိုင်းသူများ၊ ပင်ကိုကပင် ယဉ်ကျေးသိမ်မွေ့သူများဖြစ်ကြသည့်အတွက် ကမ္ဘာ့နိုင်ငံများနှင့် နှိုင်းယှဉ်ပါက မြန်မာနိုင်ငံတွင် မှုခင်းဖြစ်ပွားမှု နည်းပါးလှကြောင်းကို တွေ့ရမည်ဖြစ်ကြောင်း၊ မြန်မာအမျိုးသမီးများ အကြမ်းဖက်ခံရမှုနှုန်းထားသည်လည်း ကမ္ဘာနှင့်နှိုင်းယှဉ်ပါက အလွန်နည်းပါးနေပြီဖြစ်ကြောင်း။

ထို့ကြောင့် ယနေ့ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးအကြားတွင် ဥပဒေနှင့် မညီသော မင်းမဲ့စရိုက်ဆန်သည့် အဓမ္မပြုကျင့်မှုများ မရှိဘူး ဆိုသည်ကို ထင်ထင်ရှားရှားမြင်သာသည့် အချက်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ ကုလသမဂ္ဂအေဂျင်စီများနှင့် အနီးကပ်ပူးပေါင်းပြီး မူးယစ်ဆေးဝါးပပျောက်ရေးကို နိုင်ငံတော်၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ တရုတ်၊ ထိုင်းနှင့် အိန္ဒိယကို မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားကြောင်း စွပ်စွဲချက်နှင့်ပတ်သက်ပြီး မြန်မာနိုင်ငံသည် ထိုင်း၊ တရုတ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအိုတို့နှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ရုရှားဖက်ဒရေးရှင်း၊ ဗီယက်နမ်၊ လာအို၊ ဖိလစ်ပိုင်၊ တရုတ်၊ ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံ သဘောတူညီချက်များ ပြုလုပ်ထားပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နှိုင်းယှဉ်ပါက ၈၉ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု သိရှိခဲ့ရကြောင်း။

လီဆယ်စွပ်စွဲ

မြန်မာနိုင်ငံကို AIDS ရောဂါဖြစ်ပွားမှုအဆိုးရွားဆုံးနိုင်ငံဟုလည်း စွပ်စွဲပြောဆိုထားကြောင်း၊ ယင်းစွပ်စွဲချက်သည် နိုင်ငံတကာအလယ်၌ မြန်မာနိုင်ငံသိက္ခာကျစေရန် သက်သက် ရမယ်ရှာပြီး လီဆယ်စွပ်စွဲခြင်းသာဖြစ်ကြောင်း။

မိမိတို့ မန္တလေးတိုင်းအမျိုးသမီးရေးရာအဖွဲ့အနေဖြင့်လည်း ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပြီး အသိပညာပေးဟောပြော ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ခဲ့သကဲ့သို့ ကျန်းမာရေးဌာနနှင့် ပူးပေါင်းပြီး HIV/AIDS ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများ၊ ပြခန်းများ ပြသခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းဖြင့် ကျယ်ကျယ်ပြန့်ပြန့် အသိပညာပေးနိုင်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးမြို့၌ ၂၀၀၅ခုနှစ် နိုဝင်ဘာ ၁၀ရက်မှ နိုဝင်ဘာ ၁၁ရက်အထိ ကျင်းပခဲ့ပြီး တိုင်းအတွင်း၌ ရှိသည့် ခရိုင်ရှစ်ခရိုင်နှင့် မြို့နယ် ၃၁ မြို့နယ်၊ မြို့နှစ်ခုတွင်လည်း ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခဲ့ပြီးဖြစ်ကြောင်း။

လုံးဝမှန်ကန်မှုမရှိ

မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံတွင် HIV ပိုး ကူးစက်ခံထားရသူပေါင်း ၅၁သမ၁ သန်း၊ ထိုင်းနိုင်ငံတွင် ၅၁သမ၇ သန်း၊ အရွယ်ရောက်ပြီးသူများ၏ HIV ပိုး တွေ့ရှိနှုန်းသည် ထိုင်းနိုင်ငံတွင် ၁၁သမ၉ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယားနိုင်ငံတွင် ၂၁သမ၆ ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် ၁၁သမ၃ရာခိုင်နှုန်းသာရှိကြောင်း လေ့လာသိရှိရကြောင်း၊ မြန်မာနိုင်ငံကို ဒေသဆိုင်ရာနိုင်ငံများအတွင်း AIDS ရောဂါ ဖြစ်ပွားမှုအဆိုးဆုံးနိုင်ငံအဖြစ် ဖော်ပြထားခြင်းသည် လုံးဝမှန်ကန်မှုမရှိကြောင်းကို မိမိ ယခုပြောကြားခဲ့သည့် AIDS ရောဂါတိုက်ဖျက်ရေးလုပ်ငန်းများနှင့် လေ့လာမှုများအရ လုံးဝမှန်ကန်မှုမရှိကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ထူးချွန်အမျိုးသမီး ၅၃ဦးအား ဆုများချီးမြှင့်ပြီး မန္တလေးတိုင်းအတွင်းရှိ မန္တလေးခရိုင်၊ ပြင်ဦးလွင်ခရိုင်၊ ကျောက်ဆည်ခရိုင်၊ မိတ္ထီလာခရိုင်၊ မြင်းခြံခရိုင်၊ ရမည်းသင်းခရိုင်၊ ပျဉ်းမနားခရိုင်နှင့် ညောင်ဦးခရိုင် အမျိုးသမီးရေးရာအဖွဲ့များက ဖျော်ဖြေရေးအစီအစဉ်များဖြင့် ဂုဏ်ပြုတင်ဆက်ဖျော်ဖြေ၍ ဂုဏ်ပြုတင်ဆက်သည့် ခရိုင်များနှင့် အနုပညာဦးစီးဌာနတို့ကို မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်သိန်းစီတို့ကို ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ချန်ပီယံတို့အိမ်ပြန်ခဲ့ရသည့် ပြင်သစ်ခြေစွမ်း လျှော့တွက်၍ရနိုင်မှာလား

ရန်ကုန် ဇူလိုင် ၄

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ အကြိုဗိုလ်လုပွဲစဉ်များကို ဇူလိုင် ၅ ရက်နှင့် ၆ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ ဇူလိုင် ၆ ရက် မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲတွင် မြူးနစ်မြို့ရှိ Allianz Arena အားကစားကွင်း၌ ဒုတိယ အကြိုဗိုလ်လုပွဲစဉ်အဖြစ် ပေါ်တူဂီအသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

နာမည်ကြီး အင်္ဂလန်အသင်းကို အနိုင်ယူခဲ့သော ပေါ်တူဂီအသင်းနှင့် လက်ရှိချန်ပီယံ ဘရာဇီးအသင်းကို အနိုင်ယူခဲ့သော ပြင်သစ်အသင်းတို့၏ ဒုတိယအကြိုဗိုလ်လုပွဲစဉ်သည် ဘောလုံးရသကို အပြည့်အဝပေးစွမ်းနိုင်မည့် ပွဲကောင်းတစ်ပွဲ ဖြစ်သည်။ အုပ်စုပွဲစဉ်များ၌ ခြေစွမ်းမပြနိုင်ဘဲ လိမ်ဖယ်လိမ်ဖယ်နှင့် အုပ်စုတက်လာသော ပြင်သစ်အသင်းကို အားလုံးက လျှော့တွက်ခဲ့ကြသော်လည်း အကြိုဗိုလ်လုပွဲတက်နိုင်ခဲ့ပြီဖြစ်သည်။ စပိန်အသင်းနှင့် ဘရာဇီးအသင်းတို့ကို ပုံမှန်ပွဲကစားချိန်အတွင်း အနိုင်ယူခဲ့သော ပြင်သစ်အသင်း၏ ခြေစွမ်းကို လျှော့တွက်၍ ရနိုင်မည်မဟုတ်ပေ။ ပေါ်တူဂီအသင်းသည် ရှုံးထွက်ပွဲစဉ်၌ ဟော်လန်အသင်းကို ခက်ခက်ခဲခဲကစားခဲ့ရပြီး ကွာတားဖိုင်နယ်၌လည်း နာမည်ကြီး အင်္ဂလန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ **ပေါ်တူဂီအသင်း၏ အောင်မြင်မှုသည် ဘရာဇီးလူမျိုး နည်းပြ စကိုလာရီ၏ နည်းဗျူဟာ ကျွမ်းကျင်မှုအပေါ်၌ များစွာမူတည်နေသည်။ ယခုပွဲစဉ်၌ ကြက်သွေးရောင်ဝတ်စုံပိုင်ရှင် ပေါ်တူဂီအသင်းကို နည်းပြ စကိုလာရီက မည်သို့ နည်းဗျူဟာ ချမှတ်ပြင်ဆင်ထားမည်ကို စိတ်ဝင်တစား စောင့်ကြည့်ရမည်ဖြစ်သည်။**

ပေါ်တူဂီ

ပေါ်တူဂီအသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ အင်္ဂလန်အသင်းကို ပယ်နယ်တီအဆုံးအဖြတ်၌ သုံးဂိုး-တစ်ဂိုးဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းလာခြင်း ဖြစ်သည်။ ပေါ်တူဂီအသင်းနှင့် အင်္ဂလန်အသင်းတို့၏ ပွဲစဉ်တွင် ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ နှင့် အချိန်ပိုမိနစ် ၃၀ စုစုပေါင်း မိနစ် ၁၂၀ ယှဉ်ပြိုင်ကစားပြီးသည်အထိ ဂိုးမရှိ သရေပွဲဖြစ်နေ၍ ပယ်နယ်တီကန်သွင်းပြီး အဆုံးအဖြတ်ယူခဲ့ရသည်။ ပယ်နယ်တီကန်သွင်းရာတွင် ပေါ်တူဂီအသင်းက သုံးဂိုးဝင်အောင်သွင်းနိုင်ပြီး အင်္ဂလန်အသင်းက တစ်ဂိုးသာ ဝင်အောင်သွင်းနိုင်သဖြင့် ပေါ်တူဂီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တူဂီအသင်းအတွက် ဆီမာအို၊ ပိုစတီဂါနှင့် စီရိုနယ်ဒိုတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ဟူဂိုဗီယာနာနှင့် ပီတစ်တို့ကန်သွင်းမှု ဂိုးမဝင်ခဲ့ချေ။ ပေါ်တူဂီ ဂိုးသမား ရီကာဒိုသည် အင်္ဂလန်အသင်းမှ လမ်းပတ်၊ ဂျရတ်နှင့် ကာရေဂါတို့၏ ကန်သွင်းမှုကို အစွမ်းပြကာကွယ်နိုင်ခဲ့သည်။

ပေါ်တူဂီနှင့် အင်္ဂလန်ပွဲမကစားမီက ဘောလုံးဝါသနာအိုးများကြားတွင် အင်္ဂလန်အသင်းကို အကြိုက်ပိုခဲ့ကြသည်။ ယူရို-၂၀၀၄ မှ ရှုံးကြွေးကို အင်္ဂလန်အသင်းဆပ်နိုင်မည်ဟု ထင်မှတ်ခဲ့ကြသော်လည်း ရှုံးကြွေးထပ်တင်ခဲ့ရသည်။ ယူရို-၂၀၀၄ တွင် အိမ်ရှင် ပေါ်တူဂီနှင့် အင်္ဂလန်တို့ ဆုံတွေ့ခဲ့စဉ်က ပွဲစပြီးမကြာမီ တိုက်စစ်မှူး ရွန်နေ ခြေထောက်ဒဏ်ရာရပြီး ထွက်ခဲ့ရသလို ယခု ကမ္ဘာ့ဖလားပွဲတွင်လည်း ဒုတိယပိုင်း၌ ဒေးဗစ်ဘက်ခမ်း ခြေထောက်ဒဏ်ရာရပြီး လူစားလဲခဲ့ရသည်။ ပို၍ဆိုးသည်မှာ ပွဲချိန် ၆၂ မိနစ်၌ တိုက်စစ်မှူး ရွန်နေ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရပြီး ၁၀ ဦးဖြင့်သာ ကစားခဲ့ရသည်။

ချီးကျူးပြောကြား

ပေါ်တူဂီနည်းပြ စကိုလာရီသည် ဘောလုံးပွဲတစ်ပွဲ အနိုင်ရရှိရေးအတွက် ခပ်ကြမ်းကြမ်း လူချကစားသင့်က ကစားရမည်ဟု သဘောထားရှိသူဖြစ်သည်။ ပေါ်တူဂီနည်းပြ စကိုလာရီသည် နည်းဗျူဟာအရာ၌ အင်္ဂလန်နည်းပြ အဲရစ်ဆင်ထက် ဆရာကျသည်မှာ လယ်ပြင် ဆင်သွားသလို ထင်ရှားခဲ့ပြီဖြစ်သည်။ အင်္ဂလန်မှ ဘောလုံးဝေဖန်သူများကပင် နည်းပြ စကိုလာရီသည် အင်္ဂလန် နည်းပြ အဲရစ်ဆင်ထက် ပိုတော်ကြောင်း ချီးကျူး ပြောကြားခဲ့ကြသည်။

ပေါ်တူဂီနည်းပြ ဘရာဇီးလူမျိုး စကိုလာရီက ပေါ်တူဂီအသင်း၏ ပြင်းထန်သည့် တိုက်ခိုက်ရေးစိတ်ဓာတ်ကို ချီးကျူးပြောကြားခဲ့သည်။ နည်းပြ စကိုလာရီက **“မိမိတို့အသင်း၏ စိတ်ဓာတ်မှာ တစ်ကယ့်ကို မယုံနိုင်စရာဖြစ်ကြောင်း၊ လက်ရှိ ပေါ်တူဂီအသင်းသည် စိတ်ဓာတ်အသစ်ဖြင့် ဖွဲ့စည်းထားသည့် အသင်းသစ်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ပြင်းထန်သည့် စိတ်ဓာတ်မျိုး ယခင်ပေါ်တူဂီအသင်း၌ မရှိခဲ့ကြောင်း၊ လက်ရှိ ပေါ်တူဂီအသင်း၌ ကစားသမားကောင်းများ ပါနေရုံသာမက စိတ်ဓာတ်ပြင်းထန်မှု ပါရှိနေပြီဖြစ်ကြောင်း၊ ယခုပွဲ၌ အဓိက ချီးကျူးရမည့်သူမှာ ဂိုးသမား ရီကာဒိုပင်ဖြစ်ကြောင်း”** အင်္ဂလန်အသင်းကို အနိုင်ရရှိပြီးနောက် ပြောကြားခဲ့သည်။ အင်္ဂလန်အသင်းမှ ရွန်နေ အနီကတ်ပြခံရခြင်းနှင့်ပတ်သက်၍ ပေါ်တူဂီအသင်းမှ စီရိုနယ်ဒိုက ဒိုင်လူကြီးအား ဖိအားပေးမှုကြောင့်ဖြစ်ကြောင်း မီဒီယာများက ဝေဖန်ရေးသားလျက်ရှိကြသည်။

ရည်ရွယ်လုပ်ဆောင်

အဆိုပါကိစ္စရပ်နှင့် ပတ်သက်၍ စီရိုနယ်ဒိုက **“မိမိ ဒိုင်လူကြီးအား ပြောခဲ့ခြင်းမှာ ရွန်နေ ပြစ်ဒဏ်ကျူးလွန်ခဲ့သည့်အကြောင်းသာ ဖြစ်ကြောင်း၊ ရွန်နေကို အနီကတ်ပြရန် ဒိုင်လူကြီးအား မတောင်းဆိုခဲ့ကြောင်း”** ပြောကြားခဲ့သည်။ ရုပ်မြင်သံကြား အနှေးပြကွက်တွင် ရွန်နေ ထွက်သွားပြီးနောက် စီရိုနယ်ဒိုက ကစားဖော်များအား မျက်စိမှိတ်ပြခဲ့သည်ကို တွေ့ရသဖြင့် စီရိုနယ်ဒိုသည် ရွန်နေအား တမင်အထုတ်ခံရစေရန် ရည်ရွယ်လုပ်ဆောင်ခဲ့သည်ဟု အင်္ဂလန်ပရိသတ်များက ယူဆနေကြသည်။ အင်္ဂလန်နှင့် ပေါ်တူဂီပွဲကို တာဝန်ယူခဲ့သည့် အာဂျင်တီးနား ဒိုင်လူကြီး အယ်လီဇွန်ဒိုက ရွန်နေအား အနီကတ်ပြ၍ ထုတ်ပယ်ခြင်းမှာ ပေါ်တူဂီကစားသမားများနှင့် မပတ်သက်ကြောင်း ဖြေရှင်းခဲ့သည်။

ကြက်သွေးရောင်ပေါ်တူဂီကို စကိုလာရီ မည်သို့ပြင်ဆင်ထားသနည်း



ဘရာဇီးအသင်းနှင့် ပွဲစဉ်တွင် ပြင်သစ်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးခဲ့သည့် တိုက်စစ်မှူး အွန်နရီ ပေါ်တူဂီအသင်းနှင့် အကြိုဗိုလ်လုပွဲ၌ အောင်ပွဲခံနိုင်ပါဦးမည်လား။
(ဓာတ်ပုံ-အင်တာနက်)

စီရိုနယ်ဒိုနှင့် ရွန်နေတို့သည် မန်ယူအသင်းမှ ကစားဖော်များဖြစ်ကြရာ ယခုဖြစ်ရပ်ကြောင့် စီရိုနယ်ဒို(ဒိုလေး)သည် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ဖွယ်ရှိသည်ဆိုသောသတင်းများ ပိုမို၍ ထွက်ပေါ်လာခဲ့သည်။

ပေါ်တူဂီအသင်းက အင်္ဂလန်အသင်းကို အနိုင်ရရှိလိုက်ခြင်းသည် နောက်ဆုံးကစားခဲ့သည့် ၁၇ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကို ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ပေါ်တူဂီအသင်းသည် ငါးပွဲကစားပြီးချိန်၌ ပေးဂိုး တစ်ဂိုးသာရှိထားသဖြင့် ခံစစ်တောင့်တင်းသော အသင်းအဖြစ် သတ်မှတ်ခြင်းခံရသည်။ ထူးခြားသည်မှာ ယခု ကမ္ဘာ့ဖလားပွဲ၌ ပေါ်တူဂီအသင်း ကစားခဲ့သော ငါးပွဲစလုံး၌ ပြိုင်ဘက်အသင်းများမှ အားကစားသမားများ အနီကတ်ဖြင့် ထုတ်ပယ်ခံရခြင်းပင်ဖြစ်သည်။ ပေါ်တူဂီအသင်းသည် အုပ်စုပွဲစဉ်၌ အင်ဂိုလာကို တစ်ဂိုး-ဂိုးမရှိ၊ အီရန်ကို နှစ်ဂိုး-ဂိုးမရှိ၊ မက္ကဆီကို ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး အုပ်စုပထမရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ ဟော်လန်(နယ်သာလန်)ကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ ပေါ်တူဂီအသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်ပွဲစဉ်အထိ ငါးပွဲကစားရာတွင် ပွဲချိန်ပြင်ပ ပယ်နယ်တီဂိုးများမပါ ခြောက်ဂိုးသွင်းယူနိုင်ခဲ့ပြီး တစ်ဂိုး ပြန်ပေးခဲ့သည်။ ပေါ်တူဂီအသင်းအတွက် မန်နစ်ချ်က နှစ်ဂိုး၊ ပေါ်လက်တာ၊ ဒေကို၊ စီရိုနယ်ဒို(ပယ်နယ်တီ)နှင့် ဆီမာအို(ပယ်နယ်တီ)တို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ပေါ်တူဂီအသင်းမှ လူးဝစ္စဖီဂို၊ ဒေကိုနှင့် မန်နစ်ချ်တို့ အကောင်းဆုံးဆု ရရှိထားကြသည်။

ပြင်သစ်အသင်း

ပြင်သစ်အသင်းသည် ကွာတားဖိုင်နယ်ပွဲစဉ်၌ လက်ရှိချန်ပီယံ ဘရာဇီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခြင်းဖြစ်သည်။ ဘရာဇီးအသင်းသည် တစ်ပွဲထက်တစ်ပွဲ ခြေစွမ်းပြလျက်ရှိရာ ပြင်သစ်အသင်း ကွာတားဖိုင်နယ်မှပင် လှည့်ပြန်ရမည်ဟု ထင်မှတ်ခဲ့ကြသည်။ သို့သော်လည်း ပြင်သစ်တိုက်စစ်မှူး အွန်နရီက ဒုတိယပိုင်း၌ ဂိုးသွင်းယူလိုက်သောအခါ အခြေအနေက ပြောင်းပြန်ဖြစ်သွားရသည်။ ၁၉၉၈ ကမ္ဘာ့ဖလားပွဲတွင် ပြင်သစ်အသင်းက ဘရာဇီးအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ဗိုလ်စွဲခဲ့သည်။ ယခုပွဲတွင် ဘရာဇီးတို့ ရှုံးကြွေးမဆပ်နိုင်သကဲ့သို့ ပြင်သစ်ဂိုးပေါက်ထဲသို့ ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ချေ။ ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းသည် ကိုယ်တိုင် ဂိုးမသွင်းနိုင်ခဲ့သော်လည်း အလွတ်တည်ကန်ဘောမှ တစ်ဆင့် အွန်နရီ ဂိုးသွင်းနိုင်အောင် ဖန်တီးပေးခဲ့သည်။ ဘရာဇီးအသင်းမှ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားဆုရှင် ရော်နယ်ဒင်ဟိုသည် ပြင်သစ်အသင်းကို ရှုံးနိမ့်ရခြင်းမှာ ၎င်းအတွက် စိတ်အပျက်ရဆုံး ပွဲတစ်ပွဲဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဘရာဇီးအသင်းမှ ရော်နယ်ဒင်ဟိုအပါအဝင် နာမည်ကြီး ဘောလုံးသမားများ ခြေစွမ်းမပြနိုင်ဘဲ ပြင်သစ်ကစားကွက်အောက်၌ နစ်မြုပ်ခဲ့ရသည်။

ဘရာဇီးနှင့် ပြင်သစ်ပွဲစဉ်အတွက် အကောင်းဆုံး ဘောလုံးသမားဆုကို အသက် ၃၅ နှစ်ရှိပြီဖြစ်သော ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းက ရရှိခဲ့သည်။ ဇီဒန်းသည် အထူးခြေစွမ်းပြကစားခဲ့ရာ ပွဲအပြီးတွင် ဘရာဇီးကစားသမားအချို့ကပင် ပွေ့ဖက်ဂုဏ်ပြုခြင်းခံခဲ့ရသည်။ ဇီဒန်းသည် ဘောလုံးကျွမ်းကျင်မှုဖြင့် ပဉ္စလက်ဆန်ဆန် ကစားပြခဲ့ပြီး အသင်းအနိုင်ရရှိရေးအတွက်လည်း ဦးဆောင်မှုပေးနိုင်ခဲ့သည်။ ဘရာဇီး ဂန္ထဝင်ကစားသမားဟောင်း ပီလီက **“ဘရာဇီးအသင်းသည် ပွဲအစပိုင်း၌ ကောင်းကောင်းကစားနိုင်ခဲ့သော်လည်း နောက်ပိုင်းအချိန်များ၌ ပြင်သစ်အသင်း၏ ကစားကွက်ကြောင့် ကစားကွက်တည်မရဘဲ ဖြစ်ခဲ့ရကြောင်း၊ အဓိကအချက်မှာ အင်မတန် အံ့သြစရာကောင်းသည့် ကစားသမားတစ်ဦးဖြစ်သော ဇီဒန်း၏ အစွမ်းကြောင့် ဘရာဇီးအသင်း ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်ဟု ထင်ကြောင်း”** ပြောကြားခဲ့သည်။ ဇီဒန်း၏ ထိုနေ့ပွဲကစားသွားသည့် ခြေစွမ်းအရ ပီလီနှင့် မာရာဒိုနာနောက်တွင် တန်းစီနိုင်သော ပြင်သစ် ဂန္ထဝင်ကစားသမားဟု ဆိုရမည်ဖြစ်သည်။ ဇီဒန်းသည် ယခု ကမ္ဘာ့ဖလားပွဲအပြီးတွင် လက်ရွေးစင်အသင်းမှ အနားယူမည်ဖြစ်ရာ ပြင်သစ်အသင်း ဗိုလ်မစွဲသည့်တိုင် ဓာတ်သိမ်းလှနိုင်ပြီဖြစ်သည်။

သာယာနေ၍မဖြစ်

ပြင်သစ်နည်းပြ ရေမွန်ဒိုမီနစ်ချ်က ကွာတားဖိုင်နယ်၌ လက်ရှိချန်ပီယံ ဘရာဇီးအသင်းကိုအနိုင်ရခဲ့၍ ပျော်ရွှင်လျက်ရှိကြသော ပြင်သစ်အသင်းသားများအား အပျော်လွန်ပြီး ပေါ်တူဂီနှင့်ပွဲတွင် ပေါ့ပေါ့ဆဆ မကစားမိစေရန် တိုက်တွန်းပြောကြားခဲ့သည်။ နည်းပြ ဒိုမီနစ်ချ်က **“ဘရာဇီးကို အနိုင်ရရှိခဲ့ခြင်းမှာ မိမိတို့အတွက် အလွန်ပျော်ရွှင်ဂုဏ်ယူစရာကောင်းသည့် အချိန်ဖြစ်ကြောင်း၊ အနိုင်ရရှိမှုအတွက် ခံစားရသည့်အရသာမှာ ပြောမပြတတ်အောင် ကြီးကျယ်ကြောင်း၊ သို့သော်လည်း မိမိတို့ ယခုပွဲအနိုင်ကို သာယာနေ၍ မဖြစ်ကြောင်း၊ ပေါ်တူဂီနှင့်ပွဲသည် မိမိတို့အတွက် လွယ်ကူသည့်ပွဲမဟုတ်ကြောင်း၊ ဘရာဇီးကို အနိုင်ရခဲ့သည်ဟုဆိုကာ ပေါ်တူဂီနှင့်ပွဲ၌ ပေါ့ပေါ့ဆဆကစား၍ မဖြစ်ကြောင်း၊ ပေါ်တူဂီနှင့်ပွဲကို သေသေချာချာ ဂရုစိုက်ကစားကြရန် အသင်းသားများကို သတိပေးလိုကြောင်း”** ပြောကြားခဲ့သည်။

ပြင်သစ်အသင်းသည် အုပ်စုပွဲစဉ်၌ တိုဂိုကို နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်၊ ဆွစ်ဇာလန်နှင့် ဂိုးမရှိသရေ၊ တောင်ကိုရီးယားနှင့် တစ်ဂိုးစီသရေကျပြီး အုပ်စုဒုတိယ ရရှိခဲ့သည်။ ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ စပိန်ကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ပြင်သစ်အသင်းသည် အုပ်စုပွဲစဉ်မှ ကွာတားဖိုင်နယ်ပွဲစဉ်အထိ ငါးပွဲတွင် ခုနစ်ဂိုးသွင်းယူခဲ့ပြီး နှစ်ဂိုးပြန်ပေးခဲ့ရသည်။ ပြင်သစ်အသင်းအတွက် အွန်နရီက သုံးဂိုး၊ ဗီယာရာက နှစ်ဂိုး၊ ရီဘာရီနှင့် ဇီဒန်းတို့က တစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ပြင်သစ်အသင်းမှဗီယာရာက နှစ်ကြိမ်၊ မက်ခီလီလီနှင့် ဇီဒန်းတို့က တစ်ကြိမ်စီ အကောင်းဆုံးဆု ရရှိထားသည်။ ပြင်သစ်အသင်း၏ အလယ်တန်းသည် ပြိုင်ပွဲဝင်အသင်းများထဲတွင် ပျမ်းမျှအသက်ကြီးဆုံးဖြစ်သော်လည်း လုပ်အားနှုန်း အကောင်းဆုံးအလယ်တန်းအဖြစ် မှတ်ချက်ချခြင်းခံရသည်။ ပြင်သစ်အသင်း အလယ်တန်းမှ ကွင်းလယ်အဖျက် တာဝန်ယူထားရသော ဗီယာရာနှင့် မက်ခီလီလီအတွဲသည် ပြိုင်ပွဲဝင်အသင်းများထဲ၌ ဖျက်ထုတ်မှု အများဆုံးပြုလုပ်နိုင်သည်ဟု မှတ်တမ်းများ၌ ဖော်ပြနေသည်။ ပြင်သစ်အသင်းခေါင်းဆောင် ဇီဒန်းသည် ယခု ကမ္ဘာ့ဖလားပွဲတွင် ဂိုးသွင်းခွင့်ရရှိအောင် ဖန်တီးမှုအများဆုံးပြုလုပ်နိုင်သူဖြစ်သည်။

မတိမ်းမယိမ်း

ပေါ်တူဂီအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၇)၊ ပြင်သစ်အသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၈)ဖြစ်သည်။ ၁၉၉၆ ခုနှစ်မှ ၂၀၀၁ ခုနှစ်အထိ ပေါ်တူဂီနှင့် ပြင်သစ်တို့ လေးကြိမ်ဆုံတွေ့ခဲ့ရာ ပြင်သစ်က လေးပွဲလုံးအနိုင်ရရှိခဲ့သည်။ ပေါ်တူဂီနည်းပြ စကိုလာရီက အသက် ၅၈ နှစ်၊ ပြင်သစ်နည်းပြ ဒိုမီနစ်ချ်က အသက် ၅၄ နှစ်ဖြစ်သည်။ နည်းပြနှစ်ဦး အသက်အရွယ်ကွာခြားမှု မရှိသကဲ့သို့ ဉာဏ်ရည်ချင်းကလည်း မတိမ်းမယိမ်းဟု ဆိုရမည်ဖြစ်သည်။ ပေါ်တူဂီအသင်းကို ယခုအဆင့်အထိ ဆွဲတင်နိုင်ခဲ့သည်မှာ နည်းပြစကိုလာရီ၏အရည်အချင်းကို ဖော်ပြနေသည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲတွင် ဘရာဇီးအသင်းကို ချန်ပီယံဆုဖလားရယူပေးခဲ့ပြီး မှတ်ကျောက်တင်ခံခဲ့ပြီးဖြစ်သည်။ ပြင်သစ်နည်းပြ ဒိုမီနစ်ချ်သည် အုပ်စုပွဲစဉ်များ၌ ခြေစွမ်းမပြနိုင်သောအသင်းကို တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာအောင် ပြင်နိုင်သူဖြစ်သည်။ ပြင်သစ်အသင်း အုပ်စုတက်ရန် မရေရာသော အခြေအနေ၌ ခြေမကိုင်မိ လက်မကိုင်မိ မဖြစ်ဘဲ တည်ငြိမ်စွာဖြင့် နည်းဗျူဟာချမှတ်နိုင်ခဲ့သည်။

နည်းပြ စကိုလာရီနှင့် နည်းပြ ဒိုမီနစ်ချ်တို့ လူပုံပန်းသဏ္ဌာန် မတူသလို အတွေးအခေါ် အယူအဆချင်းလည်း ကွဲပြားသည်။ နည်းပြ စကိုလာရီက လက်ဖေ့ဒိုင်လူကြီးတစ်ဦးနှင့်တူပြီး စိတ်လှုပ်ရှား တက်ကြွသူဖြစ်သည်။ နည်းပြ ဒိုမီနစ်ချ်က တက္ကသိုလ် ပါမောက္ခတစ်ဦးနှင့်တူပြီး စိတ်ဓာတ် တည်ငြိမ်အေးဆေးသူဖြစ်သည်။ မိမိအသင်း ဂိုးသွင်းယူနိုင်သည့်အခါ နည်းပြ စကိုလာရီက ကလေးတစ်ဦးကဲ့သို့ ခုန်ပေါက်မြူးတူးတတ်ပြီး နည်းပြဒိုမီနစ်ချ်က အရှက်အကြောက်ကြီးသော လူပျိုလေးတစ်ဦးကဲ့သို့ ဣန္ဒြေရရ ဝမ်းသာမှုပြတတ်သည်။ ကွင်းထဲ၌ ဖြစ်ပျက်နေမှုများအပေါ် စိတ်အလိုမကျသည့်အခါ နည်းပြ စကိုလာရီက ထိုင်ခုံမှထ၍ ထွက်အော်တတ်သော်လည်း နည်းပြဒိုမီနစ်ချ်က အတွေးနက်နက် တွေးရင်း လက်ထောက် နည်းပြနှင့် တီးတိုးတိုင်ပင်လေ့ရှိသည်။

ဘောလုံးမော်စွမ်း

ပေါ်တူဂီအသင်းမှ ပီတစ် ပွဲပယ်ခံထားရသဖြင့် ယခုပွဲ ပါဝင်နိုင်မည်မဟုတ်ပေ။ ပြင်သစ်အသင်း၌ ပွဲပယ်ခံရသူမရှိသဖြင့် လူစုံပါဝင်လာမည်ဖြစ်သည်။ ပေါ်တူဂီ အလယ်တန်း၌ ဒေကိုနှင့် ကော်စတင်ညာတို့ ပြန်လည်ပါဝင်လာမည်ဖြစ်ရာ အလယ်တန်းမှ တိုက်စစ်ကို ပို၍ပံ့ပိုးနိုင်မည်ဖြစ်သည်။ ပြင်သစ်အသင်းမှ အွန်နရီနှင့် ရီဘာရီ အတွဲက မထင်မှတ်ဘဲ အတွဲအဖက်ညီနေသည်။ ရီဘာရီက တာတိုအပြေးသမားတစ်ယောက်လို လျင်မြန်မှုရှိပြီး အွန်နရီအတွက် ကွက်လပ်များ ဖန်တီးပေးနိုင်သည်။ ပေါ်တူဂီ ရှေ့တန်းမှ ပေါ်လက်တာ ဂိုးသွင်းခြေပျောက်နေရာ စီရိုနယ်ဒိုနှင့် ဖီဂိုတို့ကို ဂိုးရရှိရေးအားပြုရမည်ဖြစ်သည်။ နည်းပြ စကိုလာရီ နည်းဗျူဟာ မည်မျှပင်ကောင်းသော်လည်း ပြင်သစ် အသင်းခေါင်းဆောင် ဇီဒန်းက ဘောလုံးမော်အစွမ်းပြသပြီး အနိုင်ယူသွားမည်ဟု ထင်ပါကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကိုတွေး သုံးသပ်ရေးသားသည်။

ကမ္ဘာ့ဖလားမြင်ကွင်းမှ ပယ်နယ်တီကန်သွင်းချက်များ

ကမ္ဘာ့ဖလား သတင်းဂယက်

တင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇူလိုင် ၄

၂၀၀၆ ကမ္ဘာ့ဖလား ကွာတားဖိုင်နယ်ပွဲများကျင်းပပြီးစီးသွားပြီဖြစ်ရာ ဂျာမနီနှင့် ပေါ်တူဂီအသင်းတို့သည် ပယ်နယ်တီဂိုးများဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။

ပယ်နယ်တီဖြင့်ဆုံးဖြတ်

ပြင်သစ်နှင့် အီတလီတို့သာ ပယ်နယ်တီ ကင်းရှင်းစွာဖြင့် အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာသည်။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အုပ်စုပြိုင်ပွဲမှအပ ဒုတိယအဆင့် ရှုံးထွက်အဆင့်၊ ကွာတားဖိုင်နယ်၊ အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲတို့သည် ပွဲချိန်မိနစ်၉၀နှင့် အချိန်ပို မိနစ်၃၀ ကစား၍ အနိုင်အရှုံး အဖြေ မထွက်ခဲ့လျှင် ပယ်နယ်တီဖြင့် ဆုံးဖြတ်လေ့ရှိသည်။

အာဂျင်တီးနား အသင်းမှ ကမ်ဘီယာဆို၏ ပယ်နယ်တီကန်သွင်းမှုကို ဂျာမနီဂိုးသမား လေးမန်း ဤသို့ကာကွယ်ခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ထို့ကြောင့် ကမ္ဘာ့ဖလားနှင့် မည်သည့်ရှုံးထွက်ပြိုင်ပွဲမဆို အရှုံးအနိုင်အဖြေမထွက်ခဲ့သော ပယ်နယ်တီဖြင့် အဆုံးသတ်လေ့ရှိသည်။ သို့ဖြစ်၍ ပယ်နယ်တီသည် ကမ္ဘာ့ဖလားဘောလုံးပွဲ အဆုံးအဖြတ်ပွဲများအတွက် အလွန်အရေးကြီးလာသည်။

စိတ်လှုပ်ရှားရသည့်ပွဲ

မိနစ် ၁၂၀ ကြာအောင် လူပေါင်း တစ်ဖက် ၁၁ ယောက်စီဖြင့် ကစားသည့်ပွဲကဲ့သို့ ဂိုးသွင်းသူနှင့် ဂိုးဖမ်းသူ နှစ်ယောက်တည်း ကစားသည့် ပယ်နယ်တီပြိုင်ပွဲသည် ပြိုင်ပွဲကြီးထက် ပို၍အရေးပါလှသည်။ အဘယ်ကြောင့်ဆိုသော် အရှုံးအနိုင်ကို ဆုံးဖြတ်ပေးမည်ဖြစ်သောကြောင့်ပင် ဖြစ်သည်။ ဂိုးသွင်းသူနှင့် ဂိုးဖမ်းသူ နှစ်ယောက်စလုံး အလွန်စိတ်လှုပ်ရှားရသည့်ပွဲလည်း ဖြစ်ပေသည်။

အထူးအာရုံစိုက်

ထိုသို့ ပုံမှန်ကစားချိန်နှင့် အချိန်ပိုကစားချိန် ဂိုးအဖြေမထွက်ခဲ့သော ပယ်နယ်တီ အဆုံးအဖြတ် အဖြစ် တစ်ဖက်ငါးဂိုးစီ ကန်သွင်းလေ့ရှိသည်။ ပယ်နယ်တီကန်သွင်းရာတွင် ဂိုးသမားသည် ဘောလုံးကိုသာ အာရုံစိုက်ရမည်ဖြစ်သကဲ့သို့ ဂိုးသွင်းသူသည် ဂိုးသမား၏အနေအထားကို အထူးအာရုံစိုက်ရန် လိုအပ်မည်ဖြစ်သည်။

ပယ်နယ်တီဖြင့် ဂျာမနီနိုင်

ဂျာမနီအသင်းနှင့် အာဂျင်တီးနားအသင်းတို့၏ ကွာတားဖိုင်နယ်ပွဲကို လေ့လာရာတွင် ပုံမှန်ကစားချိန်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျနေသည်။ အချိန်ပိုကစားသော်လည်း သရေပွဲဖြစ်နေ၍ ပယ်နယ်တီ ကန်သွင်းရာတွင် ဂျာမနီက လေးဂိုး-နှစ်ဂိုးဖြင့် နိုင်ခဲ့သည်။

အသေအချာကာကွယ်ပေးနိုင်

ဂျာမနီအသင်းက လေးဂိုးဝင်အောင် ကန်သွင်းနိုင်ခဲ့ပြီး အာဂျင်တီးနားက နှစ်ဂိုးသာဝင်အောင် ကန်သွင်းနိုင်ခဲ့သည်။ အာဂျင်တီးနားကစားသမားများဖြစ်သည့် အာယာလာနှင့် ကမ်ဘီယာဆိုတို့၏ ကန်သွင်းသည့် ပယ်နယ်တီများကို ဂျာမနီဂိုးသမား လေးမန်း ကာကွယ်ပေးနိုင်ခဲ့သည်။ လေးမန်းသည် အာဂျင်တီးနားကစားသမားများ၏ ပယ်နယ်တီကန်သွင်းသည့် အလေ့အထ သဘာဝကို လွန်ခဲ့သောနှစ်နှစ်က ဗီဒီယိုမှတ်တမ်းများကို ပြန်ကြည့်ခြင်းဖြင့် ကြိုတင်သိရှိထားခဲ့သည်ဟု ဆိုသည်။ ထို့ကြောင့်လည်း ဂျာမန်ဂိုးသမား လေးမန်း ပယ်နယ်တီများကို အသေအချာကာကွယ်ပေးနိုင်ခဲ့သည်။

ဂိုးမဝင်

တစ်ဖန် အင်္ဂလန်နှင့် ပေါ်တူဂီအသင်းတို့၏ ပယ်နယ်တီပြိုင်ပွဲကို လေ့လာကြည့်ရာတွင် ပေါ်တူဂီမှ ဆီမာအို၊ ပိုစတီဂါနှင့် စီရိုနယ်ဒိုတို့ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး ဟူဂိုဗီယာနာနှင့် ပီတစ်တို့ ဂိုးမဝင်ခဲ့ပေ။

အင်္ဂလန်အသင်းမှ ဟားဂရေ့ဗ်တစ်ဦးသာ ဂိုးဝင်အောင်ကန်သွင်းနိုင်ပြီး လမ်းပတ်၊ ဂျရတ်နှင့် ကာရေဂါတို့ ဂိုးဝင်အောင်မသွင်းနိုင်ခဲ့ကြချေ။ ပယ်နယ်တီအဆုံးအဖြတ်တွင် ဂိုးသွင်းသူသည် အရေးကြီးသည်။ အချို့သော ဂိုးသွင်းသူများသည် ဂိုးသမား၏အခြေအနေကိုအကဲခတ်ခြင်းမရှိဘဲ ဂိုးပေါက်ထဲ အရှိန်ပြင်းပြင်းဖြင့် ဂိုးဝင်အောင် ကန်သွင်းနိုင်ခြင်း ရှိသလို ဂိုးမဝင်သည်လည်း ရှိသည်။ ထိုသို့ ဂိုးသမား၏အခြေအနေကို လျှပ်တစ်ပြက်အတွင်း အကဲမခတ်ဘဲ ကန်သွင်းလိုက်သဖြင့် ဂိုးသမားဖမ်းမိရန် ရာခိုင်နှုန်းပိုများသည်။

ပေါ်တူဂီအသင်းမှ စီရိုနယ်ဒိုက ပယ်နယ်တီကန်သွင်းရာ အင်္ဂလန်ဂိုးသမား ရော်ဘင်ဆင်၏ ဆန့်ကျင်ဘက် လားရာသို့ ဤသို့သွင်းယူခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

အပိုင်ကန်သွင်းယူလေ့ရှိ

ဂိုးသမားသည် ဂိုးအလယ်တွင် ဂိုးသွင်းမည့်သူကို ခုန်ဆွခုန်ဆွလုပ်၍ ခြောက်လှန့်နေပေလိမ့်မည်။ သို့ရာတွင် ဝါရင့်ပယ်နယ်တီဂိုးသွင်းသူများသည် စိတ်ကိုတည်ငြိမ်အောင်ထားလျက် ဂိုးသမား၏ လားရာနှင့် ဆန့်ကျင်လျက် အပေါ်အောက် ဘေးနှစ်ဖက်တို့တွင် အပိုင်ကန်သွင်းယူလေ့ရှိသည်။

တစ်နည်းအားဖြင့် ဂိုးသွင်းသူသည် ဒိုင်လူကြီးက ခရာမှုတ်လိုက်သည်နှင့် ဂိုးသွင်းသူက ဘယ်ဘက်ထောင့်ကို ကန်သွင်းမည့် အနေအထားအတိုင်း ပြေးသွားပြီး ဘောလုံးမကန်မီ ခြေနှစ် လှမ်းအလိုတွင် ခြေလှမ်းတန့်လိုက်ပြီး လျှပ်တစ်ပြက် ဂိုးသမားလဲကျမည့် အခြေအနေကို အကဲခတ်လျက် ဂိုးသမားနှင့် ဆန့်ကျင်ဘက် လားရာကို ကန်သွင်းယူလိုက်သည်။ ဤနည်းမှာ ဂိုးသမားဖမ်းမိရန် ရာခိုင်နှုန်း အလွန်နည်းသည်ကို တွေ့ရသည်။

ထိုနည်းဖြင့် ပေါ်တူဂီမှ စီရိုနယ်ဒို ကန်သွင်း ယူသွားသည်ကို တွေ့ရသည်။

အရေးကြီး

သို့ဖြစ်၍ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှ ပယ်နယ်တီပြိုင်ပွဲသည်လည်း အလွန်အရေးကြီးပြီး နည်းစနစ် မှန်ကန်စွာ အသုံးချရန်အရေးကြီးကြောင်း၊ နည်းပြများက ပယ်နယ်တီ ဂိုးသွင်းမည့် ဂိုးသွင်းသူများ စိစစ်ရွေးချယ်ရာတွင် အရေးကြီးကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

ကမ္ဘာ့ဖလားဒုတိယအကြိုဗိုလ်လုပွဲစဉ်၏ နောက်ဆုံးသတင်းများ

စုစည်းတင်ပြသူ **မောင်မောင်မြင့်ဆွေ**

ဘာလင် ဇူလိုင် ၄

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ဒုတိယပွဲစဉ်အဖြစ် ပြင်သစ်နှင့် ပေါ်တူဂီအသင်းတို့ ယနေ့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါနှစ်သင်းနှင့်ပတ်သက်သည့် နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

ပေါ်တူဂီအသင်းလူစာရင်း

၂၀၀၆ ကမ္ဘာ့ဖလားအကြိုဗိုလ်လုပွဲ၌ ပြင်သစ်အသင်းကို ရင်ဆိုင်ရန်အတွက် နည်းပြစကိုလာရီက လူစာရင်းသတ်မှတ်ထားရာ ကွင်းလယ်ကစားသမားဒေကိုနှင့် ကော်စတင်ညာတို့ကို ပွဲထုတ်ထားသည်။

ယနေ့ကစားမည့်လူစာရင်းတွင် **ဂိုး**-ရီကာဒို၊ **နောက်တန်း**-မီဂွယ်လ်၊ ကာဗယ်ဟို၊ မီရီရာနှင့် ဗာလန်တေ၊ **အလယ်တန်း**-ကော်စတင်ညာ၊ ဒေကိုမန်နစ်ချ်၊ ဖီဂိုနှင့်စီရိုနယ်ဒိုတို့ဖြစ်ပြီး **ရှေ့တန်း**-ပေါလက်တာတစ်ဦးကို ထားရှိသည်။

ယနေ့ပွဲတွင် နည်းပြစကိုလာရီသည် ၄း၅း၁ ပုံစံဖြင့် ပေါ်တူဂီအသင်းကို ကစားစေမည်ဖြစ်သည်။

ပြင်သစ်အသင်းလူစာရင်း

ပေါ်တူဂီနှင့် ယနေ့ကစားမည့် အကြိုဗိုလ်လုပွဲတွင် ပြင်သစ်အသင်းနည်းပြဒိုမီနစ်ချ်က လူစာရင်းသတ်မှတ်ထားရာ **ဂိုး**-ဘားသက်ဇ်၊ **နောက်တန်း**-ဝီလီဆက်ဂနော၊ သူရမ်၊ ဝီလျံဂါးလက်စ်နှင့် အဘီဒယ်၊ **အလယ်တန်း**-ဗီယာရာ၊ မက်ခီလီလီနှင့် ဇီဒန်း၊ **ရှေ့တန်း**-ရီဘာရီ၊ မာလော့ဒါ၊ အွန်နရီတို့ ပါဝင်သည်။



ဂျာမနီ တိုက်စစ်မှူး

ဖီဖာ မျက်စိကျနေသော ဂျာမနီ တိုက်စစ်မှူးလေး ပိုဒေါစကီး။

(ဓာတ်ပုံ-အင်တာနက်)

ယနေ့ပွဲအနိုင်ရမည်ဟု ဗီယာရာ ပြောကြား

ယနေ့ကစားမည့် အကြိုဗိုလ်လုပွဲတွင် မိမိတို့ပြင်သစ်အသင်း အနိုင်ရရှိမည်ဖြစ်ကြောင်း ကွင်းလယ်ကစားသမား ဗီယာရာက ပြောကြားလိုက်သည်။ အသက် ၃၀ အရွယ်ရှိပြီဖြစ်သည့် ဗီယာရာသည် ပြင်သစ်အသင်းအတွက် ရလဒ်ကောင်းများကို ဇီဒန်းနှင့်အတူ မိမိတို့ဆောင်ကြဉ်းပေးသွားမည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအချိန်အထိ ကစားရအခက်ခဲဆုံးအသင်းမှာ စပိန်အသင်းပင်ဖြစ်ကြောင်း၊ စပိန်ကို မိမိတို့ ကျပ်ကျပ်တည်းတည်း ကစားခဲ့ရကြောင်းလည်း ဗီယာရာက ပြောကြားသည်။

မိမိအပေါ်ယုံကြည်မှုကို ဆက်လက်ထိန်းသိမ်းသွားမည်

အင်္ဂလန်ကို ကွာတားဖိုင်နယ်၌ ဖြုတ်ချခဲ့ရာတွင် အဓိကစွမ်းဆောင်သည့် ပေါ်တူဂီဂိုးသမားရီကာဒိုက နည်းပြစကိုလာရီနှင့်တကွ အသင်းသားအားလုံး၏ သူ့အပေါ်ယုံကြည်အားကိုးမှုကို ယနေ့ပွဲ၌ ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ရီကာဒိုက ပြောကြားလိုက်သည်။

အင်္ဂလန်အသင်း၏ ပယ်နယ်တီ သုံးလုံးကို ကာကွယ်နိုင်ခဲ့သဖြင့် ပေါ်တူဂီတို့ ယခုကဲ့သို့အကြိုဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ခြင်းဖြစ်ရာ ယနေ့ ပြင်သစ်နှင့်ပွဲတွင်လည်း မိမိလက်စွမ်းပြကာကွယ်နိုင်မည်ဟု ယုံကြည်နေကြောင်း ပေါ်တူဂီဂိုးသမား ရီကာဒိုက ပြောကြားသည်။

ပေါ်တူဂီကိုကျော်ဖြတ်ရန်ခက်ခဲမည်ဟု ကစားသမားများကို ပြင်သစ်နည်းပြသတိပေး

ယနေ့ကစားရမည့်ပေါ်တူဂီနှင့်ပွဲသည် ပွဲကျပ်တစ်ခုဖြစ်ကြောင်း၊ ပေါ်တူဂီအသင်းသည်ပြိုင်ပွဲတစ်လျှောက် ခြေစွမ်းပြလာသည့်အသင်းလည်း ဖြစ်ကြောင်း၊ မိမိတို့လွယ်လွယ်ကူကူ ဖြတ်ကျော်၍ရမည်မဟုတ်ကြောင်း သူ့ကစားသမားများအား နည်းပြဒိုမီနစ်ချ်က သတိပေးလိုက်သည်။

ဘရာဇီးအသင်းကို အနိုင်ရရှိခဲ့မှုအပေါ်ကျေနပ်မနေသင့်ကြောင်း၊ ပေါ်တူဂီသည် အကြိုဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်ရောက်ရှိလာခဲ့သည့် အသင်းဖြစ်သည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ပေါ်တူဂီအသင်း၏ကစားပုံစနစ် ပြောင်းလဲမှုအပေါ် သတိထားပြီး ကစားအားထည့် ကစားကြရန်လိုကြောင်း ဒိုမီနစ်ချ်က ပြောကြားလိုက်သည်။

ပေါ်တူဂီ တိုက်စစ်မှူး စီရိုနယ်ဒို အင်္ဂလန် အသင်းအား ပယ်နယ်တီ အနိုင်ဂိုး သွင်းယူပြီး ဤသို့အောင်ပွဲခံခဲ့သည်။

(ဓာတ်ပုံ-အင်တာနက်)

ကမ္ဘာ့ဖလား အကောင်းဆုံးလူငယ်ကစားသမားဆုကို စီရိုနယ်ဒိုနှင့် ပိုဒေါစကီးတို့အား ဖီဖာကမျက်စိကျနေ

၂၀၀၆ ကမ္ဘာ့ဖလား အကောင်းဆုံးလူငယ်ကစားသမားဆုကို ဖီဖာက ရွေးချယ်မည်ဖြစ်ရာ လောလောဆယ်တွင် ပေါ်တူဂီတောင်ပံ တိုက်စစ်မှူးလေး စီရိုနယ်ဒိုနှင့်ဂျာမနီတိုက်စစ်မှူးလေး ပိုဒေါစကီးတို့နှစ်ဦးအား ဖီဖာက မျက်စိကျလျက်ရှိသည်။

စီရိုနယ်ဒိုသည် ပေါ်တူဂီအသင်း အကြိုဗိုလ်လုပွဲရောက်အောင် စွမ်းစွမ်းတမံကြိုးစားခဲ့သလိုပင် ဂျာမနီတိုက်စစ်မှူး ပိုဒေါစကီးလည်း ဂျာမနီအသင်းအတွက် ထူးထူးချွန်ချွန် ကစားခဲ့သူတစ်ဦးဖြစ်သည်။

- **ဒေးဗစ်ဘက်ခမ်းမိသားစု ဂျာမနီမှ ပြန်လည်ထွက်ခွာ။**
- **ယခုကမ္ဘာ့ဖလားပွဲ၌ ဒိုင်လူကြီးများက တစ်ပွဲလျှင် အနီနှင့်အဝါကတ် ငါးခုကျော်သုံးစွဲခဲ့။ စုစုပေါင်း အနီ ၂၇နှင့် အဝါ ၂၉၃ ကတ်ရှိ။**
- **ဘရာဇီးနောက်ခံလူ ကားလို့စ် ဘရာဇီးအသင်းမှ နုတ်ထွက်သွား။**
- **ကော့စတာရီကာအသင်းနည်းပြ အလက်ဇန္ဒားဂွီမာရေးစ် နုတ်ထွက်။**

(အင်တာနက်)

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်)ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၄

ပလက်ဝမြို့နယ် ဗုဒ္ဓဘာသာကလျာဏအသင်း(ရန်ကုန်)၏ ပဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ၁၃၆၈ခုနှစ် ဝါဆိုလပြည့်နေ့(ဇူလိုင် ၉ရက်)တနင်္ဂနွေနေ့ နံနက် ၉နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်း သိမ်ကုန်းကျောင်းတိုက်အတွင်းရှိ ပညာလင်္ကာရ(ပလက်ဝ) ဘုန်းတော်ကြီးကျောင်း၌ကျင်းပမည်ဖြစ်ရာ အသင်းသားများနှင့် မြို့နယ်သူ မြို့နယ်သားများ စေတနာရှင်များ တက်ရောက် ပါဝင်လှူဒါန်းနိုင်ရန် ဖိတ်ကြားထားကြောင်းသိရသည်။ **(က-ပ)**

မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကုန်း၊ အင်းလျားမြိုင်လမ်း၊
အမှတ် ၄၁/၈နေ
(ဦးသာဒင်-ဒေါ်တင်ညွန့်)တို့၏သားထွေး

မောင်ဇေယျ(ခ)ကိုတွတ် B.Sc (Geology)

နှင့်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ နဝဒေးလမ်း၊ အမှတ် ၁၇ (A) နေ
(ဦးသန်းဦး)-ဒေါ်ချိုချိုစောတို့၏သမီးကြီး

မကြူကြူနိုင် 2nd Yr.(Physics)

တို့၏ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သော လက်ထပ်မင်္ဂလာပွဲသို့ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိ ဂျပန်၊ မြန်မာ မိတ်ဆွေမိသားစုများအားလည်းကောင်း၊ ၃၀-၆-၂၀၀၆ရက်တွင် မြန်မာပြည် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီး၌ ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ဂုဏ်ပြုခဲ့သော ဗိုလ်ချုပ်မြင့်လွင်(ငြိမ်း) ဇနီး ဒေါ်ညွန့်တင်တို့အားလည်းကောင်း၊ အောင်မင်္ဂလာစံပယ်ပန်းကုံး ချီးမြှင့်ပေးခဲ့သော ဗိုလ်ချုပ်စိုးမြင့်(ငြိမ်း) ဇနီး ဒေါ်တင်တင်ဦးတို့အားလည်းကောင်း၊ မင်္ဂလာတေးသံသာများကို မေတ္တာဖြင့် ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့သော ကိုရွှေတိုးနှင့် အနုပညာအဖွဲ့သားများအားလည်းကောင်း၊ ပန်းအလှပြင်ဆင်ပေးသော မယဉ်ယဉ်အားလည်းကောင်း၊ မင်္ဂလာဝတ်စုံစီစဉ်ပေးသော IVY Fashion အားလည်းကောင်း၊ မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးမှ ဧည့်ခံပွဲအား စီစဉ်ပေးခဲ့သော ပုဂ္ဂိုလ်များအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အားလည်းကောင်း၊ ၁-၇-၂၀၀၆ရက်တွင် M-3 Food Centre ၌ကျင်းပခဲ့သော Thankyou Party သို့ ကြွရောက်ချီးမြှင့်ပေးခဲ့သော ချစ်ခင်ရင်းနှီးသည့် သူငယ်ချင်း၊ မိတ်ဆွေအပေါင်းအသင်းများအားလည်းကောင်း၊ ဤမင်္ဂလာပွဲ အသီးသီးတို့ကို အစအဆုံး ဖြစ်မြောက်ပြီးစီးအောင်မြင်အောင် မေတ္တာစေတနာဖြင့် ကူညီစီစဉ်ဆောင်ရွက်ပေးခဲ့သော ဦးခင်မောင်ဟန် (ဥက္ကဋ္ဌ၊ Future Engineering Group)-ဒေါ်ခင်သန်းဆွေ(Director FEG)တို့အားလည်းကောင်း လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇေယျ-မကြူကြူနိုင်။

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၄

ကော့ကရိတ်မြို့ တောင်ပေါ်ကျောင်း ပရိယတ္တိစာသင်တိုက်၌ ဝါဆိုဝါကပ်တော်မူကြမည့် စာချ၊ စာသင်သံဃာတော်အပါး ၁၅၀ ကျော်တို့အား အမှတ်၄ရပ်ကွက်၊ သာသန အမှုဆောင်အဖွဲ့ကကြီးမှူး၍ ၁၃၆၈ခုနှစ် ဝါဆိုလဆန်း၁၅ရက် ၁နာရီတွင် ကျင်းပမည်ဖြစ်ရာ ဆရာတော်ထံ လှူဖွယ်ပစ္စည်းနှင့် ဝါဆိုသင်္ကန်းလှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ချောက်ဂျီတီအိုင်ကျောင်းဆင်းအင်ဂျင်နီယာမိသားစု ဝါဆိုသင်္ကန်းကပ်လှူပွဲများကျင်းပမည်

ရန်ကုန် ဇူလိုင် ၄

သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံ(ချောက်ဂျီတီအိုင်)ကျောင်းဆင်း အင်ဂျင်နီယာမိသားစု၏ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲများကို ဇူလိုင် ၈ရက်တွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလဘောင်စံပြကျေးရွာရှိ ကျောင်းဆင်းအင်ဂျင်နီယာမိသားစုများ စုပေါင်းလှူဒါန်းထားသော ညောင်ကန်အေး ဗုဒ္ဓသာသနာပြုကျောင်း၌လည်းကောင်း၊ ဇူလိုင် ၉ရက်တွင် ဗဟန်းမြို့နယ် ကမ္ဘာအေးဘုရားလမ်းမကြီးပေါ်ရှိ အဘိဓမ္မာရတနာဃရ၊ ဓာတ်ဓမ္မာဓမ္မဗိမ္မာန်တော်ကြီးနှင့် မန္တလေးမြို့တို့၌လည်းကောင်း၊ ဇူလိုင် ၁၆ရက်တွင် မကွေးမြို့တွင် ကျင်းပမည်ဖြစ်ရာ ကျောင်းဆင်းမိသားစုဝင်များ တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလိုသူများသည် ဦးအောင်မြင့်သိန်း ဖုန်း-၀၉၅၁၄၃၈၀၆၊ ဦးအောင်မြ ဖုန်း-၀၉၈၀၂၄၁၁၂၊ ဦးမင်းသန်းဌေး ဖုန်း-၀၉၉၉၂၃၆၄၀၊ ဦးစိန်ဝင်း(မန္တလေး)ဖုန်း-၀၂၃၆၀၀၄နှင့်ဦးခင်မောင်ဝင်း(မကွေး)ဖုန်း-၀၉၅၃၄၀၄၉၅ တို့သို့ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်းသိရသည်။ **(မြန်မာ့အလင်း)**

ဂျာနယ်/မဂ္ဂဇင်း ထုတ်ဝေသူလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

သက်တမ်းတိုးရန် သတ်မှတ်ကာလထက် ကျော်လွန်ပျက်ကွက်လျက်ရှိသော မဂ္ဂဇင်းထုတ်ဝေခွင့် ၆၇စောင်နှင့် ဂျာနယ်ထုတ်ဝေခွင့် ၄၂စောင်တို့၏ အမည်စာရင်းကို ၅-၇-၂၀၀၆ရက်မှစတင်၍ ရန်ကုန်တိုင်း ဗဟန်းမြို့နယ် အမှတ် ၄ ဝင်္ကပါလမ်းရှိ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန ကြော်ငြာသင်ပုန်းတွင် ကြေညာထားရှိမည်ဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းရှင်များအနေဖြင့် ၂၀၀၆ခုနှစ် ဇူလိုင် ၃၁ရက် နောက်ဆုံးထား၍ သက်တမ်းတိုးပါရန်နှင့် သက်တမ်းတိုးရန် ပျက်ကွက်သော ထုတ်ဝေလုပ်ငန်းရှင်များ၏ ထုတ်ဝေခွင့်မှတ်ပုံတင် သက်သေခံလက်မှတ်များအား ပယ်ဖျက်သွားမည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန။

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် တောင်ဘက်မုခ် နဂါးရုံဘုရားရှေ့ ရင်ပြင်တော်ကြွေပြားခင်းရန် အတွက် (၁၃)ရပ်ကွက် အမှတ် ၂၁၁(ဘီ) သစ္စာလမ်းသွယ်နေ ဦးဝေလင်းဇော်-ဒေါ်ခင်ခင်အေး မိသားစုတို့က အလှူတော်ငွေကျပ်၁၅၀၀၀၀ ကို ဂေါပကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးကျော်မင်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီးတို့က အလှူငွေလက်ခံယူစဉ်။ (က-ပ)

ကျွမ်းကျင်သူဝန်ထမ်းများအလိုရှိသည် (ပြည်တွင်း၌သာခန့်ထားရန်)

ကျွန်ုပ်တို့ကုမ္ပဏီသည် လွန်ခဲ့သော ၁၂နှစ်ကာလမှစ၍ အဆင့်မြင့် ခေတ်မီဒီဇိုင်းများဖြင့် လှပဆန်းပြားသော ပရိဘောဂအချောထည်များကို ထုတ်လုပ်သောကုမ္ပဏီဖြစ်ပါသည်။ တက်ကြွဖျတ်လတ်ပြီး တိုးတက်မြင့်မားလိုသူ အောက်ဖော်ပြပါ ကျွမ်းကျင်သူဝန်ထမ်းများကို အလိုရှိပါသည်။

၁။	လွှစက်ကိုင်တွယ်မောင်းနှင်နိုင်သူ	ကျား	၂ ဦး
၂။	သစ်အချောထည်စက်အမျိုးမျိုးကျွမ်းကျင်သူ	ကျား	၅ ဦး
၃။	လက်သမား	ကျား	၁၀ ဦး
၄။	ကော်ပတ်စက်ကျွမ်းကျင်သူ	ကျား	၁၀ ဦး
၅။	ဆေးမှုတ်ကျွမ်းကျင်သူ	ကျား	၁၀ ဦး
၆။	ပန်းပုကျွမ်းကျင်သူ	ကျား	၅ ဦး
၇။	ထုပ်ပိုးကျွမ်းကျင်သူ	ကျား	၅ ဦး
၈။	စတိုပစ္စည်းထိန်းသိမ်းသူ	မ	၁ ဦး
၉။	စာရင်းကိုင်	မ	၁ ဦး

အမှတ်စဉ် ၁ မှ ၇ အထိ သက်ဆိုင်ရာလုပ်ငန်းများကို ကျွမ်းကျင်သူများဖြစ်ရမည်။
အမှတ်စဉ် ၈ အတွက် ဘွဲ့ရ၊ Excel နှင့် Softword ကျွမ်းကျင်သူ၊
အမှတ်စဉ် ၉ အတွက် B.Com, CPA, LCCI(III), ကွန်ပျူတာကျွမ်းကျင်သူ
အမှတ်စဉ်အားလုံးအတွက် လုပ်သက်အတွေ့အကြုံရှိသူများကို ဦးစားပေးမည်။

လေဘာကတ်၊ မှတ်ပုံတင်၊ သန်းခေါင်စာရင်းမိတ္တူများနှင့်၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံစာ၊ ကိုယ်ရေးမှတ်တမ်း(CV)၊ ကျွမ်းကျင်မှုလက်မှတ်များနှင့်အတူ ဝါလွှင်ပရိဘောဂစက်ရုံ၊ စိန်ကျော်လမ်း၊ စိန်ကျော်ဆီစက်ဝင်း၊ နွယ်အေးရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့သို့ ၁၅-၇-၂၀၀၆ရက် နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။ အဆင့်ပြည့်မီသော လျှောက်လွှာများကိုသာ လူတွေ့ခေါ်ယူစစ်ဆေးပြီး ခန့်အပ်သွားမည်ဖြစ်ပါသည်။

မင်္ဂလာဈေးဓမ္မာရုံ ဝါတွင်းတရားပွဲ

ရန်ကုန် ဇူလိုင် ၄

ဗဟန်းကြားတောရလမ်းရှိ မင်္ဂလာဈေးဓမ္မာရုံတော်ကြီးတွင် ဝါတွင်းအဖိတ်နေ့တိုင်း တရားပွဲများ ကျင်းပမည်ဖြစ်ရာ ဇူလိုင် ၈၊ ၁၃ရက် ဓမ္မဒူတ အရှင်ဆေကိန္ဒ၊ ၁၅၊ ၁၆၊ ၂၂၊ ၂၃ရက်တွင် ဆရာတော် ဓမ္မစေတီ ဦးကောသလ္လ၊ ၃၀ရက်တွင် ဘဒ္ဒန္တပညောဘာသ၊ ၃၁ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင် ခေမာသိရိလင်္ကာရတို့က တရားတော်များ ဟောကြားမည်ဖြစ်ကြောင်းသိရသည်။**(က-ပ)**

မိုးရေချိန်စံချိန်သစ်

ရန်ကုန် ဇူလိုင် ၄

ယနေ့ မြန်မာစံတော်ချိန် ၉နာရီခွဲတွင် ထားဝယ်မြို့၌ တိုင်းတာရရှိခဲ့သော မိုးရေချိန် ၄၄၇မီလီမီတာ ၁၇ဒသမ၆၀ လက်မသည် ယင်းမြို့၏လွန်ခဲ့သော နှစ်ပေါင်း၅၅နှစ်အတွင်း ဇူလိုင်လအတွက် အများဆုံး တိုင်းတာရရှိခဲ့သော ၂၄နာရီ မိုးရေချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၃၀၅ မီလီမီတာ ၁၂ဒသမ၀၁လက်မဖြစ်ပြီး ၁၉၈၅ခုနှစ် ဇူလိုင်လ ၃ရက်တွင် ရွာသွန်းခဲ့ခြင်းဖြစ်ကြောင်းသက်ဆိုင်ရာမှသတင်းရရှိသည်။ (သတင်းစဉ်)



တနင်္သာရီတိုင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လုပ်ငန်းညှိနှိုင်း

မြိတ် ဇွန် ၂၂

တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇွန်၁၁ ရက် နံနက်၉နာရီက မြိတ်မြို့ တနင်္သာရီတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးရုံး၌ ကျင်းပသည်။

မှာကြားချက်များရှင်းလင်း

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဦးကြည်က ပြန်ကြားရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ဝန်ကြီး၏ မှာကြားချက်များ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၏ ထပ်ဆင့်မှာကြားချက်များကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**

စီမံချက်များ ဆွေးနွေး

ထို့နောက် မြိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိဦးလှမြင့်၊ ထားဝယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးအေးဖေနှင့်ကော့သောင်း ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဦးမြင့်အေးတို့က ၂၀၀၆-၂၀၀၇ခုနှစ်အတွင်း ဦးစီးဌာနက ချမှတ်သည့်ရည်ညွှန်းချက်လုပ်ငန်းများ အောင်မြင်ရေး ခရိုင်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံချက်များကို တင်ပြဆွေးနွေးကြရာ တိုင်းလက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်က လိုအပ်သည်များ ဖြည့်စွက်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

(ခရိုင် ပြန်/ဆက်)

ကလောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အောင်ပန်းမြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြေများအတွင်း ခြံစည်းရိုး ကြက်ဆူပင်ပေါက် ၁၂၀၀၀ကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ မြေချ စိုက်ပျိုးရာသို့ ဇွန် ၁၆ ရက်က အမှုဆောင် အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြင့် ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှု တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ပြပွဲဖွင့်

လှိုင်လင် ဇူလိုင် ၁

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ပြပွဲ ဖွင့်လှစ်ပွဲ အခမ်းအနားကို ဇွန်၂၆ရက် နံနက်၉နာရီက လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဝင်းက ပြပွဲဖွင့်လှစ်ခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းတင်ပြပြီး ခရိုင်အဖွဲ့ဝင်(၁) ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ငွေနှင့် လှိုင်လင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း နဝဒေးခန်းမ၌ အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့်စာစီစာကုံးပြိုင်ပွဲ ဆုရ ကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဟောပြော

ထို့နောက် ဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြို့နယ်ကျန်းမာရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇော်လင်း၊ မြို့နယ်ဥပဒေအရာရှိ ဦးမြင့်အောင်၊ ခရိုင် မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း အဖွဲ့ဝင် ဦးစိုင်းထွန်းလှနှင့် ဦးကျော်ဇေယျာမင်းတို့က ဟောပြောကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဧော်ဘာပင်များ ကောလင်း၌စုပေါင်းစိုက်ပျိုး

ကောလင်း ဇွန် ၁၇

ကောလင်းမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဌာန ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီတို့ပူးပေါင်း၍ ဇွန်၁၂ ရက်က ကောလင်းမြို့နယ် ဥမှင်ကုန်းအုပ်စု ဥမှင်ကုန်းကျေးရွာကွင်းအမှတ် ၂၀၂၁တွင် ဧော်ဘာ ၃ဒသမ၇၅ဧကအပင်၇၀၀ကျော်စိုက်ပျိုးပွဲကို ကျင်းပရာ မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊မြို့နယ်စာပေနှင့် စာနယ်ဇင်း အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များက စုပေါင်းစိုက်ပျိုးကြသည်။ (ဝ၂၆)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ခုနှစ် ဝါဆိုလဆန်း(၁၂)ရက်
၆-၇-၂၀၀၆
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇း၀၀	တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅	နိုင်ငံ့စီးပွားလုပ်ငန်းများ (စစ်ကိုင်းတိုင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်း ဆောင်ရွက်မှုများ)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁) ကြံစည်သမျှ အောင်စေသော် အမှတ်(၄)-စံဇာဏီဘို (၂) ပန်းပွင့်ခရေနှင့် အခြားဝတ္ထုများ (မစန္ဒာ)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (ကိုယ်ခန္ဓာသန့်ရှင်းစေဖို့ စိတ်နှလုံးရွှင်လန်းစေဖို့-မောင်ဆုရှင်)
၁၂း၃၀	အစာနှင့် အာဟာရ(နာနတ်သီး)

ညနေပိုင်း

၁၆း၃၀	**၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ နေ့စဉ်သုံးသပ်ချက်များ**
၁၆း၄၀	နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	ထူးဆန်းထွေလာ သတင်းပဒေသာ
၁၇း၄၀	ကိုယ့်စိတ်ကြိုက်ရွေး နှစ်သက်တေး (၁) မိဘမေတ္တာ (၂) အမိကျေးဇူး (၃) မေတ္တာဟူသည်
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) မောင်ပေါက်ကျိုင်းလိုလူစား (၂) မောင်ပေါက်ကျိုင်းရဲ့ချစ်တဲ့သူ
၁၈း၄၀	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅	ဇာတ်လမ်းပမာနားဆင်စရာ (လေလှိုင်းကြားက သံယောဇဉ်)
၁၉း၄၀	ခေတ်မရွေးသော တေးများ (၁) ဥသာလှိုင်ထိပ်ထား (၂) မေတ္တာရွှေစောင်း (၃) ကိုးလေးတို့မောင်းမကန်
၂၀း၃၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) သက်နဲ့တူပြိုင် (၂) အချစ်ညမှာလသာပါ (၃) ချစ်အရိပ်

စဥ့်ကိုင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးမင်းနိုင်၊ ဒုတိယဦးစီးမှူး(အခွန်) ဒေါ်ဝင်းသိဂီ၊ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စိုးစိုးယုနှင့်ဝန်ထမ်းများ ဇွန်၁၀ ရက်က ပုံကျဈေးအတွင်း ဈေးသည်များ စနစ်တကျရောင်းချမှု ရှိစေရေး ကြည့်ရှုစစ်ဆေးကြစဉ်။ (မြို့နယ် စည်ပင်)

အမြို့မြို့အနယ်နယ်သတင်းများ

ကနီမြို့ဈေးလမ်း ရေစီးရေလာကောင်းမွန်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ အုတ်ရေနုတ်မြောင်း တူးဖော်မှုကို ဇွန်၂၃ရက်က အမှုဆောင်အရာရှိ ဦးဟန်ထွန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြင့်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

ကန်တော်ကြီးဆည်ရေသောက် အုန်းတောမြောင်း ရေစီးရေလာကောင်းမွန်ရေး စုပေါင်းသန့်ရှင်း

တောင်တွင်းကြီး ဇူလိုင် ၁

မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးစပါးစိုက်ပျိုးရန် တောင်တွင်းကြီး ကန်တော်ကြီးဆည်ရေသောက် အုန်းတောမြောင်း ရေစီးရေလာ ကောင်းမွန်ရေးအတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇွန် ၂၉ရက် နံနက်ပိုင်းက အဆိုပါ အုန်းတောမြောင်းတွင် ကျင်းပသည်။

သန့်ရှင်းရေးဆောင်ရွက်ရာတွင် ဆည်ရေသောက်မြောင်းအတွင်းရှိ အမှိုက်များ၊ သဲနုန်းများ၊ မြေဆွေးများ တူးဖော်ဆယ်ယူခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးညိုဝင်း၊ တရုပ်ကောကျေးရွာ အုပ်စုဥက္ကဋ္ဌ ဦးအောင်မြို့၊ အဖွဲ့ဝင်(၁)ဦးမောင်ကြည်နှင့် အဖွဲ့ဝင်(၂) ဦးသောင်းရီတို့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် တောင်သူလယ်သမားများ စုပေါင်းဆောင်ရွက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

မြောင်းအလှပြုပြင်

ကန်ကြီးထောင့်မြို့နယ် ဒါးကအဝင်လမ်း မြို့ဝင်ဆိုင်းဘုတ်အနီးတွင် ဇွန်၁၀ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းဆောင်ရွက်သော မြေခင်းအလှပြုပြင်ခြင်းလုပ်ငန်းကို မြို့နယ် ဥက္ကဋ္ဌ ဦးဝင်းရွှေနှင့် အမှုဆောင်အရာရှိ ဦးလှသိန်းတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၁၀၈)

တောင်ကြီး-နေပြည်တော်ခရီး မော်တော်ယာဉ်လိုင်းပေါင်းစုံ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ ဖွင့်ပွဲကျင်းပ

တောင်ကြီး ဇူလိုင် ၂

တောင်ကြီး-နေပြည်တော်ခရီးစဉ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ခရီးသည်ပို့ဆောင်ရေး ယာဉ်လိုင်းများဖွင့်ပွဲကို ဇွန် ၂၈ရက်က တောင်ကြီးမြို့နယ် အေးသာယာမြို့ ပြည်ထောင်စုလမ်းဘေး အဆောက်အအုံတွင် ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့် တပ်မတော် အရာရှိများ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးရဲထွန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ယာဉ်လိုင်းတာဝန်ခံများနှင့် ခရီးသွားပြည်သူများ တက်ရောက်ကြသည်။

အထိမ်းအမှတ်အလံပေးအပ်

ရှေးဦးစွာ ပြည်နယ်ပို့ဆောင်ရေးညှိနှိုင်းမှုကော်မတီ ဥက္ကဋ္ဌပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးညွန့်ဝင်းက ယာဉ်လိုင်းပြေးဆွဲခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြီး၊ ပြည်နယ်ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှူး ဦးဝင်းဆောင်က တိုင်းမှူးနှင့်တာဝန်ရှိသူများအား ယာဉ်လိုင်းဖွင့်ပွဲ အထိမ်းအမှတ်အလံများ ပေးအပ်သည်။

ထို့နောက် တောင်ကြီး-နေပြည်တော်ခရီးစဉ် မော်တော်ယာဉ်လိုင်းပေါင်းစုံကို တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေး၊ ပြည်နယ်ရဲတပ်ဖွဲ့မှူးရဲမှူးကြီးညွန့်ဝင်း၊ ပြည်နယ် ပို့ဆောင်ရေးစီမံကိန်း ဦးစီးမှူး ဦးဝင်းဆောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(ဓာတ်ပုံ)** တိုင်းမှူးနှင့်အဖွဲ့သည် နေပြည်တော်သို့ စီးနင်းလိုက်ပါမည့် ခရီးသည်များအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်သည်။

တောင်ကြီး-နေပြည်တော်ခရီးသည် ပို့ဆောင်ရေးယာဉ်လိုင်း ခုနစ်လိုင်းကို ဇွန် ၂၈ရက်မှစ၍ ရွှေနေကြာ၊ ရွှေခြင်္သေ့၊ ပအိုဝ်းရတနာ၊ ကျားခေါင်း၊ အေးမြို့တော်၊ နေပြည်တော်၊ ထူးဆန်းလိုင်းတို့မှ နေ့စဉ်ပုံမှန် ဟိုင်းအေ့စ်၊ ဟိုင်းလက်စ်၊ မှန်လုံလက်၊ ဗင်စုစုပေါင်း ယာဉ် ရှစ်စီးဖြင့်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတွင် မီးဘေးလုံခြုံရေးအတွက် မီးသတ်ရေငုတ်များ စနစ်တကျ သုံးစွဲခြင်းကို ဇွန် ၁၈ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

ယာဉ်မောင်းများ ယာဉ်၊ လမ်းစည်းကမ်းဆိုင်ရာ လုပ်ငန်းခွင်သင်တန်းဖွင့်ပွဲ သုံးခွမြို့၌ကျင်းပ

သုံးခွ ဇူလိုင် ၂

ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့က စီစဉ်ကျင်းပသည့် မော်တော်ယာဉ်မောင်းများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လုပ်ငန်းခွင် သင်တန်းဖွင့်ပွဲကို ဇူလိုင် ၁ရက်ည ၇နာရီက သုံးခွမြို့ရှိ ရှစ်မျက်နှာစေတီတော်ဝင်း ဓမ္မာရုံ၌တတန်ဆောင်း၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် ရန်ကုန်တောင်ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းပေါင်းစုံ ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသောင်းရှိန်က အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်း ကုန်းလမ်းသယ်ယူပို့ဆောင်ရေးညှိနှိုင်းမှုဦးစီးဌာနဦးစီးအရာရှိ ဦးအောင်ကျော်မိုးက မော်တော်ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို အသေးစိတ်ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းသို့ သုံးခွမြို့နယ်မှ ယာဉ်မောင်း ၁၃၇ဦးနှင့်ခရမ်းမြို့နယ်မှ ယာဉ်မောင်း ၁၂၇ဦး စုစုပေါင်းသင်တန်းသားယာဉ်မောင်း ၂၆၄ ဦးတို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



မိုင်းကိုင် မြို့နယ်ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်း

မိုင်းကိုင် ဇွန် ၂၈

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို ဇွန် ၁၈ ရက် နံနက် ၈ နာရီက မိုင်းကိုင်မြို့နယ် ၂၅ ခုတင်ဆံ့ ဆေးရုံဝင်းအတွင်းတွင် ကျင်းပသည်။

အဆိုပါ ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်မှုကို မိုင်းကိုင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့များ စုပေါင်း၍ ဆေးရုံဝင်းအတွင်း သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ရန် တာဝန်ပေးအပ်ပွဲ ရွှေတောင်မြို့၌ ကျင်းပ

ရွှေတောင် ဇွန် ၂၈

ရွှေတောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၆-၂၀၀၇ ခုနှစ် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရွက်ရန် တာဝန်ပေးအပ်ပွဲကို ဇွန် ၂၂ ရက် နံနက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက ၂၀၀၅-၂၀၀၆ ခုနှစ်အတွင်း ချမှတ်ပေးခဲ့သည့် စီမံကိန်းရည်မှန်းချက်များ အကောင်အထည်ဖော်နိုင်မှု၊ ၂၀၀၆-၂၀၀၇ ခုနှစ်အတွက် ဆောင်ရွက်ရမည့်စီမံကိန်းရည်မှန်းချက်များကို ကဏ္ဍအလိုက် ရှင်းလင်းသည်။

ယင်းနောက် မြို့နယ်စီမံကိန်းဦးစီးအရာရှိ ဒေါ်လှလှက ၂၀၀၅-၂၀၀၆ ခုနှစ် စီမံကိန်း ရည်မှန်းချက်များအကောင်အထည်ဖော်နိုင်မှုကို သုံးသပ်တင်ပြပြီး စီမံကိန်း တာဝန်ပေးအပ်ရသည့်ရည်ရွယ်ချက်နှင့် စီမံကိန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဝင်းက ဌာနဆိုင်ရာများကိုယ်စား မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးသိန်းဝင်း **(အောက်ပုံ)**နှင့် ရပ်ကွက်၊ ကျေးရွာအုပ်စု ဇုန်နယ်မြေ လေးခုအတွက် ကိုယ်စားလှယ်လေးဦးအား စီမံကိန်းတာဝန်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

လူမှောင်ခို တားဆီးကာကွယ်ရေး ကျိုင်းတုံ၌ဟောပြော

ကျိုင်းတုံ ဇူလိုင် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ လူမှောင်ခိုတားဆီးကာကွယ်ရေးအကြောင်း ပညာပေးဟောပြောပွဲနှင့် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂၅ ရက်က ကျိုင်းတုံမြို့ သူနာပြုသင်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုင်းတုံခရိုင်အမျိုးသမီးရေးရာအဖွဲ့ နာယကဒေါ်ချိုချိုနှင့်ဥက္ကဋ္ဌ ဒေါ်ခင်လှဝေတို့က အဆိုပြုလွှာများကိုသူနာပြုသင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဝင်းထံ လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)**

ပညာပေးဟောပြော

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာ အဖွဲ့အတွင်းရေးမှူး ဒေါ်အေးအေးခင်က လူမှောင်ခိုတားဆီး ကာကွယ်ရေးအကြောင်း ပညာပေးဟောပြောသည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် သူနာပြုသင်တန်းသူများ တက်ရောက်ကြကြောင်းသိရသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်မဲ ထွေ/အုပ် ဝန်ထမ်းသားသမီးများ ပညာသင်စရိတ်ထောက်ပံ့

ကျောက်မဲ ဇွန် ၂၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၏သားသမီးများ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်စရိတ်ထောက်ပံ့ကြေးငွေပေးအပ်ပွဲအခမ်းအနားကို မေ ၂၆ရက် မွန်းလွဲ ၁နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးမျိုးလွင်က အမှာစကားပြောကြားပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန မိသားစုစည်းကမ်းထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌ ဒေါ်ခင်ချိုဦးက ဝန်ထမ်းများ၏သားသမီးများ မူလတန်းအကြို မူလတန်း၊ အလယ်တန်း၊ အထက် တန်းကျောင်းသူကျောင်းသား ၅၂ ဦးအတွက်ပညာသင် စရိတ်ထောက်ပံ့ကြေးငွေကျပ် ၁၃၀၀၀၀ကို ဝန်ထမ်းမိသားစု များကိုယ်စား ဒုတိယဦးစီးမှူးများဖြစ်ကြသော ဦးခိုင်မြင့်အေး၊ ဦးသူရနှင့် ဦးသန့်ဇင်တို့အား ပေးအပ်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှု အမှတ်-၃၁

မန်နေဂျာ **နှင့်** ၁။ ဦးအေး
မြန်မာ့စီးပွားရေးဘဏ် ၂။ ဦးရဲတင့်
မိတ္ထီလာမြို့။

တရားနိုင် **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ် ၃၉/၂၀၀၁ တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ ခုနှစ် ဩဂုတ်လ ၇ ရက် နေ့ (၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာ(တောင်)ရပ်ကွက်၊ အကွက်အမှတ် (ဃ/ပြည်သာယာတောင်) ဦးပိုင်အမှတ်-၁၇၊ မြေကွက်အမှတ်-၁၇၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၃၄ ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ (၂၇x၃၆) ပေသွပ်မိုး၊အုတ်ကာ၊ မျက်နှာကြက်ကျောက်ပြား၊ အောက်ထပ် ကွန်ကရစ်ခင်း တစ်ထပ်တိုက်။

ကြမ်းခင်းဈေး ကျပ် ၃၅ သိန်းသတ်မှတ်သည်။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မေလေးညို
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)
မိတ္ထီလာခရိုင်တရားမရုံးတော်၌
၂၀၀၆ခုနှစ် တရားမဇာရီမှုအမှတ်- ၁၉

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးအောင်ဝင်းမြင့်
မိတ္ထီလာမြို့ ။ ၂။ ဒေါ်ရီကြိုင်

တရားနိုင် **တရားရှုံး**

မိတ္ထီလာခရိုင်တရားမရုံးတော်၏ ၂၀၀၅ ခုနှစ်၊တရားမကြီးမှုအမှတ်-၆တွင် ချမှတ်ထားသောဒီကရီအရ တရားရှုံးများက တရားနိုင်ဘဏ်သို့သွင်းရန်ငွေကျပ် ၂၀၁၀၇၇၃ ကျပ် ၈၃ ပြား (ကျပ်သိန်းနှစ်ဆယ်တစ်သောင်း ခုနစ်ရာခုနစ်ဆယ့်သုံးကျပ်နှင့် ရှစ်ဆယ့်သုံးပြားတိတိ)ကို ပေးသွင်းနိုင်ရန်အတွက် အောက်ဖော်ပြပါ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀း၀၀နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ပြည်သာယာမြောက်ရပ်ကွက်ရှိ အကွက်အမှတ်(စ/ပြည်သာယာမြောက်)၊ ဦးပိုင်အမှတ်(၉၅)၊ မြေကွက်အမှတ်(၉၅)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၃၄ဧကရှိမြေနှင့် မြေပေါ်ရှိ (၂၇x၃၂)ပေ သွပ်မိုး၊ ကျောက်ပြားမျက်နှာကြက်၊ အောက်ထပ်သံမံတလင်းခင်း တစ်ထပ်အာရ်စီတိုက်။

လေလံကြမ်းခင်းဈေး - ကျပ် ၄၂ သိန်း

လေလံစည်းကမ်းချက်များ

၁။ ပစ္စည်းတွင်ဖော်ပြသောအချက်အလက်များမှာ တရားနိုင်ဘဏ်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်စနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ လေလံအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မျိုးတင့်
ခရိုင်တရားသူကြီး
မိတ္ထီလာမြို့။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၀၆ခုနှစ် တရားမဇာရီမှု အမှတ် ၆/၂၀၀၆

မန်နေဂျာ ၁။ ဦးအောင်စိန်
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၂။ (ဇနီး)ဒေါ်လုံး
မိတ္ထီလာမြို့။ ကျီတော်ကုန်းရပ်၊
မိတ္ထီလာမြို့။

တရားနိုင် **တရားရှုံးများ**

၂၀၀၃ ခုနှစ် တရားမကြီးမှုအမှတ် ၆/၂၀၀၃တွင် ရရှိသော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၇ ရက်နေ့ (၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၁၄ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့ ကျီတော်ကုန်းရပ်ကွက်ရှိ အကွက်အမှတ် (၁၇/ည-ကျီတော်ကုန်း) ဦးပိုင်အမှတ် (၁၁၁) မြေကွက်အမှတ်(၁၁၁) မြေချိန်ဧရိယာ ၀ ဒသမ ၀၇၈ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၂၆ံx၂၈)ပေရှိ နှစ်ထပ်တိုက်၊ (၃၆ံx၁၈)ပေ ဂိုဒေါင်၊ အုတ်ရေကန်၊ ရေစင်။

လေလံတင်ကြမ်းခင်းဈေး ကျပ် ၇၅ သိန်းသတ်မှတ်သည်

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိသမျှဖြစ်ပါသည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်ပါသည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ခုနှစ် ဇွန်လ ၂၉ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မေလေးညို
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်။

အမြန်ပြန်လာပါ

မောင်စိုင်းမြတ်ကိုကို အမေစိတ်ပူနေသည် အမြန်ပြန်လာပါ။ တွေ့ရှိထိန်းသိမ်းထားသူများ အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ပေးပို့ပါ ကျေးဇူးဆပ်ပါမည်။

အမိ-ဒေါ်ကျင်ရွှေ
ပေးကုန်းရွာသစ်ကျေးရွာ
ကွမ်းခြံကုန်းမြို့နယ်
ရန်ကုန်တိုင်း။



စစ်ကိုင်းတိုင်း စည်ပင်သာယာရေး အဖွဲ့ လက်ထောက် ညွှန်ကြားရေးမှူးဒေါ်ပေါက်ငွန်နှင့် အဖွဲ့ ဇွန်၁၁ ရက်ကချောင်းဦး မြို့မဈေးတွင် ယင်လုံ ဆန်ခါတပ်ဆင်ရောင်းချမှု၊ မီးဘေး လုံခြုံရေး ဆောင် ရွက် ထားရှိမှု နှင့်မြို့သာယာလှပရေး လုပ်ငန်းများဆောင် ရွက်ပြီးစီးမှု တို့ကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ကျောင်းကုန်း ဇူလိုင် ၂၆

မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ ခြံစည်းရိုးကြက်ဆူပင်စုပေါင်း စိုက်ပျိုးပွဲကို ဇွန် ၁၈ရက် နံနက် ၉နာရီက ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် သောင်ကြီးကျေးရွာ အဆိုပါ စိုက်ခင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးညာဏ်လှိုင်နှင့် ဝန်ထမ်းများ၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြင့်သိန်းနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ကျေးရွာပြည်သူများ စုပေါင်း၍ ခြံစည်းရိုးကြက်ဆူပင် တစ်ဧကတွင် အပင်ပေါင်း ၁၂၀၀ကို စုပေါင်းစိုက်ပျိုးကြသည်။ **(အပေါ်ပုံ)** **(၂၆၅)**

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ရှိ သမိုင်းဝင်ဆံတော်ရှင်စေတီတော် ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်ရန်အတွက် ဇွန်၁၈ ရက်က အလှူရှင် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် ဗဟိုလမ်း အမှတ်(၁၀၅)နေ ဦးတင်ညွှန့်-ဒေါ်ယဉ်မိသားစုက ငွေကျပ် ၁၂ သိန်းပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ အတွင်းရေးမှူးဦးလှတင်က လက်ခံယူ၍ ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၁၆၈)

မအူပင်မြို့၌ ပညာသင်ထောက်ပံ့ငွေ လှူဒါန်း

မအူပင် ဇွန် ၂၂

မအူပင်မြို့နယ် (အထကကျောင်းခွဲ) ကျောင်းရွာ စံပြကျေးရွာ၏ ၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်ထောက်ပံ့ငွေ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၉ ရက် နံနက်က ကျောင်းရွာကျေးရွာစာသင်ကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းက အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်း

ထို့နောက် အလှူရှင်ဦးကျင်ဝင်း(ငွေပဒေသာသန်းထီဆိုင်-မအူပင်)က ပညာသင်ထောက်ပံ့ငွေပေးအပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြီး အလှူငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းသည်။ **(အပေါ်ပုံ)**

ပေးအပ်

ဆက်လက်၍ အလှူရှင်များစုပေါင်းလှူဒါန်းငွေကျပ် ၂၃၅၀၀၀ ကိုအလှူရှင်များက ကျောင်းအုပ်ဆရာကြီး ဦးသိန်းထွန်းထံ ပေးအပ်လှူဒါန်းကြသည်။

(၄၂၁)

ကြေးပိဋကတ်တော်ပြုလုပ်ရန်အတွက်ငွေလှူဒါန်း

ရန်ကုန် ဇူလိုင် ၄

မြတ်ဗုဒ္ဓ၏ ပိဋကတ် ကျမ်းစာတော်များကို ကြေးပြားတွင် ရေးထွင်း၍ ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ်လှူဒါန်းရန်အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ(သာသနာ့ဓဇ ဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ) မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ်ထံသို့ နှစ်ဖက်သောဖခင် ဦးဆောင်မန်းကူးနှင့် ဦးပြန့်စင်တို့အား အမှူးထား၍ ပန်းဘဲတန်းမြို့နယ်၂၉လမ်း အမှတ် (၁၉၉/ပထပ်)နေ ဦးကျော်ဦး-ဒေါ်ကြူလှိုင်မိသားစု၊ နှစ်ဖက်သောမိခင် ဒေါ်လှနှင့် ဒေါ်ရှုခင်တို့အား ရည်စူး၍ ပန်းဘဲတန်းမြို့နယ် ၂၉လမ်းအမှတ် (၁၉၉/ပထပ်)နေ ဦးကျော်ဦး- ဒေါ်ကြူလှိုင်မိသားစု၊ အနန္တော အနန္တ ငါးပါးအား ဦးထိပ်ထား၍ ရန်ကင်းမြို့နယ် တိုက်(၂၄၁) အခန်း(၉)နေ ဦးသရီးကိုကို-ဒေါက်တာအေးအေးမြင့်နှင့် မောင်နှမတစ်စု၊ မိဘ(ဦးသန်းမောင်-ဒေါ်ခင်မြင့်)၊ ခင်ပွန်း(ဦးတင်ရွှေ)၊ သား(မောင်တင်ဘိုဘိုသက်) တို့အား ရည်စူး၍ ဗိုလ်တထောင်ဘုရားလမ်း အမှတ်(၆၉/ဘီ)နေ ဒေါ်မြင့်ဆွေ၊ မောင်သက်ထူးအောင်-မတင်ယဉ်မင်းဆွေ၊ မရမ်းကုန်းမြို့နယ် (၈)မိုင် မြိုင်ပျော်ဝန်အိမ်ရာ တိုက်(၃)၊ အခန်း(၃၀၁)နေ မောင်ရဲသူဝင်း(ရေကြောင်းတက္ကသိုလ်) စမ်းချောင်းမြို့နယ် အရှေ့ကုန်းလမ်း တိုက်(၇) အခန်း(၆)နေ ဦးစိုးနိုင်-ဒေါ်အေးခိုင်ဇံ၊ သမီး မရိုးနွယ်ဝေမိသားစု၊ အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အဝေယာလမ်း အမှတ်(၅၂၂/စီ)နေ ဦးဗလကျော်ဝင်းတို့က ကြေးပြားတစ်ချပ်စီနှင့် ဦးရွှေဇံ-ဇနီး ဒေါ်လှခင်မိသားစု၊ အမှတ်(၁) ဆည်မြောင်းလမ်း ရှစ်မိုင်ခွဲ မရမ်းကုန်းမြို့နယ်မှ ကြေးပြား ခြောက်ချပ်တို့ကို လှူဒါန်းခဲ့ကြသည်။

ဆက်သွယ်လှူဒါန်းနိုင်

အလှူရှင်များသည် ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော်ပြုလုပ် လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း ကျောင်းတော်ရာရွှေကျင်တိုက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ဗဟန်းမြို့နယ် ဖုန်း-၅၄၈၈၀၅သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အနောက်အင်အားကြီးနိုင်ငံတစ်ခုက ၎င်းတို့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရကိုတင်ရန် နိုင်ငံတကာမျက်နှာစာ၌ မဟုတ်မမှန်လုပ်ကြံချက်များဖြင့် ဖိအားပေးလွှမ်းမိုးစွာပုံဖော် ဆန့်ကျင်ဘက်အဖွဲ့အစည်းများက မိမိတို့နိုင်ငံ၏ ပကတိအခြေအနေကို မျက်မှန်စိမ်းတပ်ကြည့်ရှု

ရန်ကုန် ဇူလိုင် ၄

ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ကကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယမန်နေ့ ညနေ ၄နာရီတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

ဖွဲ့စည်းထူထောင်

ရှေးဦးစွာ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်မျိုးသူ**(ယာပုံ)**က အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနား၌ မိမိအနေဖြင့် ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို အနည်းငယ်ရှင်းပြလိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာအမျိုးသမီးများကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသမီးများအားကာကွယ်စောင့်ရှောက်ရေး၊ ယဉ်ကျေးသိမ်မွေ့ရေး၊မျိုးချစ်စိတ်ဓာတ်မြင့်မားရေး၊ အကျင့်စာရိတ္တကောင်းမွန်ရေးအတွက် မြန်မာ အမျိုးသမီးများအားလုံးကို ကိုယ်စားပြုသည့် အမျိုးသားရေးအင်အားစု NGO အဖွဲ့ကြီးအဖြစ် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ၂၀၀၃ခုနှစ် ဒီဇင်ဘာ၂၀ရက်တွင် နိုင်ငံတော်အစိုးရက စတင်ဖွဲ့စည်းထူထောင်ပေးခဲ့ကြောင်း။

စာမျက်နှာ ၅ ကော်လံ ၁ ●

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရွာရန် ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတော်ကြီးကို အဘက်ဘက်ကဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်နေချိန် အမျိုးချစ်စိတ်ကင်းမဲ့သူများ၊ အာဏာကိုဖြတ်လမ်းကရယူလိုသူများ ပြည်ပကိုအားကိုးသူများက မီဒီယာနည်းမျိုးစုံဖြင့်ဟန့်တားနှောင့်ယှက်နေ

ရန်ကုန် ဇူလိုင် ၄

မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ခုနှစ် ဇူလိုင်၃ရက် မြန်မာအမျိုးသမီးများနေ့အခမ်းအနားကို ယမန်နေ့နံနက်၈နာရီတွင် မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် ဖွင့်လှစ်သည်။ ထို့နောက် မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကြေးမုံဦးက အမှာစကားပြောကြားရာတွင် မိမိတို့မန္တလေးတိုင်းတွင် လူဦးရေ ၇၃သမ၅သန်းရှိသည့်အနက် အမျိုးသမီးဦးရေက ၃၃သမ၈၂သန်းရှိကြောင်း၊ မန္တလေးတိုင်း အမျိုးသမီးရေးရာအဖွဲ့အနေဖြင့် အဖွဲ့ဝင်အင်အားမှာ သက်ကြီး ၃၅၃၈၀၀၊ သက်ငယ် ၉၆၂၀၀၊ စုစုပေါင်း ၄၅၀၀၀၀ ရှိပြီး ၂၀၀၅-၂၀၀၆ ကာလအတွင်းတွင် ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်များဖြစ်သည့် မြို့ပြနှင့် ကျေးလက်ကွာဟမှုမရှိစေရေးအတွက် လမ်း၊ တံတားများ ဖောက်လုပ်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးခြင်း၊ ကျောင်းနေအရွယ်ကလေးများ ကျောင်းရောက်ရှိရေးနှင့် ချို့တဲ့ကလေးများအား ပညာသင်စရိတ်၊ စာရေးကိရိယာနှင့် ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခြင်း၊ နေ့ဘက်တွင် မိသားစုစားဝတ်နေရေးအတွက် စီးပွားရှာရ၍ ကျောင်းမနေနိုင်သည့် အမျိုးသမီးငယ်များအား မြို့နယ် ၃၁ မြို့နယ်တွင် စေတနာညကျောင်း၃၃ကျောင်း ဖွင့်လှစ်ပညာသင်ကြားပေးခြင်း၊ သင်ကြားပို့ချပေးသည့် ဆရာမများနှင့် ကျောင်းသူများအတွက် တစ်နှစ်လျှင် တစ်ကျောင်းကို တစ်သိန်းနှုန်း နှစ်စဉ်ထောက်ပံ့ပေးခြင်း၊ ချို့တဲ့၍ တက္ကသိုလ်ပညာဆက်လက်သင်ကြားရန်ခက်ခဲသည့်

စာမျက်နှာ ၇ ကော်လံ ၁ ■

SWAN အသင်းသည် ရှမ်းပြည်နယ်အမျိုးသမီးထုကို ကိုယ်စားမပြု ပြည်ပနိုင်ငံများ၏ကြိုးဆွဲရာအတိုင်း ထူထောင်ထား မတရားအသင်းအဖြစ်ကြေညာအရေးယူပေးပါရန်တင်ပြ

ရန်ကုန် ဇူလိုင် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများ နေ့ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌကိုယ်စား ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင် ဒေါ်မြမြဝင်းက အမှာစကားပြောကြားရာတွင် မိမိတို့ရှမ်းပြည်နယ်(မြောက်ပိုင်း) အမျိုးသမီးရေးရာအဖွဲ့က အမျိုးသားရေးအကျိုးစီးပွားကိုရှေးရှုပြီး သိသင့်သိထိုက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆောင်ရွက်ချက်များကို ကောက်နုတ်တင်ပြလိုကြောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် မြန်မာအမျိုးသမီးထုတစ်ရပ်လုံးကို ကိုယ်စားပြုပြီး စနစ်တကျဖွဲ့စည်းဆောင်ရွက်ပေးနေခြင်းကြောင့် စတင်ဖွဲ့စည်းချိန်မှ ယနေ့အထိ အဖွဲ့ဝင်ဦးရေ ၂၁သမ၅သန်းကျော်လာခဲ့သည့်အပြင် အဖွဲ့ဝင်သစ်များလည်း တိုးပွားနေကြောင်း၊

စာမျက်နှာ ၈ ကော်လံ ၁ ❍